# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ သီတင်းကျွတ်လဆန်း (၁၁)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (25-10-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၇၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် အောက်တိုဘာ ၂၄**

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) **(MICC-II)**၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

**စာမျက်နှာ ၁၆ ကော်လံ ၁သို့**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ နာယက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်တို့က (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**




ရတနာပုံ
၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၅ ရက်
အယ်ဒီတာ့အာဘော်

# တိကျမှန်ကန်သောသတင်းများ ထုတ်လွှင့်ဖော်ပြပေးရေး

သတင်းသည် လူတိုင်းအတွက် အရေးကြီးသည်။ သို့သော် သတင်းသမား၊ သတင်းဌာနများ အနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများ၏မျှော်မှန်းချက်ကိုသွေဖည်စေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ကြံစည်ဆောင်ရွက်မှု၊ လှုံ့ဆော်မှု၊ ပုတ်ခတ်မှုများကို ဆောင်ရွက်ခြင်း၊ သတင်းတု၊ သတင်းမှား၊ လိမ်လည်လှည့်ဖြားသတင်းများ ဖော်ပြခြင်းမျိုးမပြုဘဲ တိကျမှန်ကန်သောသတင်းများကို ထုတ်လွှင့်ဖော်ပြရန်လိုပေသည်။

ထိုကဲ့သို့ဆောင်ရွက်မှုများသည် သတင်းမီဒီယာကဏ္ဍ၏ မှန်ကန်သောရပ်တည်မှုကို ထိခိုက်လာနိုင်သောကြောင့် အဆိုပါလုပ်ရပ်များကို တားမြစ်ပါကြောင်းနှင့် ထိုကဲ့သို့သောဆောင်ရွက်မှုကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာမည့်ကိစ္စရပ်များကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ကူညီဖြေရှင်းပေးမည်မဟုတ်ပါကြောင်း မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အသိပေးကြေညာချက် (၅/ ၂၀၂၃) ကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် အသိပေးကြေညာထားသည်ကို တွေ့ရသည်။

သတင်းအချက်အလက် နည်းပညာတိုးတက်နေသည့် ယနေ့အချိန်အခါတွင် သတင်းမီဒီယာများ၏ သက်ရောက်မှုသည် အလွန်ထိရောက်မှုရှိသည့်အတွက် နိုင်ငံကြီးအချို့၏ မဟာဗျူဟာများတွင် နိုင်ငံငယ်များ၏ မီဒီယာများကို နည်းလမ်းမျိုးစုံဖြင့် ချုပ်ကိုင်လွှမ်းမိုးနိုင်မည့် အစီအမံများ ပါဝင်နေသောကြောင့် ဉာဏ်အမြော်အမြင်များ၊ အသိတရားများဖြင့် လုပ်ဆောင်ရမည့်အချိန်အခါလည်း ဖြစ်သည်။ ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ရပ်တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုနိုင်မှု၊ ကောင်းမွန်သည့်အုပ်ချုပ်မှုစနစ်နှင့် ဖွံ့ဖြိုးတိုးတက်မှုတို့သည် မရှိမဖြစ်ရှိနေရမည်ဖြစ်သည်။ ထိုသို့ရှိရန်အတွက် သတင်းမီဒီယာများ၏အခန်းကဏ္ဍသည် လွန်စွာအရေးကြီးလှပေသည်။

သို့သော် တစ်ခါတစ်ရံတွင် နိုင်ငံရေး၊ စီးပွားရေးအင်အားကြီးသည့် အုပ်စုများက မီဒီယာများကို လွှမ်းမိုးခြယ်လှယ်ကြသည့်အခါ ပြည်သူလူထု၏ သဘောထားခံစားချက်များ၊ နစ်နာချက်များသည် ဖော်ထုတ်နိုင်မှုလုံးဝမရှိတော့ဘဲ လျစ်လျူရှုခံရသည့်အခြေအနေကို ရောက်ခဲ့ကြရသည်။ အဆိုးဆုံးမှာ ပဋိပက္ခများ၊ သဘောထားကွဲပြားမှုများကို ပြေလျော့သွားအောင်လုပ်ရမည့်အစား မီးလောင်ရာလေပင့်သကဲ့သို့ ပိုမိုအားကောင်းလာအောင် လုပ်နေကြသည်။ ယနေ့အချိန်အခါသည် လူ့အဖွဲ့အစည်းအားလုံးကို မီဒီယာနည်းမျိုးစုံဖြင့် လွှမ်းထားချိန်ဖြစ်သည့်အတွက် ပြည်တွင်း၊ ပြည်ပ မီဒီယာများ၊ သတင်းဌာနများအနေဖြင့် တိကျမှန်ကန်သည့် သတင်းမှန်များကို ထုတ်လွှင့်ဖော်ပြပေးရန် လိုပေသည်။

နိုင်ငံတစ်နိုင်ငံအတွက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် တည်ဆောက်ထားပြီး ထိုမဏ္ဍိုင်ကြီးသုံးရပ်သည် အပြန်အလှန်ထိန်းကျောင်းမှုကျင့်စဉ်နှင့် ရပ်တည်ခြင်းမှာလည်း ဒီမိုကရေစီကျင့်စဉ်၏အနှစ်သာရတစ်ရပ်ပင်ဖြစ်သည်။ အဆိုပါမဏ္ဍိုင်ကြီးသုံးရပ်ကို စောင့်ကြည့်ထောက်ပြမှုပြုလုပ်နိုင်သည့် အခြားမဏ္ဍိုင်ကြီးတစ်ရပ်မှာ မီဒီယာဆိုသည့် စတုတ္ထမဏ္ဍိုင်ပင်ဖြစ်သည်။

ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် သတင်းမီဒီယာခေတ်တွင် သတင်းရရှိပေးပို့မှုများ လျင်မြန်လာသကဲ့သို့ သတင်းဖော်ပြမှုနှင့် အထောက်အကူပစ္စည်းများ တိုးတက်ပြောင်းလဲနေပေသည်။ မီဒီယာခေတ်တွင် မှန်ကန်တိကျသည့် သတင်းဖော်ပြမှုများ အရေးပါပြီး ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် သတင်းမီဒီယာသည်လည်း လေ့လာသင်ယူစရာများစွာ ရှိနေပေသည်။

သို့ဖြစ်ရာ သတင်းသမားများ၊ ပြည်တွင်း၊ ပြည်ပသတင်းဌာနများအနေဖြင့် သတင်းတု၊ သတင်းမှားများ၊ လိမ်လည်လှည့်ဖြားသတင်းများကိုရှောင်ရှားကာ တိကျမှန်ကန်သည့် သတင်းများကို အလေးထားထုတ်လွှင့်ဖော်ပြကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# သီတင်းကျွတ်လပြည့်နေ့တွင် မန္တလေးတောင်တော်၌ ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်သွားမည်



**မန္တလေး အောက်တိုဘာ ၂၄**

သီတင်းကျွတ်လပြည့်နေ့တွင် မန္တလေးတောင်တော်၌ ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်သွားမည်ဖြစ်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းထွန်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင် ခရီးသွားပြည်သူများ စိတ်ဝင်တစားသွားရောက်လည်ပတ်သည့်နေရာများထဲတွင် မန္တလေးတောင်တော်လည်း ပါဝင်ကြောင်း၊ မန္တလေးတောင်တော်၌ သီတင်းကျွတ်လပြည့်နေ့ဖြစ်သည့် အောက်တိုဘာ ၂၉ ရက်တွင် တောင်တော်တစ်ခုလုံးကို ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ဘုရားဖူးမြော်ခွင့်ကိုလည်း ည ၈ နာရီထိ တိုးမြှင့်သတ်မှတ်ပေးထားကြောင်း သိရသည်။

"မန္တလေး တောင်တော်မှာ ခါတိုင်းရက်တွေဆို ပြည်တွင်း၊ ပြည်ပဘုရားဖူးတွေကို ဘုရားဖူးမြော်ခွင့်အနေနဲ့ မနက် ၆ နာရီကနေ ည ၆ နာရီထိ ဘုရားဖူးမြော်ခွင့်ပြုပေးထားပါတယ်။ အခုလာမဲ့ သီတင်းကျွတ်လပြည့်နေ့မှာတော့ ဘုရားဖူးမြော်ခွင့်ကို မနက် ၆ နာရီကနေ ည ၈ နာရီထိ တိုးမြှင့်သတ်မှတ်ပေးထားပါတယ်"ဟု မန္တလေးတောင်တော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းထွန်းက ပြောပြသည်။

သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားဖူးများကို စတုဒိသာကျွေးမွေးကုသိုလ်ယူချင်သည့် အလှူရှင်များကိုလည်း ကျွေးမွေးလှူဒါန်းမှုများ ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ မန္တလေးတောင်တော်တစ်ခုလုံးတွင်လည်း ဆီမီးပူဇော်လိုသည့် ဘုရားဖူးများအနေဖြင့် မန္တလေးတောင်တော်ဂေါပကအဖွဲ့ထံ လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

သီတင်းကျွတ်ကာလတွင် မန္တလေးတောင်တော်၌ ဘုရားဖူးများ အန္တရာယ်ကင်းရှင်းစွာဖူးမြော်နိုင်ရေးအတွက် လုံခြုံရေးအစီအမံများကို ကြိုတင်စီစဉ်ဆောင်ရွက်ထားကြောင်း၊ မန္တလေးတောင်တော်သို့ ယခုလက်ရှိ ပြည်တွင်းခရီးသွား တစ်ရက်လျှင် ဦးရေ ၁၀၀၀ ကျော် လာရောက်ဖူးမြော်လျက်ရှိကြောင်း သိရသည်။

(၁၈၄)

# မန္တလေးတိုင်းဒေသကြီးအတွင်း မွေးမြူရေးတိရစ္ဆာန်များကို ကာကွယ်ဆေးထိုးနှံမှု အကောင်ရေ ၂၅၀၀၀၀ ကျော် ထိုးနှံပေးပြီးဖြစ်

**မန္တလေး အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၏ မွေးမြူရေးတိရစ္ဆာန်များကို ရောဂါကုသရေးလုပ်ငန်း ဆောင်ရွက်ပေးရာတွင် အကောင်ရေ ၂၅၀၀၀၀ ကျော်ကို ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာခင်ဇော်က ပြောပြ၍ သိရသည်။

အဆိုပါ ရောဂါကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် အသားထုတ်လုပ်မှုကဏ္ဍမြင့်တက်လာစေရန် မွေးမြူထားသည့် တိရစ္ဆာန်များကို ရောဂါထိန်းချုပ်ပေးရန်မှာ အရေးကြီးကြောင်း၊ ထို့ကြောင့် ယခုဘဏ္ဍာနှစ်တွင် ကာကွယ်ဆေးများ ထိုးနှံပေးရန်အတွက် တိရစ္ဆာန်အကောင်ရေ ၄၈၀၀၀၀ ကျော်ကို လျာထားပြီး ပြီးလမှစ၍ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ရာ ယနေ့ထိ တိရစ္ဆာန်အကောင်ရေ ၂၅၀၀၀၀ ကျော်ကို အိမ်တိုင်ရာရောက် ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

"မွေးမြူရေးတိရစ္ဆာန်တွေကို ရောဂါကုသရေး လုပ်ဆောင်ပေးတယ်။ ဒီဘဏ္ဍာနှစ်မှာ ကာကွယ်ဆေးအမျိုးအစားအလိုက် လျာထားချက်ရဲ့ ၆၂ ရာခိုင်နှုန်းလောက်ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ကူးစက်ရောဂါတွေမဖြစ်စေဖို့ ကြိုတင်ကာကွယ်တာ အရေးကြီးတယ်။ နည်းပညာပေးသင်တန်းတွေ၊ ဟောပြောပွဲတွေကို ပြုလုပ်ပေးပါတယ်။ ရောဂါဖြစ်ပွားမှု မဖြစ်ရလေအောင် ရာသီအလိုက် တိရစ္ဆာန်ကာကွယ်ဆေးတွေကို အတတ်နိုင်ဆုံး ထိုးနှံပေးနေပါတယ်။ တိရစ္ဆာန်တွေအတွက် ကာကွယ်ဆေးကို အခမဲ့ထိုးပေးတာပါ။ ခြောက်လတစ်ကြိမ် ထိုးပေးတာပါ။ မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ၁၁ ခရိုင်မှာ ထိုးပေးနေတာ ဖြစ်ပါတယ်"ဟု တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာခင်ဇော်က ပြောပြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ၁၁ ခရိုင်ရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၏ တိရစ္ဆာန်များအလိုက် ကာကွယ်ဆေးထိုးနှံပေးရာတွင် ကျွဲ၊ နွား ခွာနာလျှာနာကာကွယ်ဆေး၊ လည်ချောင်းကွဲရောဂါကာကွယ်ဆေး၊ ဒေါင့်သန်းရောဂါကာကွယ်ဆေး၊ ပေါင်ပုပ်လက်ပုပ်ရောဂါကာကွယ်ဆေး၊ ဝက်ဝမ်းကျရောဂါကာကွယ်ဆေး၊ ကြက်လည်လိမ်မျက်စဉ်းရောဂါကာကွယ်ဆေးတို့ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

(၁၈၅)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသမှ ဝင်ရောက်လာသည့် ပန်းမုန်လာများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသမှ ဝင်ရောက်လာသည့် ပန်းမုန်လာများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံ ပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

ယခုအခါ မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ တောင်ပေါ်ဒေသမှထွက်ရှိသည့် ပန်းမုန်လာများ နေ့စဉ် ခြောက်ဘီးကား လေးစီးမှ ငါးစီးထိ ပုံမှန်ဝင်ရောက်နေကြောင်း၊ ယခုလက်ရှိ ပန်းမုန်လာဈေးနှုန်းများမှာ တစ်ပွင့်လျှင် ငွေကျပ် ၂၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ပန်းမုန်လာက တောင်ပေါ်ဒေသတွေကပဲ ထွက်ရှိတယ်။ ဈေးကောင်းရပြီးတော့ အရောင်းအဝယ်လဲကောင်းနေပါတယ်။ တောင်ပေါ်ဒေသကထွက်ရှိလာတဲ့ ပန်းမုန်လာတွေ မန္တလေးဈေးကွက်အတွင်းကို နေ့စဉ် လှိုင်လှိုင်ဝင်ရောက်လာပါတယ်။ ကျန်ဒေသကထွက်တဲ့ ပန်းမုန်လာတွေက နည်းသွားပါပြီ။ အခြားကုန်စိမ်းသီးနှံတွေဖြစ်တဲ့ ခရမ်းချဉ်၊ ဂေါ်ဖီ၊ အာလူး၊ မုန်ညင်း၊ ဗိုလ်စားပဲ၊ ပဲတောင့်ရှည်၊ ကြက်ဟင်းခါး၊ မုန်ညင်းဖြူ စတဲ့သီးနှံတွေလဲ အရောင်းအဝယ်ကောင်းနေပါတယ်"ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

လက်ရှိတွင် မန္တလေးသီရိမာလာကုန်စိမ်းဈေးကို နံနက် ၄ နာရီမှ ည ၈ နာရီထိဖွင့်လှစ်ရောင်းချပေးနေကြောင်း သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# လားရှိုးမြို့နယ် နမ့်တွန်း-ဘုံမွန်-နမ့်ဟူး ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**လားရှိုး အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လားရှိုးခရိုင် လားရှိုးမြို့နယ် နမ့်တွန်း-ဘုံမွန်-နမ့်ဟူး ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဇော မြင့်ထွန်းနှင့် ခရိုင်၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းများက သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ နမ့်တွန်း-ဘုံမွန်-နမ့်ဟူးကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

နမ့်တွန်း-ဘုံမွန်-နမ့်ဟူး ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ဖြုန်းကျောက်ခင်းခြင်း လုပ်ငန်းနှင့် ကုန်ထုတ်တံတား အရှည် ငါးပေ၊ အကျယ် ၂၂ ပေ အမြင့် ငါးပေရှိ Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၅၅ သန်းဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီက ဇူလိုင်လ တတိယပတ်မှ စတင် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၇၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါနမ့်တွန်း-ဘုံမွန်-နမ့်ဟူး ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးပါက ကျေးရွာ သုံးရွာရှိ တောင်သူများ၏ စိုက်ပျိုးမြေဧက ၁၀၀ ကျော်အကျိုးပြုနိုင်မည်ဖြစ်ပြီး အဆိုပါဧကများမှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူသယ်ယူ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**နီလာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ လမ်း ၃၀၊ ၈၈ လမ်း-၈၉ လမ်းကြားနေ ကျန်ရစ်သူမိသားစုက ဒေါ်ကြင်ရွှေအား ရည်စူး၍ ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဓိမ်ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိုဇ်ဦးမြဝင်း၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်နှင့် နာယကအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၅၆၅၄၅ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စွန်တာပြာစိုက်ခင်းကို တွေ့ရစဉ်။

**ဒီပဲယင်း အောက်တိုဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၅၆၅၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၅၆၁၃၁ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၆၅၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ ပဲမျိုးစုံ ၅၆၁၃၁ ဧက စိုက်ပျိုးဖို့လျာထားတာ ဒီနေ့ထိ ၅၆၅၄၅ ဧက စိုက်ပျိုးပြီးစီးပါပြီ။ ပဲမျိုးစုံစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေဖို့ အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်ပေးပါတယ်။ ဒီနှစ် ပဲမျိုးစုံစိုက်ပျိုးမှုက တော့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

သီးနှံအလိုက် ပဲမျိုးစုံစိုက်ပျိုးနိုင်မှုအနေဖြင့် မတ်ပဲ ၁၁၀၃ ဧက၊ ပဲတီစိမ်း ၃၁၈၂၆ ဧက၊ စွန်တာပြာ ဧက ၄၅၈၀၊ ပဲစင်းငုံ ၁၉၀၃၆ ဧက စုစုပေါင်း ၅၆၅၄၅ ဧကဖြစ်ကြောင်း၊ သီးနှံအလိုက်လျာထားမှုအနေဖြင့် မတ်ပဲ ၁၀၇၃ ဧက၊ ပဲတီစိမ်း ဧက ၂၉၈၂၀၊ စွန်တာပြာ ၄၇၁၄ ဧက၊ ပဲစင်းငုံ ၂၀၁၃၆ ဧက၊ ပဲကြီး ၃၈၈ ဧက စုစုပေါင်း ၅၆၁၃၁ ဧကဖြစ်ကြောင်း သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ပဲမျိုးစုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားရောဂါကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

# မုဒုံမြို့နယ် ကလော့သော့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မုဒုံ အောက်တိုဘာ ၂၄**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကလော့သော့ကျေးရွာအုပ်စု ကလော့သော့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ ရွာလယ်ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန္ဒာဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၇ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၄ ဒသမ ၂ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၁၇ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၂၉ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန္တာ**

# အမ်းမြို့နယ် ငလက်ကျကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**အမ်း အောက်တိုဘာ ၂၄**

ရခိုင်ပြည်နယ် အမ်းခရိုင် အမ်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာတွင်းလမ်းများ ရေရှည်ပိုမိုကောင်းမွန်ခိုင်ခံ့စေရန်အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် လုံးကောက်ကျေးရွာအုပ်စု ငလက်ကျကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို အောက်တိုဘာ ၂၃ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် အမ်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်စိုး၊ အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းနှင့် ခရိုင်၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ငလက်ကျကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းအတိုင်း သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်းမှာကြားသည်။

အမ်းမြို့နယ် ငလက်ကျကျေးရွာ၌ အရှည် ပေ ၆၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် Mobile Solar ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၉ သိန်း ကျော်အသုံးပြုကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၏ စီမံခန့်ခွဲမှု၊ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများက စက်တင်ဘာလ ပထမပတ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း အမ်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းက ပြောပြ၍ သိရသည်။

**ကိုသန်း**



# သရေခေတ္တရာမှ ကချေသည်ရုပ်များ

မောင်သာ(ရှေးဟောင်းသုတေသန)

ပျူမြို့ဟောင်း သရေခေတ္တရာတူးဖော်မှုများတွင် ကျောက်ဆစ်ရုပ်တုပုံစံမျိုးစုံကို တွေ့ရှိခဲ့သည်။ ၎င်းတို့ကို ဗုဒ္ဓဘာသာဆိုင်ရာရုပ်တုများ၊ ဟိန္ဒူဘာသာဆိုင်ရာရုပ်တုများ၊ ပရိဘောဂအသုံးအဆောင်ရုပ်တုများနှင့် စိတ်ကူးယဉ်ရုပ်တုများဟု ပိုင်းခြားလေ့လာနိုင်သည်။

ပျူများသည် ရုပ်တုများကို ကျောက်ချပ်ပေါ်တွင် ဖောင်းကြွပုံဖော်ခြင်းဖြင့်လည်းကောင်း၊ ရုပ်လုံးများအဖြစ်လည်းကောင်း ထုလုပ်ခဲ့ကြသည်။ ၎င်းရုပ်တုများအနက် ဘုရားမာစေတီအနီးမှ တူးဖော်တွေ့ရှိ ခဲ့သည့် ကြေးသွန်းကချေသည်ရုပ်တု ငါးရုပ်လည်း ပါဝင်ခဲ့သည်။ ၎င်းကချေသည်ရုပ်များကို ၁၉၆၇ ခုနှစ်တွင် တူးဖော်တွေ့ရှိခဲ့သဖြင့် နှစ်ပေါင်း ၅၆ နှစ်ရှိခဲ့ပြီဖြစ်သည်။

**ပျူယဉ်ကျေးမှု**

မြန်မာနိုင်ငံအတွင်း၌ နှစ်ကာလရှည်ကြာစွာ နေထိုင်ခဲ့သော်လည်း ယခုအချိန်တွင် ပျောက်ကွယ်သွားခဲ့ပြီဖြစ်သည့် ပျူလူမျိုးများ၏ ယဉ်ကျေးမှုအထောက်အထားများကို သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်း၊ ပင်လယ် အစရှိသည့် ပျူမြို့ဟောင်းများ၌ တူးဖော်တွေ့ရှိခဲ့သည်။ ပျူလူမျိုးများနှင့်ပတ်သက်၍ သမိုင်းသုတေသီများကြား၌ ပျူနှင့် မြန်မာသည် အတူတူဟု ယူဆမှုများနှင့် ပျူကသီးခြား၊ မြန်မာကသီးခြားဟု ယူဆမှုများရှိနေကြပြီး တိကျခိုင်မာသော အဖြေထွက်ရှိရန် သုတေသနပြုနေကြဆဲဖြစ်သည်။

ပျူယဉ်ကျေးမှုထွန်းကားခဲ့သည့် ပျူမြို့ပြအနက် ယူနက်စ်ကိုအဖွဲ့၏ ကမ္ဘာ့အမွေအနှစ်အဖြစ်သတ်မှတ်ခြင်းခံထားရသည့် ပျူမြို့ဟောင်းသုံးမြို့ရှိသည်။ သရေခေတ္တရာသည် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်တွင်လည်းကောင်း၊ ဗိဿနိုးသည် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင်လည်းကောင်း၊ ဟန်လင်းသည် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်တွင်လည်းကောင်း တည်ရှိသည်။ ၎င်းပျူယဉ်ကျေးမှုဒေသများတွင် ပျူခေတ်အဆောက်အအုံများကို တွေ့မြင်နိုင်ကြသည့်အပြင် ကျောက်အရိုးအိုးများအပါအဝင် ပျူခေတ်သုံးအိုးများ၊ ပုတီးစေ့များ၊ ဒင်္ဂါးများ၊ ကျောက်စာများ၊ လက်ကောက်၊ လက်စွပ်၊ နားတောင်းစသည့် ယဉ်ကျေးမှုအထောက်အထား ရုပ်ပစ္စည်းများကို တူးဖော်ရရှိခဲ့သည်။

တရုတ်မှတ်တမ်းများတွင် ပျူလူမျိုးများကို ဖျောက် (P"iao)ဟု အသံဖလှယ်ရေးသားပြီး ဦးရည်စိန်၏ တရုတ်နိုင်ငံရောက် ပျူသံအဖွဲ့စာတမ်းအရ ခရစ်နှစ် ၈၀၂ ခုနှစ်တွင် သရေခေတ္တရာမှ ပျူအကြီးအကဲတစ်ဦးခေါင်းဆောင်သော သံအဖွဲ့သည် တရုတ်နိုင်ငံ ထန်မင်းဆက်(Tang)၊ ချန်အန်း(CHANG-AN)မြို့သို့ နန်စောမင်း ယိမိုမွန်၏စီစဉ်မှုဖြင့် ရောက်ရှိခဲ့ရာ ၎င်းအဖွဲ့တွင် ဂီတအနုပညာရှင် ၃၅ ဦး လိုက်ပါသွားခဲ့သည်။ တရုတ်နိုင်ငံ စိချွမ်းဘုရင်ခံ ဝေကောင်းက ပျူသံအဖွဲ့ယူဆောင်လာသည့် ပျူတူရိယာ ၂၂ မျိုးကို ပုံများရေးဆွဲမှတ်သားခဲ့ပြီး ၎င်းတို့တင်ဆက်ခဲ့သည့် ဗုဒ္ဓ၏တံဆိပ်တော်သီချင်းအပါအဝင် တေးသီချင်း ၁၂ ပုဒ်ကိုလည်း မှတ်တမ်းတင်ခဲ့သည်။ တူရိယာပစ္စည်းများကို သတ္တု၊ ခရုသင်း၊ ကြိုး၊ ဝါး၊ ဘူး၊ သားရေ၊ ဆင်စွယ်၊ ဦးချိုဟူသည့် ပစ္စည်းရှစ်မျိုးဖြင့် ပြုလုပ်ထားပြီး လာရောက်ဖျော်ဖြေကြသော ပျူအနုပညာရှင်များ၏ ဝတ်စားဆင်ယင်ပုံများကို ထန်မင်းဆက်သမိုင်းသစ်တွင် မှတ်တမ်းတင်ထားကြောင်း ဦးရည်စိန်က ဖော်ပြခဲ့သည်။ ခရစ်နှစ် ၈၀၇ ခုနှစ်တွင် ပျူသံအဖွဲ့တစ်ဖွဲ့သည် ချန်အန်းမြို့သို့ ထပ်မံရောက်ရှိခဲ့သော်လည်း ထန်မင်းဆက်သမိုင်းများတွင် ဖော်ပြခဲ့ခြင်းမရှိဟု ဆိုသည်။

ပျူများသည် ရွှေကို အထူးနှစ်သက်ကြပြီး ပန်းထိမ်ပညာကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ခဲ့ကြကြောင်း ပျူဒေသများမှ တူးဖော်ရရှိခဲ့သည့် ရွှေလက်ဝတ်တန်ဆာများက သက်သေပြနေပေသည်။

ယဉ်ကျေးမှုအဆင့်မြင့်မားခဲ့သည့် ပျူတို့သည် လက်ရာမြောက်လှသည့် ကြေးသွန်းရုပ်များကိုလည်းပြုလုပ်နိုင်ခဲ့ဖွယ်ရှိကြောင်း သရေခေတ္တရာမှတူးဖော်တွေ့ရှိခဲ့သည့်ကချေသည်ရုပ်များကိုကြည့်၍ သုံးသပ်နိုင်ခဲ့သည်။

**ဘုရားမာစေတီ**

သရေခေတ္တရာမြို့ဟောင်း၌ ယနေ့တိုင်တည်ရှိနေသည့် ကြီးမားသောစေတီလုံးသုံးခုဖြစ်သည့် ဘုရားကြီး၊ ဘုရားထောင်နှင့် ဘုရားမာတို့အနက် ဘုရားမာစေတီသည် သရေခေတ္တရာမြို့ဟောင်း၏ အရှေ့မြောက်ဘက်၊ ပြည်-ပေါက်ခေါင်း မော်တော်ကားလမ်းဘေးတွင် တည်ရှိသည်။ ဘုရားမာစေတီ၏အနီးတွင် ကုန်းရိုးတွင်းပြည့်ကျေးရွာရှိသည်။

ဘုရားမာစေတီ၏အခြေသည် ဖြောင်းရှည်ပုံဖြစ်၍ အပေါ်သို့ တောင်ပုံသဏ္ဍာန်တက်သွားသဖြင့် အဝေးမှကြည့်လျှင် ဘုရားမာစေတီကို ကြီးမားသောစပါးပုံကြီးတစ်ခုပုံဟန် မြင်ကြရသည်။ စေတီ၏ ပစ္စယာလေးဆင့်အနက် အောက်ပစ္စယာသုံးဆင့်သည် ထောင့် ၁၆ ထောင့်ဖြစ်သည်။ အပေါ်ဆုံးပစ္စယာသည် အဝိုင်းဖြစ်၍ ပစ္စယာပေါ်တွင်တည်ထားသည့် စေတီသည် အမြင့် ၁၃၈ ပေနှင့် လုံးပတ် ၃၁၆ ပေရှိသဖြင့် ဘုရားကြီးနှင့် ရွယ်တူခန့်ဖြစ်ပေသည်။

ဘုရားမာစေတီကို ဒွတ္တဘောင်မင်းကြီးကတည်ခဲ့သည်ဟုအဆိုရှိ၍ ရှေးအခါက သရိုင်မာစေတီဟုခေါ်ခဲ့ကြသည်။ ပညာရှင်များက ဘုရားမာစေတီကို အေဒီ လေးရာစုနှင့် ခုနစ်ရာစုအတွင်းက တည်ထားခဲ့သည့် လက်ရာဟု ခန့်မှန်းခဲ့သည်။ ၁၉၆၇ ခုနှစ် ဇန်နဝါရီလတွင် ဘုရားမာစေတီအနီးမှ ၁၁ လက်မအရွယ် ခေါင်းလောင်းတစ်ခုနှင့် ကြေးသွန်းကချေသည်ရုပ်ငါးရုပ်ကို ရရှိခဲ့သည်။

**ကချေသည်ရုပ်များ**

တစ်ရုပ်လျှင် ပျမ်းမျှ ၄ ဒသမ ၅ လက်မ မြင့်သော ကြေးသွန်းရုပ်ငါးခုကို သရေခေတ္တရာမြို့ဟောင်းတူးဖော်ရေးလုပ်ငန်းများဆောင်ရွက်နေစဉ် ၁၁ လက်မအရွယ်ရှိသော ခေါင်းလောင်းတစ်ခုအောက်မှ ရရှိခဲ့သည်။ ၎င်းခေါင်းလောင်းတွင် ပျူဒင်္ဂါးများ၌ ပါလေ့ရှိသည့် သီရိဝစ္ဆရုပ်ပါရှိသည်။ ကချေသည်ရုပ်ငါးရုပ်တွင် တစ်ရုပ်က ကခုန်နေဟန်၊ တစ်ရုပ်က ပုံတီးနေဟန်၊ တစ်ရုပ်က ပလွေမှုတ်နေဟန်၊ တစ်ရုပ်က လင်းကွင်းတီးနေဟန်ဖြစ်ပြီး ကျန်တစ်ရုပ်က ကျောပေါ်တွင်အထုပ်တစ်ထုပ်ကို ထမ်းထားဟန်ဖြစ်သည်။

အထုပ်ထမ်းထားသည့်အရုပ်သည် အရပ်အနည်းငယ်ပုပြီး ၎င်းအရုပ်၏အမြင့်သည် ကျန်အရုပ်လေးရုပ်၏ ထက်ဝက်ကျော်မျှသာရှိကာ ကချေသည်များကို လိုက်လံကြည့်ရှုနေသူတစ်ဦး၏ပုံကို ထုလုပ်ထားခြင်းဖြစ်နိုင်ကြောင်း ယူဆကြသည်။ အရုပ်များသည် ဦးခေါင်းအနည်းငယ်ကြီးနေသော်လည်း ခန္ဓာကိုယ်အရွယ်အစားက အချိုးကျနကာ ပျော်ရွှင်မြူးကြွနေသည့် ဟန်အမူအရာများ ပေါ်လွင်နေသည်။ တူရိယာဝိုင်းတော်သားများပုံထုလုပ်ထားသည့် ကချေသည်အရုပ်များသည် လှပစွာဝတ်ဆင်ထားကြပြီး လက်ဝတ်အဆင်တန်ဆာများကို ဆင်မြန်းထားကြသည်။

ပျူနိုင်ငံတော်သည် နန်ချောင်တို့တိုက်ခိုက်မှုကြောင့် အေဒီ ၈၃၂ တွင် ပျက်သုဉ်းခဲ့သည်ဟု ယူဆချက်များရှိကာ အဆိုပါကြေးရုပ်များသည် အေဒီ ခုနစ်ရာစုနှင့် ကိုးရာစုအတွင်း သွန်းလုပ်ခဲ့သည့်လက်ရာများဖြစ်နိုင်ကြောင်း ဆရာကြီး ဒေါက်တာနိုင်ပန်းလှက သုံးသပ်ခဲ့သည်။ ကချေသည်ရုပ်များသည် အိန္ဒိယဟန်များနှင့်ဆင်နေသည့်အတွက် အိန္ဒိယမှ ရောက်ရှိလာသောအရုပ်များဖြစ်နိုင်ကြောင်း ယူဆချက်များလည်း ရှိခဲ့သည်။



သရေခေတ္တရာမှ တူးဖော်ရရှိခဲ့သည့် ကချေသည်ကြေးသွန်းရုပ်တု ငါးရုပ်ကို တွေ့ရစဉ်။

အဆိုပါကချေသည်ရုပ်များကို တူးဖော်ရရှိခဲ့ပြီးနောက် သရေခေတ္တရာ မှော်ဇာလုပ်ငန်းခွင် ယာယီပြတိုက်၌ထိန်းသိမ်းထားစဉ် ၁၉၆၇ ခုနှစ် မတ် ၆ ရက်ညတွင် ကချေသည်ရုပ်ငါးရုပ်အနက် လေးရုပ်ပျောက်ဆုံးသွားခဲ့သည်။ အငယ်ဆုံးအရုပ်ဖြစ်သည့် ကျောပေါ်တွင် အထုပ်ထမ်းထားသည့်အရုပ်သည် ပြတင်းပေါက်နှင့်တိုက်မိဟန်ရှိကာ ပြတိုက်ကြမ်းပြင်တွင် ကျကျန်နေခဲ့ပြီး ကျန်အရုပ်လေးရုပ်က ပျောက်ဆုံးခဲ့သည်။

ကြေးသွန်းကချေသည်ရုပ်များသည် နှစ်အတန်ကြာခဲ့သည်ထိ မည်သည့်နေရာ၊ မည်သူ့ထံတွင်ရောက်ရှိနေခဲ့သည်ကိုမသိရှိခဲ့ကြဘဲ မြန်မာနိုင်ငံမှ ပျောက်ဆုံးသွားခဲ့ပြီး ၁၆ နှစ်ခန့်အကြာ ၁၉၈၃ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

**အမေရိကန်သန်းကြွယ်သူဌေးနှင့် ကချေသည်ရုပ်များ**

သမိုင်းပညာရှင် ဒေါက်တာနိုင်ပန်းလှသည် ပျောက်ဆုံးနေသော ကချေသည်ရုပ်များအကြောင်းကို ထိုစဉ်က မြန်မာနိုင်ငံတွင် ထုတ်ဝေလျက်ရှိသည့် The Working People's Daily အင်္ဂလိပ်သတင်းစာတွင် ၁၉၇၂ ခုနှစ်က ဆောင်းပါးနှစ်ပုဒ် ရေးသားခဲ့သည်။ ဒေါက်တာ နိုင်ပန်းလှသည် ၁၉၈၁ ခုနှစ်တွင် ကချေသည်ရုပ်များအကြောင်းကို ဆောင်းပါးသုံးပုဒ် ထပ်မံရေးသားခဲ့ပြီးနောက် ၎င်းဆောင်းပါးများကို ဖတ်ရှုမိသော အမျိုးသားပထဝီဆိုင်ရာမဂ္ဂဇင်း(National Geographic Magazine) မှ အကြီးတန်းအယ်ဒီတာ မစ္စတာဘရိုင်ရန်ဟောဒ်ဆန်(Mr. Bryan Hodgson) သည် ၁၉၈၂ ခုနှစ် ဧပြီလတွင် မြန်မာနိုင်ငံသို့ လာရောက်၍ ဆောင်းပါးရှင် ဒေါက်တာ နိုင်ပန်းလှနှင့် ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)တို့ကို သွားရောက်တွေ့ဆုံခဲ့သည်။ ဆရာကြီး ဦးမောင်မောင်တင်က မစ္စတာဟောဒ်ဆန်အား ပျောက်ဆုံးနေသည့် ကြေးရုပ်ပုံစံတူ ငါးရုပ်ကို လက်ဆောင်ပေးခဲ့ပြီး ပျောက်ဆုံးနေသော ကချေသည်ကြေးရုပ်များ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိနိုင်ရေးကြိုးပမ်းပေးပါရန် မေတ္တာရပ်ခံခဲ့သည်။

မစ္စတာဟောဒ်ဆန်ပြန်သွားပြီး တစ်နှစ်ကျော်အကြာ ၁၉၈၃ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့မှ မစ္စတာရောဘတ်အိပ်ချ်အယ်လ်စ်ဝေ့သ်(Mr.Robert H.Ellsworth)သည် ပျောက်ဆုံးနေသော ကချေသည်ရုပ် အစစ်လေးရုပ်နှင့်အတူ မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။ ၎င်းသည်ထိုအရုပ်လေးရုပ်ကို ခိုးရာပါပစ္စည်းများမှန်းမသိဘဲ ရှေးဟောင်းပစ္စည်းအရောင်းဆိုင်တစ်ဆိုင်မှ အမေရိကန်ဒေါ်လာ ငါးသိန်းဖြင့် ဝယ်ယူခဲ့ကြောင်း ဆိုသည်။

မစ္စတာ ရောဘတ်အိပ်ချ်အယ်လ်စ်ဝေ့သ်သည် ဒေါက်တာနိုင်ပန်းလှ၏ဆောင်းပါးများကို ဖတ်ရှုခဲ့ပြီးနောက် ဆောင်းပါးများတွင်ဖော်ပြထားသည့် အရုပ်များသည် မိမိလက်ဝယ်တွင်ရှိနေသော အရုပ်များနှင့် တူညီနေသဖြင့် ဘော့စတွန်ပြတိုက်မှ အာရှအနုပညာကျွမ်းကျင်ပညာရှင် ဒေါက်တာဂျန်ဖွန်တိန်ကို ပြသခဲ့သည်။ ဒေါက်တာဂျန်ဖွန်တိန်က ကြေးရုပ်များကို စစ်ဆေးပြီး မစ္စတာရောဘတ်အိပ်ချ်အယ်လ်စ်ဝေ့သ်ထံတွင်ရှိနေသည့်အရုပ်များသည် မြန်မာနိုင်ငံမှပျောက်ဆုံးနေသည့်ပစ္စည်းများ အစစ်အမှန်ဖြစ်ကြောင်း ဆုံးဖြတ်ပေးခဲ့သည်။

မြန်မာနိုင်ငံအတွက် ရှေးဟောင်းသုတေသနတန်ဖိုး၊ ယဉ်ကျေးမှုတန်ဖိုး၊ အနုပညာတန်ဖိုးမဖြတ်နိုင်သည့် ပျူခေတ်လက်ရာ ကချေသည်အရုပ်များသည် ခိုးယူခံခဲ့ရသည့်အရုပ်များဖြစ်ကြောင်း သိရှိခဲ့ရပြီးနောက် မစ္စတာရောဘတ်အိပ်ချ်အယ်လ်စ်ဝေ့သ်သည် မိမိဝယ်ယူထားခဲ့သော များပြားလှသည့်ငွေကြေးကို မငဲ့ကွက်ဘဲ မူလပိုင်ရှင် မြန်မာနိုင်ငံသို့ ပြန်လည်ပေးအပ်ရန်ဆုံးဖြတ်ခဲ့သည်။ မစ္စတာရောဘတ်အိပ်ချ်အယ်လ်စ်ဝေ့သ်၏ ကြီးမားသောစေတနာကြောင့် ကချေသည်ရုပ်များကို မြန်မာနိုင်ငံက ပြန်လည်ရရှိခဲ့သည်။

မစ္စတာရောဘတ်အိပ်ချ်အယ်လ်စ်ဝေ့သ်သည် ၁၉၈၃ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် ကချေသည်ရုပ်လေးရုပ်ကို ယဉ်ကျေးမှုဝန်ကြီးဌာန (ယခု သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)၊ ရှေးဟောင်းသုတေသနဦးစီးဌာန (ယခု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန)ညွှန်ကြားရေးမှူးချုပ် ဦးဥက္ကထံ တရားဝင်လွှဲပြောင်းပေးခဲ့သည်။ အဆိုပါအခမ်းအနားတွင် မစ္စတာရောဘတ်အိပ်ချ်အယ်လ်စ်ဝေ့သ်က ကွဲကွာနေသော ကချေသည်ရုပ်လေးရုပ်နှင့် လူပုရုပ်လေးတို့ ပြန်လည်ပေါင်းစည်းခွင့်ရသည်ကို မြင်တွေ့ရသဖြင့် များစွာပျော်ရွှင်မိပါကြောင်း ပြောကြားခဲ့ကာ အမေရိကန်နိုင်ငံသို့မပြန်မီ ပျူမြို့ဟောင်းသရေခေတ္တရာနှင့် ပုဂံမြို့ဟောင်းတို့ကို လည်ပတ်ကြည့်ရှုခဲ့သည်။

မြန်မာနိုင်ငံရှိ ပျူမြို့ဟောင်းများကိုတူးဖော်ခဲ့ရာတွင် မည်သည့်နေရာတွင်မှ ဤကဲ့သို့ ကချေသည်ရုပ်များကို တွေ့ရှိခဲ့ခြင်းမရှိသေးသကဲ့သို့ အခြားနိုင်ငံတစ်ခုခုတွင်လည်း အလားတူကချေသည်ရုပ်များ တူးဖော်ရရှိခဲ့ခြင်းများ မရှိသေးပေ။ ပျူလူမျိုးတို့၏ ယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်ပုံ၊ အသုံးပြုခဲ့သည့် တူရိယာပစ္စည်းများကို တိကျစွာပုံဖော်ထားသော လက်ရာမြောက်လှသည့် ကချေသည်ရုပ်လေးရုပ်သည် ကာလရှည်ကြာစွာ မြန်မာနိုင်ငံမှ ဝေးကွာနေခဲ့ကြရာမှ ဆရာကြီး ဒေါက်တာနိုင်ပန်းလှ၏ ဦးဆောင်ကြိုးပမ်းမှုဖြင့် မြန်မာ-အမေရိကန် နှစ်နိုင်ငံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်ခဲ့မှုများကြောင့် ပြန်လည်ပေါင်းဆုံနိုင်ခဲ့ကြခြင်းကို မြန်မာပြည်သူများက ယနေ့တိုင် အမှတ်ရနေဆဲဖြစ်ပါပေသည်။

**ကိုးကား**


- Archaeological Aspects of Pyu Mon Myanmar (Dr. Nai Pan Hla)
- လက်ရွေးစင်စာတမ်းများ(ဦးရည်စိန်)
- သရေခေတ္တရာမြို့ဟောင်း(ဦးစိန်မောင်ဦး)

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်း လိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၁၁၃၁ ဧက စိုက်ပျိုးပြီးစီး

**မုံရွာ အောက်တိုဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၁၁၃၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြ၍ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၀၇၂၂ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၁၁၃၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းတိုင်းဒေသကြီးမှာ စားဖိုဆောင်သီးနှံ ၁၀၇၂၂ ဧကစိုက်ပျိုးဖို့အတွက် လျာထားတာ ဒီနေ့ထိ ၁၁၁၃၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့တယ်။ လျာထားဧကထက် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စားဖိုဆောင်သီးနှံတွေကို GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့၊ စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

ခရိုင်အလိုက် စားဖိုဆောင်သီးနှံ စိုက်ပျိုးထားရှိမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ငရုတ် ၄၄ ဧက၊ အခြားဟင်းခတ်အမွှေးအကြိုင် ဧက ၅၃၀၊ တမူးခရိုင်တွင် အခြားဟင်းခတ်အမွှေးအကြိုင် ၂၇ ဧက၊ ကလေးခရိုင်တွင် အခြားဟင်းခတ်အမွှေးအကြိုင် ၁၆၅ ဧက၊ ခန္တီးခရိုင်တွင် ငရုတ် ၆၈ ဧက၊ အခြားဟင်းခတ်အမွှေးအကြိုင် ၅၆ ဧက၊ ဟုမ္မလင်းခရိုင်တွင် ငရုတ် ၂၉၇ ဧက၊ အခြားဟင်းခတ်အမွှေးအကြိုင် ၁၆၆ ဧက၊ အာလူး ၄၈ ဧက၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ငရုတ် ၇၇၂ ဧက၊ ကြက်သွန်နီ ၃၃၁ ဧက၊ အခြားဟင်းခတ်အမွှေးအကြိုင် ၉၉၆ ဧက၊ အာလူး ၄၃၄ ဧက၊ မုံရွာခရိုင်တွင် ငရုတ် ၁၅၄၄ ဧက၊ ယင်းမာပင်ခရိုင်တွင် ငရုတ် ၁၁၀၈ ဧက၊ ရွှေဘိုခရိုင်တွင် ငရုတ် ၁၅၈ ဧက၊ ရေဦးခရိုင်တွင် ငရုတ် ၂၁၅ ဧက၊ ကန့်ဘလူခရိုင်တွင် ငရုတ် ၁၅ ဧက၊ စစ်ကိုင်းခရိုင်တွင် ငရုတ် ၁၆၇၉ ဧက၊ ကြက်သွန်နီ ၁၉၈၁ ဧက၊ ကသာခရိုင်တွင်ငရုတ် ၁၀၆ ဧက၊ အခြားဟင်းခတ်အမွှေးအကြိုင် ၃၁၈ ဧက၊ ကောလင်းခရိုင်တွင် ငရုတ်ဧက ၃၀၊ အခြားဟင်းခတ်အမွှေးအကြိုင် ၄၃ ဧက စုစုပေါင်း ၁၁၁၃၁ ဧကဖြစ်ကြောင်း သိရသည်။

(၂၀၆)



ယခင်နှစ်က ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

# မလှိုင်မြို့နယ် ဖန်းခါးပင်ကျေးရွာ၌ Digital Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မလှိုင် အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ဖန်းခါးပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့နှင့် အသင်းသားအသင်းသူများကို တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်း အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများနှင့် Digital Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဖန်းခါးပင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၆ ဦး၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူဦးရေ ၂၀ နှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူနှစ်ဦး စုစုပေါင်းအသင်းသားအသင်းသူ ၇၈ ဦးကို Digital Payment (Mobile Financial Payment) စနစ်ဖြင့် ငွေကျပ်သိန်း ၃၀ ထုတ် ချေးပေးခဲ့ကြောင်း သိရသည်။ **ဟိန်းထက်ရိုး(မလှိုင်)**

## မျိုးဆက်ချီလှမ်း အနာဂတ်လမ်း

\- "လူငယ်"ဆိုတာ အနာဂတ်တွက်
ကမ္ပည်းမြတ် စိုက်ကာထူ
ရေးထိုးမဲ့သူ၊
အတွေးအမြင်သစ် တလူလူ
အတုယူ ကြံဆတတ်၊
စူးစမ်းဖွေ ထက်မြက်မှုနဲ့
တက်ကြွဖျတ်လတ်။

\- "လူငယ်"ဆိုတာ အနာဂတ်တွက်
သမိုင်းမြတ် ဆက်ခံယူ
ထုဆစ်မဲ့သူ၊
ဖူးပွင့်သစ် ပန်းနွယ်တူ
ပျံ့ထုံကြူ အလှများ၊
အားသစ်ပြိုင် ရဲရင့်စိတ်နဲ့
လျှမ်းဖိတ်ဝံ့ကြွား။

\- "ယနေ့လူငယ် နောင်ဝယ်လူကြီး"
ကိုယ့်ခရီးနဲ့ ကိုယ့်လမ်းထွင်
ပြည်ကျိုးမြော်မြင်၊
ပခုံးပြောင်း တွဲလက်ယှဉ်
အောင်ပွဲဆင် ရေးဆစ်ပိုင်း၊
ကောင်းမွေခံ ဝန်းရံပျိုးလိမ့်
မျိုးဆက်သမိုင်း။

\- ရင်းမြစ်မှန် မျိုးဆက်သွေးတို့
အနာဂတ်ရေး ပြည့်မဏ္ဍိုင်
နိုးကြားတူပြိုင်၊
ရှေ့ဆက်ရမဲ့ ပြည့်ပန်းတိုင်
လှမ်းတက်ပြိုင် လက်ယှက်နွှဲ၊
ယခုကစ ဘက်စုံပိုင်
လှမ်းဆုပ်ကိုင် လုံ့လမြဲ။
မျိုးဆက်ညီညာ
တိုးတက်ရည်ကာ
ပြည့်ဝန်တာ အရပ်ရပ်တွက်
လက်ဝယ်နဲ့ နှင်းအပ်ရမည်မို့
"စိတ်ဓာတ်"ညီ "စည်းကမ်း"ပြည့်ပါလို့
ထူးချွန်စွာ မြော်မြင်အသိနဲ့
ပြည့်ဝန်ကျေ ဦးဆောင်ခန်းမှာ
ထမ်းခွင့်သာ လက်အကမ်း
(မောင်မယ်တို့ရေ. . .)
စွမ်းပြဖို့ပဲ။ ။

**နိုင်နိုင်နွယ်(ပညာရေး)**

### ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# နိုင်ငံတကာ သတင်းများ

## ရုရှားနိုင်ငံခြားရေးဝန်ကြီး အီရန်သမ္မတနှင့် တွေ့ဆုံ



**မော်စကို အောက်တိုဘာ ၂၄**

ရုရှားနှင့် အီရန်နိုင်ငံတို့သည် တစ်ဖက်နှင့်တစ်ဖက်ယုံကြည်မှုကို အခြေခံ၍ နှစ်နိုင်ငံဆက်ဆံရေးကို ခိုင်ခိုင်မြဲမြဲတည်ဆောက်နေကြောင်း ရုရှား နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

အီရန်သို့ရောက်ရှိနေသည့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်နှင့် အီရန်သမ္မတ အက်ဘရာဟင်ရိုင်စီတို့ တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန၏ အဆိုပါကြေညာချက်ပေါ် ထွက်လာခြင်းဖြစ်သည်။

အီရန်သမ္မတနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနတို့အနေဖြင့် အစဉ်အလာအရ အပြန်အလှန်ချစ်ကြည်မှုကိုအခြေခံ၍ နှစ်နိုင်ငံဆက်ဆံရေးလုပ်ငန်းအစီအစဉ်များ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ကြကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနကြေညာချက်တွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီးသည် အီရန်ခရီးစဉ်အတွင်း အီရန်နိုင်ငံခြားရေးဝန်ကြီး အမီရာအက်ဘ်ဒူလာဟီအန်နှင့်လည်းတွေ့ဆုံခဲ့ပြီး စွမ်းအင်ကဏ္ဍနှင့် ထောက်ပို့စီမံကိန်းများနှင့်စပ်လျဉ်းပြီး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်သည် တရုတ်နှင့် မြောက်ကိုရီးယားခရီးစဉ်များပြီးဆုံးပြီးနောက် အီရန်နိုင်ငံသို့ဆက်လက်သွားရောက်ခဲ့ခြင်းဖြစ်သည်။

အီရန်နိုင်ငံ၌ရှိနေစဉ် ရုရှားနိုင်ငံခြားရေးဝန်ကြီးသည် တောင်ကော့ကေးဆပ်ဒေသငြိမ်းချမ်းရေးဆိုင်ရာ ဒေသတွင်းညီလာခံ၌လည်း ပါဝင်ရန် စီစဉ်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိ အမေရိကန်နိုင်ငံသို့သွားရောက်မည်

**ပေကျင်း အောက်တိုဘာ ၂၄**

တရုတ် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် ယခုရက်သတ္တပတ်အတွင်း အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့သို့သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း အမေရိကန်အစိုးရထိပ်တန်းတာဝန်ရှိသူများက အောက်တိုဘာ ၂၃ ရက်က ပြောကြားခဲ့သည်။

တရုတ် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် အောက်တိုဘာ ၂၆ ရက်မှ ၂၈ရက်ထိ ဝါရှင်တန်မြို့တွင်ရှိမည်ဖြစ်ပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်၊ အမျိုးသားလုံခြုံရေး အကြံပေး ဂျိတ်စ်ဆူလီဗန်တို့နှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။

ထို့ပြင် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိအနေဖြင့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့်တွေ့ဆုံနိုင်ခြေ ရှိ၊ မရှိကို မသိရှိရသေးကြောင်း သိရသည်။

တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့အကြား ဆက်ဆံရေးတင်းမာနေချိန်နှင့် အရှေ့အလယ်ပိုင်းဒေသ၌ စစ်ရေးအခြေအနေတင်းမာနေချိန်တို့တွင် အမေရိကန်နိုင်ငံသို့ သွားရောက်ရန် တရုတ်နိုင်ငံခြားရေးဝန်ကြီးက စီစဉ်ထားခြင်းဖြစ်သည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန် အပါအဝင် အခြားအမေရိကန်ထိပ်တန်းတာဝန်ရှိသူများ ယခုနှစ်နွေရာသီအတွင်း တရုတ်နိုင်ငံသို့သွားရောက်ခဲ့ပြီးနောက် တရုတ်နိုင်ငံခြားရေးဝန်ကြီး၏ ဝါရှင်တန်ခရီးစဉ်သတင်းပေါ် ထွက်လာခြင်းဖြစ်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်တို့လည်း နိုဝင်ဘာလတွင် အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့၌ တွေ့ဆုံကြဖွယ်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ဂျာမနီနိုင်ငံ မြောက်ပင်လယ်ရှိ ဟေလီဂိုးလန်းကျွန်းအနီး ကုန်တင်သင်္ဘောနှစ်စီး ဝင်တိုက်

**ဘာလင် အောက်တိုဘာ ၂၄**

ဂျာမနီနိုင်ငံ၏ မြောက်ပင်လယ်ကျွန်းတစ်ကျွန်းဖြစ်သော ဟေလီဂိုးလန်းကျွန်းအနီး၌ ကုန်တင်သင်္ဘောနှစ်စီးဝင်တိုက်မိရာ လူအချို့ပျောက်ဆုံးနေကြောင်း ဂျာမနီတာဝန်ရှိသူများက ယနေ့တွင်ပြောကြားခဲ့သည်။

ပိုလီဆီနှင့် ဗာရိုတီအမည်ရှိ အဆိုပါ ကုန်တင်သင်္ဘောနှစ်စီးသည် ဟေလီဂိုးလန်းကျွန်း၏ အနောက်တောင်ဘက် ရေမိုင် ၂၁ မိုင်အကွာတွင် ဝင်တိုက်မိခြင်းဖြစ်ကြောင်း သိရသည်။

သင်္ဘောနှစ်စီး ဝင်တိုက်ခဲ့မှုကြောင့် ဗာရိုတီကုန်တင်သင်္ဘောသည် နစ်မြုပ်ခဲ့ရဖွယ်ရှိကြောင်း ဂျာမနီတာဝန်ရှိသူများက သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

သင်္ဘောနှစ်စီး ဝင်တိုက်မိပြီးနောက် မြောက်ပင်လယ်ရေပြင်အတွင်းရှိ လူတစ်ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး ပျောက်ဆုံးနေသူများရှိနေဆဲဖြစ်ကြောင်း ဂျာမနီတာဝန်ရှိသူများ၏ အဆိုအရသိရသည်။

တစ်စီးနှင့်တစ်စီး ဝင်တိုက်မိခဲ့သည့် သင်္ဘောနှစ်စီးအနက် လူ ၂၂ ဦးလိုက်ပါလာသည့် ပိုလီစီသင်္ဘောမှာမူ ရေပေါ်တွင်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

ဗာရိုတီသင်္ဘောသည် ဂျာမနီနိုင်ငံ ဘရီမင်မြို့မှ ဗြိတိန် အမ်မင်ဂမ်မြို့သို့ ဦးတည်မောင်းနှင်နေပြီး ပိုလီစီသင်္ဘောမှာ ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့မှ စပိန်နိုင်ငံ လာကိုရူနာမြို့သို့ ဦးတည်ခုတ်မောင်းနေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## ရီယိုဒီဂျနေးရိုးမြို့၌ ဘတ်စကား ၃၅ စီး မီးရှို့ဖျက်ဆီးခံရ

**ရီယိုဒီဂျနေးရိုး အောက်တိုဘာ ၂၄**

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့တွင် ရာဇဝတ်ဂိုဏ်းအုပ်စုများက အောက်တိုဘာ ၂၃ ရက်တွင် ခရီးသည်တင်ဘတ်စကား ၃၅ စီးကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဘရာဇီး ရဲတပ်ဖွဲ့စစ်ဆင်ရေးတစ်ခုအတွင်း ဒုစရိုက်ဂိုဏ်းခေါင်းဆောင်တစ်ဦး သေဆုံးခဲ့ရပြီးနောက် ဒုစရိုက်ဂိုဏ်းဝင်များက ရီယိုဒီဂျနေးရိုး မြို့အတွင်းရှိ ဘတ်စကားများကို မီးရှို့ဖျက်ဆီးခဲ့ကြခြင်းဖြစ်သည်။

ဘတ်စကားများမီးရှို့ဖျက်ဆီးခံရမှုသည် ရီယိုဒီဂျနေးရိုးမြို့အနောက်ပိုင်းတွင် အဓိက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဘရာဇီး ရဲတပ်ဖွဲ့ဝင်များ၏ စစ်ဆင်ရေးတစ်ခုအတွင်း ရီယိုဒီဂျနေးရိုးမြို့၏ အကြီးဆုံးပြည်သူ့စစ်အုပ်စု ခေါင်းဆောင်တစ်ဦး၏ တူဖြစ်သူ သေဆုံးပြီးနောက် ရီယိုဒီဂျနေးရိုးမြို့အတွင်း၌ ဘတ်စကားများ မီးရှို့ဖျက်ဆီးခံခဲ့ရခြင်းဖြစ်သည်။

ရဲအရာရှိဟောင်းများ တစ်ခါတစ်ရံ တာဝန်ထမ်းဆောင်ဆဲ ရဲတပ်ဖွဲ့ဝင်များပင်ပါဝင်နေတတ်သည့် ရီယိုဒီဂျနေးရိုးမြို့ရှိ ပြည်သူ့စစ်အုပ်စုများသည် လက်ရှိအချိန်တွင် ဒေသတွင်းခြိမ်းခြောက်မှုတစ်ရပ်ဖြစ်လာခဲ့သည်။

မူလက ရီယိုဒီဂျနေးရိုးမြို့ရှိ မြို့တွင်းရပ်ကွက်များကို မူးယစ်ဂိုဏ်းများအန္တရာယ်မှ ကာကွယ်ရေးအတွက် ရည်ရွယ်ဖွဲ့စည်းထားသည့် ရီယိုဒီဂျနေးရိုး ပြည်သူ့စစ်အုပ်စုများသည် နောက်ပိုင်းတွင် ၎င်းတို့ကိုယ်တိုင်ဒုစရိုက်ဂိုဏ်းများသဖွယ် ပြောင်းလဲလာကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## အစ္စရေးနိုင်ငံမှ သက်ကြီးပိုင်းအမျိုးသမီး ဓားစာခံနှစ်ဦးကို ဟားမစ်အုပ်စုက ပြန်လွှတ်ပေး

**ဂျေရုဆလင် အောက်တိုဘာ ၂၄**

ဂါဇာကမ်းမြောင်ဒေသအခြေစိုက် ဟားမစ်အုပ်စုက ဓားစာခံအဖြစ် ၎င်းတို့ဖမ်းဆီးထားမှုများအနက် အစ္စရေးနိုင်ငံမှ သက်ကြီးပိုင်းအမျိုးသမီးနှစ်ဦးကို အောက်တိုဘာ ၂၃ရက်က ပြန်လွှတ်ပေးခဲ့ကြောင်း သိရသည်။

ဟားမစ်အုပ်စုသည် အောက်တိုဘာ ၇ ရက်တွင် အစ္စရေးနိုင်ငံတောင်ပိုင်းမြို့များကို ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် လူဦးရေ ၂၀၀ ကျော်ကို ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

သို့ရာတွင် အသက် ၇၉ နှစ်အရွယ်နှင့် ၈၅ နှစ်အရွယ်ရှိ အစ္စရေးအမျိုးသမီး နှစ်ဦးကို လူသားချင်း စာနာထောက်ထားသည့်အနေဖြင့် လည်းကောင်း၊ ၎င်းတို့၏ ကျန်းမာရေးအခြေအနေများကြောင့် လည်းကောင်း ပြန်လွှတ်ပေးလိုက်ကြောင်းဟားမစ်အုပ်စုက သတင်းထုတ်ပြန်ခဲ့သည်။

အစ္စရေးအမျိုးသမီးဓားစာခံနှစ်ဦး ပြန်လည်လွတ်မြောက်လာမှုကို အစ္စရေးဝန်ကြီးချုပ်ရုံးကလည်း သတင်းထုတ်ပြန်အတည်ပြုထားသည်။

ဂါဇာကမ်းမြောင်မြေပြင်ထိုးစစ်ကို ဆိုင်းငံ့ထားရန် အမေရိကန်အစိုးရက အစ္စရေးနိုင်ငံကို အကြံပြုထားချိန်တွင် ဟားမစ်အုပ်စုက အစ္စရေးအမျိုးသမီး ဓားစာခံနှစ်ဦးကို ပြန်လွှတ်ပေးခဲ့ခြင်းဖြစ်သည်။


ပြီးခဲ့သည့် အောက်တိုဘာ ၇ ရက်တွင် စတင်ခဲ့သည့် အစ္စရေး-ဟားမစ် စစ်ရေးပဋိပက္ခကြောင့် အစ္စရေးနိုင်ငံဘက်တွင် ယနေ့ထိ လူဦးရေ ၁၄၀၀ ကျော်သေဆုံးခဲ့ရပြီး ဂါဇာကမ်းမြောင်ဒေသတွင်မူ ပါလက်စတိုင်း ၅၀၀၀ ကျော်သေဆုံးခဲ့ရပြီးဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## နေအဖွဲ့အစည်းပြင်ပဂြိုဟ်သစ်နှစ်စင်းကို နိုင်ငံတကာသိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ



**ဝါရှင်တန် အောက်တိုဘာ ၂၄**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က လွှတ်တင်ထားသော တက်စ်ဂြိုဟ်သစ် ရှာဖွေရေးဂြိုဟ်တု အကူအညီဖြင့် နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်နှစ်စင်းကို နိုင်ငံတကာ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း အောက်တိုဘာ ၂၃ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

နေအဖွဲ့အစည်း အတွင်းရှိ နက်ပကျွန်းဂြိုဟ်နှင့်အရွယ်အစားချင်းတူသော အဆိုပါဂြိုဟ်သစ်နှစ်စင်းသည် TOI-5126 အမည်ရှိ ကြယ်တစ်စင်းကို ဗဟိုပြုလှည့်ပတ်နေကြောင်း သိရသည်။

အဆိုပါ နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်နှစ်စင်းကို TOI-5126b နှင့် TOI-5126c ဟူ၍ အမည်ပေးထားကြောင်း သိရသည်။

၎င်းဂြိုဟ်နှစ်စင်းအနက် TOI-5126b ဂြိုဟ်သည် မိခင်ကြယ်ကို ၅ ဒသမ ၄၆ ရက်လျှင် တစ်ပတ်ကျလှည့်ပတ်နေပြီး TOI-5126c ဂြိုဟ်သည် ၁၇ ဒသမ ၉ ရက်လျှင် တစ်ကြိမ်ကျ မိခင်ကြယ်ကို ဗဟိုပြုလှည့်ပတ်လျက်ရှိသည်။

နာဆာ၏တက်စ်ဂြိုဟ်တုသည် လက်ရှိအချိန်ထိ နေအဖွဲ့အစည်းပြင်ပဂြိုဟ်အဖြစ် ယူဆရသော အာကာသဒြပ်ထုည် ၆၉၀၀ ခန့်ကို ဖော်ထုတ်တွေ့ရှိခဲ့ပြီး ၃၉၅ ခုကို နေအဖွဲ့အစည်း ပြင်ပဂြိုဟ်များအဖြစ် အတည်ပြုနိုင်ခဲ့ပြီးဖြစ်သည်။

၂၀၁၈ ခုနှစ် ဧပြီလတွင် လွှတ်တင်ခဲ့သော တက်စ်ဂြိုဟ်တုသည် နေအဖွဲ့အစည်းအနီးရှိ ကြယ်အစင်းပေါင်း ၂၀၀၀၀၀ ကျော်ကို စောင့်ကြည့်၍ နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်များကို ရှာဖွေနေဆဲဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**


## ကမ္ဘာမြေ၏ဂြိုဟ်ရံလသက်တမ်းက သိပ္ပံပညာရှင်များ ယခင်တွက်ဆထားသည်ထက် နှစ်ပေါင်း သန်း ၄၀ ပို၍ ရှေးကျနေ

**ဝါရှင်တန် အောက်တိုဘာ ၂၄**

ကမ္ဘာမြေ၏ ဂြိုဟ်ရံလ သက်တမ်းသည် သိပ္ပံပညာရှင်များယခင်တွက်ဆထားသည်ထက် နှစ်ပေါင်း သန်း ၄၀ ပို၍ ရှေးကျနေကြောင်း အောက်တိုဘာ ၂၃ ရက် သတင်းများအရ သိရသည်။

အပိုလို-၁၇ လဆင်းမစ်ရှင်မှ ရယူထားသည့် ကျောက်သားကျောက်စ နမူနာများကို လေ့လာချက်အရ လကမ္ဘာ၏သက်တမ်းမှာ ယခင်တွက်ချက်ထားသကဲ့သို့ နှစ်ပေါင်း ၄ ဒသမ ၅၂ ဘီလီယံ မဟုတ်ဘဲ ၄ ဒသမ ၄၆ ဘီလီယံသာ ရှိနိုင်သည်ဟု အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်သိပ္ပံပညာရှင်များသည် အပိုလို-၁၇ မစ်ရှင်အတွင်း ရရှိထားသော လကမ္ဘာကျောက်သား နမူနာများအတွင်းရှိ ဇာကွန်ခေါ် ပုံဆောင်ခဲများကို လေ့လာခဲ့ကြကြောင်း သိရသည်။



ထို့နောက် အဆိုပါဇာကွန်ပုံဆောင်ခဲများကို သိပ္ပံပညာရှင်များက ရေဒီယိုမက်ထရစ်နည်းဖြင့် တိုင်းတာခဲ့ပြီးနောက် လကမ္ဘာ၏ သက်တမ်းကို ပြင်ဆင်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဇာကွန်ပုံဆောင်ခဲများသည် ဂြိုဟ်ရံလ ပေါ်ထွက်လာပြီးနောက် ပေါ်ထွက်လာသည့်ပုံဆောင်ခဲများဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ကမ္ဘာ၏ဂြိုဟ်ရံလသည် ကမ္ဘာဂြိုဟ်နှင့် သီအာ ခေါ် ဂြိုဟ်ငယ်တစ်စင်းကို ဝင်တိုက်ပြီးနောက် ပေါ်ထွက်လာခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## အောစီးရစ် ရက်စ် အာကာသယာဉ်က ဘန်နူးဂြိုဟ်သိမ် ကျောက်သားနမူနာများကို မျှော်လင့်ထားသည်ထက် ပိုမိုများပြားစွာကောက်ယူနိုင်ခဲ့

**ဝါရှင်တန် အောက်တိုဘာ ၂၄**

အောစီးရစ် ရက်စ် အာကာသယာဉ်သည် ဘန်နူးဂြိုဟ်သိမ် ကျောက်သားနမူနာများကို မျှော်လင့်ထားသည်ထက် ပိုမိုများပြားစွာ ကောက်ယူနိုင်ခဲ့ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က အောက်တိုဘာ ၂၃ ရက်က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

အောစီးရစ် ရက်စ် အာကာသယာဉ်သည် ဘန်နူးဂြိုဟ်သိမ် ကျောက်သား ကျောက်စ နမူနာများကို ၇၀ ဒသမ ၃ ဂရမ်ထိ ကောက်ယူနိုင်ခဲ့ကြောင်း နာဆာ၏သတင်းထုတ်ပြန်ချက်အရ သိရသည်။

အောစီးရစ် ရက်စ် အာကာသယာဉ်အနေဖြင့် ဘန်နူးဂြိုဟ်သိမ် ပေါ်မှ ကျောက်သားကျောက်စ နမူနာ အနည်းဆုံး ဂရမ် ၆၀ ထိ ရယူနိုင်ခဲ့ဖွယ်ရှိသည်ဟု သိပ္ပံပညာရှင်များက ယခင်က ယူဆထားသည်။

သို့ရာတွင် အောစီးရစ် ရက်စ် အာကာသယာဉ်သည် ဘန်နူးဂြိုဟ်သိမ် ကျောက်သားနမူနာများကို မျှော်လင့်ထားသည်ထက် ပို၍ ကောက်ယူနိုင်ခဲ့ရာ အနည်းဆုံးဂရမ် ၇၀ ထိ ရှိခဲ့ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

အောစီးရစ် ရက်စ် အာကာသယာဉ်သည် ၂၀၂၀ ပြည့်နှစ်တွင် ဘန်နူးဂြိုဟ်သိမ် ကျောက်သားနမူနာများကို ကောက်ယူခဲ့ပြီး ယခုနှစ် စက်တင်ဘာလတွင် ကမ္ဘာမြေသို့ ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း၊ ဘန်နူးဂြိုဟ်သိမ် ကျောက်သားနမူနာများကို လေ့လာခြင်းဖြင့် နေအဖွဲ့အစည်း စတင်ပေါ်ထွက်ခါစကာလ အခြေအနေကို လေ့လာရာတွင် အထောက်အကူပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# HEALTH

## သုက်ရည်ဂလင်းအိတ်ကင်ဆာရောဂါ ကုသရာတွင် ဆေးဝါးနှစ်မျိုးပေါင်းကုထုံးသစ်က ထောက်ကူပေးနိုင်

**နယူးယောက် အောက်တိုဘာ ၂၄**

ဆေးဝါးနှစ်မျိုးပေါင်း ကုထုံးသစ်တစ်မျိုးသည် သုက်ရည်ဂလင်းအိတ်ကင်ဆာရောဂါကို ကုသရာတွင် အထောက်အကူပေးနိုင်ဖွယ်ရှိကြောင်း အောက်တိုဘာ ၂၃ ရက် သတင်းများတွင် ဖော်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လက်တွေ့စမ်းသပ်မှုရလဒ်များအရ Enzalutamide ခေါ် ဆေးဝါးတစ်မျိုးကို ပုံမှန်ဟော်မုန်းကုထုံးဖြင့် တွဲသုံးပါက သုက်ရည်ဂလင်းအိတ်ကင်ဆာ တစ်ကျော့ပြန် ပေါ်လာနိုင်ခြေကို ၆၀ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်သည်။

အထက်ပါဆေးဝါးပုံစံ နှစ်မျိုးပေါင်းကုထုံးသည် သုက်ရည်ဂလင်းအိတ်ကင်ဆာရောဂါခံစားနေကြရသည့် အမျိုးသားများ၏ အသက်ရှင်နိုင်မှုနှုန်းနှင့် ဘဝနေထိုင်မှုအရည်အသွေး နှစ်မျိုးစလုံးကို မြှင့်တင်ပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ယူဆထားသည်။

Enzalutamide ဆေးသည် ကင်ဆာဆဲလ်များကြီးထွားလာစေရန် တက်စတိုစတာရုန်းဟော်မုန်းများက စေ့ဆော်ပေးမှုကို ပိတ်ပင်ပေးသည့် သုက်ရည်ဂလင်းအိတ်ကင်ဆာဆေးဝါးဖြစ်သည်။

သို့ရာတွင် အဆိုပါဆေးကို တစ်မျိုးတည်းအသုံးပြုမည့်အစား Androgen Deprivation Therapy (ADT) ကုထုံးဖြင့် တွဲသုံးပါက သုက်ရည်ဂလင်းအိတ်ကင်ဆာ တစ်ကျော့ပြန် ပေါ်နိုင်ခြေကို ထိရောက်စွာလျှော့ချပေးနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် နိုင်ငံပေါင်း ၁၇ နိုင်ငံတို့မှ သုက်ရည်ဂလင်းအိတ်ကင်ဆာရောဂါသည် ၁၀၆၈ ဦးတို့ကို လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## Viagra ဆေးက အယ်ဇိုင်းမားရောဂါ ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်

**နယူးယောက် အောက်တိုဘာ ၂၄**

အမျိုးသား ပန်းသေပန်းညှိုးရောဂါအတွက် အသုံးပြုသည့် ဗိုင်အာဂရာ(Viagra) သည် အယ်ဇိုင်းမားရောဂါ ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း အောက်တိုဘာ ၂၃ ရက် သတင်းများအရ သိရသည်။

ဗိုင်အာဂရာဆေးသည် အယ်ဇိုင်းမားရောဂါခံစားနေရသူများ၏ ဦးနှောက်အတွင်းရှိနေတတ်သော အင်ဇိုင်းတစ်မျိုးကို ပိတ်ပင်ထိန်းချုပ်ထားနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ထို့ပြင် ဗိုင်အာဂရာသည် သွေးဖြည့်ဆည်းနိုင်စွမ်းကိုလည်း မြှင့်တင်ပေးနိုင်သည်ဖြစ်ရာ ဦးနှောက်ကျန်းမာရေးကို အထောက်အကူပြုပြီး ဦးနှောက်စွမ်းဆောင်ရည်ထိခိုက်ပျက်စီးမှုရောဂါ (Dementia) အတွက်ပင် ကုထုံးတစ်မျိုးဖြစ်လာနိုင်ခြေရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အသက် ၆၅ နှစ်အထက် လူပေါင်း ၂၇၀၀၀ ကျော်တို့ကို လေ့လာခဲ့ပြီးနောက် ဗိုင်အာဂရာ၏ အာနိသင်ကို ဖော်ထုတ် တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ဗိုင်အာဂရာကိုသောက်သုံးနေရသူ အမျိုးသားများတွင် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေမှာ ၆၂ ရာခိုင်နှုန်း ပိုနည်းသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Xinhua News**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# အစ္စရေးအသင်း၏ ယူရိုခြေစစ်ပွဲစဉ်များကို နိုဝင်ဘာလတွင် ပြန်လည်ကစားရန် ဖီဖာဆုံးဖြတ်



**ဂျေရုဆလင် အောက်တိုဘာ ၂၄**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) က ရွှေ့ဆိုင်းခဲ့ရသည့် အစ္စရေးအမျိုးသားအသင်း၏ ယူရို ၂၀၂၄ ခြေစစ်ပွဲစဉ်များနှင့် အမျိုးသမီးအသင်း၏ ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပွဲစဉ်များကို နိုဝင်ဘာလတွင် ပြန်လည်ကစားရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ယခုလအစောပိုင်းတွင် ဖြစ်ပွားခဲ့သည့် အစ္စရေး-ဟားမစ် စစ်ပွဲကြောင့် အောက်တိုဘာလ၌ကစားရမည့် အစ္စရေးအမျိုးသားနှင့်အမျိုးသမီးအသင်းတို့၏ ပွဲစဉ်များကို ရွှေ့ဆိုင်းခဲ့ရသော်လည်း လက်ရှိတွင် ဖီဖာက ပွဲစဉ်ပြန်လည်ရေးဆွဲ၍ နိုဝင်ဘာလတွင်ကစားရန် အတည်ပြုထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အစ္စရေး အမျိုးသားအသင်းအတွက် ယူရို ၂၀၂၄ ခြေစစ်ပွဲစဉ်များအဖြစ် နိုဝင်ဘာ ၁၂ ရက်တွင် ကိုဆိုဗိုနှင့်လည်းကောင်း၊ နိုဝင်ဘာ ၁၅ ရက်တွင် ဆွစ်ဇာလန်အသင်းနှင့်လည်းကောင်း ပြန်လည်ကစားမည်ဖြစ်ပြီး အစ္စရေးအမျိုးသမီးအသင်းအတွက် နေးရှင်းလိဂ်ပွဲစဉ်အဖြစ် နိုဝင်ဘာ ၂၃ ရက်တွင် ကာဇက်စတန်အသင်းနှင့်အဝေးကွင်းလည်းကောင်း၊ နိုဝင်ဘာ ၁၆ ရက်တွင် အိမ်ကွင်းတွင်လည်းကောင်း ပြန်လည်ကစားရမည်ဖြစ်သည်။

လက်ရှိတွင် အစ္စရေးအမျိုးသားအသင်းသည် ယူရိုခြေစစ်ပွဲ အုပ်စု (I)တွင် ခြောက်ပွဲကစားအပြီး ရမှတ် ၁၁ မှတ်ဖြင့် အဆင့်(၃)တွင် ရပ်တည်နေပြီး တိုက်ရိုက်ဝင်ခွင့်ရရှိရန်အခြေအနေကောင်းများပိုင်ဆိုင်ခဲ့သကဲ့သို့ အမျိုးသမီးအသင်းသည်လည်း နေးရှင်းလိဂ်(C) အုပ်စု(၄)တွင် တစ်ပွဲကစားအပြီး ရမှတ်သုံးမှတ်ဖြင့် အဆင့်(၂)တွင် ရပ်နေသောကြောင့် နောက်တစ်ဆင့်တက်ရောက်ရန် အခွင့်အရေးကောင်းများရှိနေကြောင်း သိရသည်။

Ref : Xinhua

Trs : ML

# အေဂျက်အသင်းက နည်းပြစတိုင်းန်ကို ရာထူးမှထုတ်ပယ်ကြောင်း ကြေညာ

**အမ်စတာဒမ် အောက်တိုဘာ ၂၄**

အေဂျက်အသင်းသည် အုထရက်အသင်းနှင့် ပွဲစဉ်တွင် လေးဂိုးသုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် အမှတ်ပေးဇယားအဆင့်(၁၇)နေရာသို့ရောက်ရှိခဲ့ပြီး ရလဒ်ပိုင်းဆိုးရွားနေသည့်အတွက် နည်းပြစတိုင်းန်ကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့သည်ဟု ယနေ့တွင် ကြေညာခဲ့ကြောင်း သိရသည်။

အသက် ၄၉ နှစ်ရှိ နည်းပြစတိုင်းန်သည် အေဂျက်အသင်းကို ပြီးခဲ့သည့် ဇွန်လမှစတင်ကာ သုံးနှစ်သဘောတူစာချုပ်ဖြင့် တာဝန်ယူခဲ့သော်လည်း ရာသီအစပွဲစဉ်ဖြစ်သည့် ဟာရေကယ်အသင်းကိုသာ အနိုင်ရခဲ့ပြီး နှစ်ပွဲသရေ၊ လေးပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ရာ အသင်းတာဝန်ရှိသူများက ၎င်းကို ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြစတိုင်းန်က "ကျွန်တော့်အနေနဲ့အေဂျက်အသင်းကို အရင်လိုအောင်မြင်မှုတွေ ပြန်ရအောင်ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ ရည်မှန်းချက်တွေဖြစ်မလာဘဲကျရှုံးခဲ့တာပါ။ အခုချိန်မှာတော့ အသင်းနဲ့ အဆုံးသတ်ဖို့အချိန်ရောက်လာတာကြောင့် လမ်းခွဲတာပါ"ဟု အသင်းဝက်ဘ်ဆိုက်တွင် ရေးသားဖော်ပြခဲ့သည်။

လက်ရှိတွင် အေဂျက်အသင်းတာဝန်ရှိသူများက ယခင်အေဂျက်အသင်းကစားသမားဟောင်း မာဒူရိုကို ယာယီနည်းပြအဖြစ်ခန့်အပ်ခဲ့ပြီး ဘရိုက်တန်အသင်း၊ပီအက်ဗွီအသင်းတို့ပွဲစဉ်ကို တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်းသိရသည်။

Ref : RT

Trs : ML




# အန်တိုနီဂျိုရှာနှင့် ကာဘာယယ်တို့ ဒီဇင်ဘာလတွင် ထိုးသတ်ရန်စီစဉ်

**ပနားမား အောက်တိုဘာ ၂၄**

WBA(Super)၊ IBF၊ WBO၊ IBO ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံခါးပတ်များကို နှစ်ကြိမ်ရရှိခဲ့ဖူးသည့် ဗြိတိန်လက်ဝှေ့သမား အန်တိုနီဂျိုရှာက လာမည့်ဒီဇင်ဘာလတွင် စိန်ခေါ်ပွဲတစ်ပွဲမဖြစ်မနေ စီစဉ်သွားမည်ဟု တရားဝင်ထုတ်ပြန်ထားပြီး ထိုးသတ်မည့်ပြိုင်ဘက်ကို ရွေးချယ်လျက်ရှိနေကာ ကာဘာယယ်နှင့် ထိုးသတ်သွားဖွယ်ရှိနေကြောင်း သိရသည်။

အစောပိုင်းက အန်တိုနီဂျိုရှာသည် အမေရိကန်လက်ဝှေ့သမား ဒီယွန်တေဝီလ်ဒါနှင့် ထိုးသတ်ရန်စီစဉ်ထားသော်လည်း ဆွေးနွေးမှုအဆင်မပြေသည့်အတွက် ရှုံးပွဲမရှိသေးသည့် ဂျာမနီလက်ဝှေ့သမား ကာဘာယယ်နှင့်ထိုးသတ်ရန် စီစဉ်သွားမည်ဖြစ်ကြောင်း အန်တိုနီဂျိုရှာ၏ Promoter အက်ဒီဟန်းက ပြောကြားသည်။

အန်တိုနီဂျိုရှာသည် WBA (Super)၊ IBF၊ WBO၊ IBO ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံခါးပတ်များကိုဆွတ်ခူးထားသည့် ယူကရိန်းလက်ဝှေ့သမား အလက်ဇန်းဒါးအူဆက်ခ်နှင့် ပြန်လည်ထိုးသတ်ခွင့်ရရှိရေးအတွက် ကမ္ဘာ့ဟဲဗီးဝိတ်တန်းစိန်ခေါ်ပွဲများ ဆက်တိုက်ထိုးသတ်မှုများပြုလုပ်နေသူဖြစ်ပြီး အလက်ဇန်းဒါးအူဆက်ခ်ကို နှစ်ကြိမ် ရှုံးနိမ့်ထားသည့်အတွက် တိုက်ရိုက်စိန်ခေါ်ခွင့်မရတော့ဘဲ ချန်ပီယံစိန်ခေါ်ခွင့်အတွက် ကမ္ဘာ့ဟဲဗီးဝိတ်တန်းတွင် စိန်ခေါ်ပွဲများ ထိုးသတ်ရန် လိုအပ်နေခြင်းဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် စိန်ခေါ်ပွဲနှစ်ပွဲထိုးသတ်ထားသည့် အန်တိုနီဂျိုရှာသည် တစ်နှစ်အတွင်းစိန်ခေါ်ပွဲသုံးပွဲထိုးသတ်နိုင်ရေးအတွက် ဒီဇင်ဘာလတွင် မဖြစ်မနေစိန်ခေါ်ပွဲတစ်ပွဲထိုးသတ်သွားရန်စီစဉ်နေခြင်းဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် အလက်ဇန်းဒါးအူဆက်ခ်ကို ပြန်လည်စိန်ခေါ်နိုင်ရေးအတွက် ယခုနှစ်အတွင်း စိန်ခေါ်ပွဲ သုံးပွဲထိထိုးသတ်နိုင်ရေးပြင်ဆင်နေကြောင်း သိရသည်။

Ref : RT

Trs : AZL

## ယူရိုပါလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ် ပွဲကြိုသုံးသပ်ချက်

ML

**ဘရိုက်တန် Vs အေဂျက်**

**ကစားမည့်ရက်/အချိန် ၂၇-၁၀-၂၀၂၃ (နံနက် ၀၁း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မရှိ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဘရိုက်တန်** | – | **ဝေး(သရေ)** | **အိမ်(သရေ)** | **ဝေး(ရှုံး)** |
| **အေဂျက်** | – | **ဝေး(သရေ)** | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** |

ဘရိုက်တန်အသင်းဟာ အခုနှစ်မှာ ဥရောပပြိုင်ပွဲ စတင်ကစားခဲ့ရတာကြောင့် အတွေ့အကြုံပိုင်းလိုအပ်ချက်တွေရှိနေသလို လက်ရှိကစားပုံကလဲကျဆင်းနေပါတယ်။ အေဂျက်အသင်းကလဲ အဓိကကစားသမားတွေမရှိတဲ့နောက်ပိုင်း ရလဒ်ဆိုးရွားနေသလို အခုပြိုင်ပွဲမှာလဲ နိုင်ပွဲမရသေးပါဘူး။ ဒါပေမဲ့ ဘရိုက်တန်က တိုက်စစ်ကစားပုံ ပိုကောင်းသလို အိမ်ကွင်းအားသာချက်လဲရှိတာကြောင့် ဘရိုက်တန်အသင်းကို ရွေးရမှာပါ။

**အင်တာနက်ခန့်မှန်း – ဘရိုက်တန် ၂ – ၁ အေဂျက်**

## အားကစားသတင်း အတိုအထွာများ

- နိုင်ငံတကာပြိုင်ပွဲကာလတွင် ဒဏ်ရာပြဿနာကြုံတွေ့ခဲ့သည့် ကက်စမဲရိုးအနေဖြင့် အောက်တိုဘာ ၂၃ ရက် လေ့ကျင့်ရေးအစီအစဉ်တွင်ပြန်လည်ပါဝင်ခဲ့ကြောင်း မန်ယူအသင်းက ထုတ်ပြန်ခဲ့သည်။
- လိုက်ပ်ဇစ်အသင်းက တိုက်စစ်မှူး ပေါလူဆန်ကို ၂၀၂၆ ခုနှစ်ထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ML

# ပရီးမီးယားလိဂ်ပွဲစဉ်(၉)အပြီးတွင် ရမှတ်အများဆုံး နည်းပြအဖြစ် စပါးနည်းပြ ပိုစတီကိုဂလူ မှတ်တမ်းဝင်




**လန်ဒန် အောက်တိုဘာ ၂၄**

ပရီးမီးယားလိဂ် ပွဲစဉ်(၉)တွင် စပါးအသင်းက ဖူလ်ဟမ်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီးနောက် နည်းပြပိုစတီကိုဂလူသည် အမှတ်ပေးပြိုင်ပွဲ ကိုးပွဲကစားအပြီးတွင် ၂၃ မှတ်ရရှိခဲ့သောကြောင့် ရမှတ်အများဆုံးရယူနိုင်ခဲ့သည့် နည်းပြတစ်ဦးအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတွင် ရာသီအစ အမှတ်ပေးပွဲစဉ် ကိုးပွဲအပြီးတွင် ရမှတ်အများဆုံးနည်းပြများအဖြစ် ၁၉၉၂-၁၉၉၃ ဘောလုံးရာသီတွင် နော့ဗ်အသင်းနည်းပြဝေါ်လ်ကာက ၂၂ မှတ်နှင့် ၂၀၀၈-၂၀၀၉ ဘောလုံးရာသီတွင် ချဲလ်ဆီးအသင်းနည်းပြ ဟစ်ဒင့်ခ်က ၂၂ မှတ် ရယူနိုင်ခဲ့ပြီး ရမှတ်အများဆုံးနည်းပြများအဖြစ် ရပ်တည်နေသော်လည်း စပါးအသင်းနည်းပြ ပိုစတီကိုဂလူက ဖူလ်ဟမ်အသင်းကို အနိုင်ရခဲ့သည့် ပွဲစဉ်အပြီးတွင် ၂၃ မှတ်ရရှိခဲ့သဖြင့် ရမှတ်အများဆုံးရရှိခဲ့သည့် နည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် စပါးအသင်းသည် နည်းပြမော်ရင်ဟိုလက်ထက် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၅ ရက်က ပရီးမီးယားလိဂ်ပွဲစဉ် ၁၂ ပွဲပြီးဆုံးချိန်တွင် အမှတ်ပေးဇယားထိပ်တွင် ဦးဆောင်နိုင်ခဲ့ပြီး နောက်ပိုင်းအမှတ်ပေးဇယားထိပ်ဆုံးသို့ တက်ရောက်နိုင်ခဲ့ခြင်းမရှိဘဲ ယခုအခါ နည်းပြ ပိုစတီကိုဂလူလက်ထက်မှသာ အမှတ်ပေးကိုးပွဲကစားပြီးချိန်၌ အမှတ်ပေးဇယားထိပ်သို့ ပြန်လည်တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် စပါးအသင်းသည် မြို့ခံပြိုင်ဘက် ဖူလ်ဟမ်အသင်းကို ပွဲစကတည်းက ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၃၅ မိနစ်တွင် ဆွန်ဟောင်မင်က စပါးအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးခဲ့ရာ တစ်ဂိုး ဂိုးမရှိဖြင့် ပထမပိုင်းပြီးဆုံးခဲ့ပြီး ဒုတိယပိုင်းတွင်လည်း စပါးအသင်းကသာ ဆက်တိုက်တိုက်စစ်ဆင်နိုင်ခဲ့ရာ ပွဲချိန် ၅၄ မိနစ်မက်ဒီဆင်က ဒုတိယဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် စပါးအသင်းက ဘောလုံးပိုင်ဆိုင်မှုအသာပေး၍ ပြိုင်ပွဲကို ဆက်လက်ထိန်းချုပ်နိုင်ခဲ့သောကြောင့် နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။

Ref : RT

Trs : ML

# ပြည်နယ်နှင့် တိုင်းဒေသကြီးဘော်လီဘောပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် လူတွေ့စစ်ဆေးခြင်းများပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၂၄**

ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ အားကစားနှင့်ကာယ ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက ပြိုင်ပွဲကို သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျင်းပနိုင်ရေး မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ပြိုင်ပွဲ၌ ဆုတံဆိပ်၊ ဆုကြေးငွေ၊ အမျိုးသား၊ အမျိုးသမီး တံခွန်စိုက်ဗိုင်းနှင့် စုပေါင်းတံခွန်စိုက်ဗိုင်းဆု ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်ပြီး အစည်းအဝေး တက်ရောက်လာကြသည့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှတာဝန်ရှိသူများနှင့်ပြိုင်ပွဲဝင်အသင်းများမှ တာဝန်ရှိသူများက လိုအပ်သည့် အချက်များကို တင်ပြဆွေးနွေးခဲ့ပြီးနောက် ဒုတိယညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက်ပြိုင်ပွဲအုပ်စုခွဲဝေခြင်း၊ ပွဲစဉ်ဇယားရေးဆွဲခြင်းနှင့်ပြိုင်ပွဲဝင် အသင်းများမှ ကစားသမားများကို လူတွေ့စစ်ဆေးခြင်းများပြုလုပ်ခဲ့ပြီးနောက် အစည်းအဝေးကိုရုပ်သိမ်းခဲ့သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အမျိုးသား ၁၅သင်း၊ အမျိုးသမီး ၁၃ သင်းဖြင့် အောက်တိုဘာ ၂၅ ရက်မှ နိုဝင်ဘာ ၃ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **STA**

# Swiss Indoors Basel ပြိုင်ပွဲ၌ အင်ဒီမာရေးက ဟန့်ဖ်မန်းကို အနိုင်ရရှိ

**ဘန်း အောက်တိုဘာ ၂၄**

ဆွစ်ဇာလန်နိုင်ငံ ဘေဆယ်လ်မြို့တွင်ကျင်းပနေသည့် Swiss Indoors Basel တင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်အဖြစ် ဗြိတိန်တင်းနစ်ကစားသမား အင်ဒီမာရေးနှင့် ဂျာမနီတင်းနစ်ကစားသမား ဟန့်ဖ်မန်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အင်ဒီမာရေးက (၇-၅၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာဒုတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်းသိရသည်။

အဆိုပါပွဲစဉ်တွင် အင်ဒီမာရေးသည် ပထမပွဲငယ်၌ tie-break အဆင့်ထိကစားခဲ့ရပြီး အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်၌ သက်သောင့်သက်သာဖြင့်အနိုင်ရရှိပြီး နှစ်ပွဲပြတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အင်ဒီမာရေးသည် တရုတ်နိုင်ငံတွင် ကျင်းပခဲ့သည့် တင်းနစ်ပြိုင်ပွဲများတွင် ရလဒ်မကောင်းခဲ့သော်လည်း ဘေဆယ်လ်ပြိုင်ပွဲတွင် အောင်မြင်မှုရယူနိုင်ရန် ပစ်မှတ်ထားနေပြီး ၂၀၁၉ ခုနှစ်နောက်ပိုင်း ATP Tour တွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်း မရှိသေးသဖြင့် ချန်ပီယံဆုကိုဆွတ်ခူးနိုင်ရန်လည်း ပစ်မှတ်ထားလျက်ရှိပြီး ဒုတိယအဆင့်တွင် အာဂျင်တီးနားတင်းနစ်ကစားသမားအက်ချီဗာရီနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အက်ချီဗာရီသည်ပထမအဆင့်တွင် အမေရိကန်တင်းနစ်ကစားသမား ဆီဘက်စတီယန်ကော့ဒါနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ (၆-၃၊ ၁-၆၊ ၆-၃)ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့သူဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**



# ရှက်တာဒိုးနက်အသင်းက ဖီယင်နအသင်းလက်ထောက်နည်းပြ မာရီနိုပူဆစ်ကို အသင်းနည်းပြသစ်အဖြစ်ခန့်အပ်ကြောင်း ကြေညာ

**ကီယက်ဗ် အောက်တိုဘာ ၂၄**

ယူကရိန်းကလပ် ရှက်တာဒိုးနက်အသင်းက လစ်လပ်နေသည့် အသင်း နည်းပြရာထူးအတွက် နယ်သာလန်ကလပ် ဖီယင်နအသင်း လက်ထောက်နည်းပြ မာရီနိုပူဆစ်ကို အသင်းနည်းပြသစ်အဖြစ်ခန့်အပ်နိုင်ခဲ့ပြီဟု အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

ရှက်တာဒိုးနက် အသင်းသည် ပြီးခဲ့သည့် ယူကရိန်းပရီးမီးယားလိဂ်ပြိုင်ပွဲအဖြစ်ကစားခဲ့သည့် ရှိုင်ရယ်အန့်ဝပ်အသင်းနှင့်ပွဲစဉ်အပြီးတွင် အသင်းနည်းပြ ပက်ထရစ်နှင့် လမ်းခွဲခဲ့ပြီးနောက် လက်ရှိတွင် ယာယီနည်းပြအဖြစ် ဒါရာဂျိဆာနာကိုတာဝန်ပေးထားခြင်းဖြစ်သည်။

ရှက်တာဒိုးနက်စ် အသင်းက ပြီးခဲ့သည့်ရက်ပိုင်းက လစ်လပ်နေသည့်အသင်းနည်းပြရာထူးအတွက် ဖီယင်နအသင်းလက်ထောက်နည်းပြ မာရီနိုပူဆစ်နှင့်ဆွေးနွေးမှုများပြုလုပ်ခဲ့ရာတွင် အသေးစိတ်အချက်အလက်များအားလုံး သဘောတူညီမှုရရှိခဲ့သည့်အတွက် ယခုရက်ပိုင်းအတွင်း စာချုပ်သက်တမ်းနှင့် အသေးစိတ်ကို ထပ်မံအတည်ပြုကြေညာမည်ဖြစ်သည်။

နည်းပြ မာရီနိုပူဆစ်သည် လက်ရှိဖီယင်နအသင်းနည်းပြ အာနီဆလော့လက်အောက်တွင် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ယခုအခါ ရှက်တာဒိုးနက်အသင်း နည်းပြအဖြစ် တာဝန်ထမ်းဆောင်ရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်သည့်အတွက် ဖီယင်နအသင်း လက်ထောက်နည်းပြရာထူးမှ နုတ်ထွက်ခဲ့ပြီဖြစ်သည်။

ရှက်တာဒိုးနက် အသင်းသည် ယခုနှစ်ဘောလုံးရာသီ ယူကရိန်းပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၁၀ ပွဲကစားပြီးချိန်တွင် ခြောက်ပွဲနိုင် သုံးပွဲသရေတစ်ပွဲရှုံး ရမှတ် ၂၁ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၃)နေရာတွင် ရပ်တည်နေပြီး နည်းပြ မာရီနိုပူဆစ်က လာမည့်အောက်တိုဘာ ၂၅ ရက်တွင်ကစားမည့် ဘာစီလိုနာအသင်း နှင့်ချန်ပီယံလိဂ်ပွဲစဉ်၌ စတင်တာဝန်ယူဖွယ်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**

# မန်ယူအသင်းဖော်ဟောင်းများနှင့် တွေ့ဆုံခဲ့ပြီးနောက် ဂိုးသမားဒီဂီယာနှင့် မန်ယူအသင်းတို့၏ အပြောင်းအရွှေ့မှာ သတင်းပိုမိုကျယ်ပြန့်လာ



**မန်ချက်စတာ အောက်တိုဘာ ၂၄**

ပြီးခဲ့သည့် ဘောလုံးရာသီ အကုန်က မန်ယူအသင်းနှင့်စာချုပ်သက်တမ်း ကုန်ဆုံးခဲ့ပြီးနောက် အသင်း လက်မဲ့ဖြစ်နေသည့် ဂိုးသမား ဒီဂီယာသည် မန်ချက်စတာမြို့တွင် အသင်းဖော်ဟောင်းများနှင့်စားသောက်ဆိုင်၌ တွေ့ဆုံခဲ့ပြီးနောက် မန်ယူအသင်းနှင့် အပြောင်းအရွှေ့သတင်းမှာ ပိုမိုကျယ်ပြန့်လာခဲ့ကြောင်း သိရသည်။

ဒီဂီယာသည် ပြီးခဲ့သည့်ဘောလုံးရာသီက မန်ယူအသင်းနှင့်အကောင်းဆုံးလက်စွမ်းပြသနိုင်ခဲ့ပြီး ရွှေလက်အိတ်ဆုပင်ရရှိခဲ့သော်လည်း နည်းပြတန်ဟက်က ၎င်း၏ကစားကွက်နှင့် အံ့မဝင်သည့်အကြောင်းပြချက်ဖြင့် သက်တမ်းတိုး စာချုပ်ချုပ်ဆိုခြင်း မလုပ်တော့ဘဲ အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ကာ ၎င်း၏နေရာတွင် အင်တာမီလန်အသင်းမှ အိုနာနာနှင့်အစားထိုးခဲ့သည်။

သို့သော် အိုနာနာသည် မန်ယူအသင်း၌ ပွဲစဉ်တိုင်းနီးပါးအမှားအယွင်းများပြုလုပ်ပြီး လက်စွမ်းပြသနိုင်ခြင်းမရှိသည့်အတွက် မန်ယူအသင်းပရိသတ်များက အစောပိုင်းကတည်းက ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ဒီဂီယာကိုပြန်လည်ခေါ်ယူပေးရန် တောင်းဆိုမှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက ဒီဂီယာကို ဆော်ဒီကလပ်အသင်းများနှင့်စပိန်ကလပ်အသင်းများက ခေါ်ယူရန် ကမ်းလှမ်းမှုများ ရှိခဲ့သော်လည်း အဆင်မပြေဖြစ်ခဲ့ပြီး လက်ရှိကလပ်အသင်းလက်မဲ့ဖြစ်နေချိန်၌ မန်ယူအသင်းတွင်ကစားစဉ်က နေထိုင်ခဲ့သည့် မန်ချက်စတာမြို့ရှိ နေအိမ်တွင် ပြန်လည်နေထိုင်နေပြီးတစ်ဦးတည်း လေ့ကျင့်မှုများပြုလုပ်ခဲ့ပြီးနောက် မန်ယူအသင်းနှင့် သတင်းများထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ဒီဂီယာသည် မန်ချက်စတာမြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် အသင်းဖော်ဟောင်းများဖြစ်သည့် ဖာနန်ဒက်၊ လင်ဒီလော့ဖ်၊ ဗာရန်းနှင့် ဂိုးသမား ဟီတန်တို့ တွေ့ဆုံခဲ့ပြီးနောက် အသင်းပရိသတ်များက ဒီဂီယာကိုပြန်လည်ခေါ်ယူပေးရန်အတွက် ပိုမိုတောင်းဆိုလာခဲ့ကြကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**

# ဩစတြေးလျဂေါက်သီးမယ် မင်ဂျီလီ ကမ္ဘာ့အဆင့်(၅)အတွင်း ပြန်လည်ဝင်ရောက်

**ကင်ဘာရာ အောက်တိုဘာ ၂၄**

ကမ္ဘာ့အဆင့်(၁) ဂေါက်သီးရိုက်မယ်ဟောင်း တစ်ဦးဖြစ်သူ ဩစတြေးလျ ဂေါက်သီးရိုက်မယ် မင်ဂျီလီသည် တောင်ကိုရီးယားနိုင်ငံ၌ကျင်းပခဲ့သည့် BMW Ladies Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့ပြီးနောက် ကမ္ဘာ့အဆင့်(၅)နေရာအတွင်း ပြန်လည်ဝင်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

မင်ဂျီလီသည် ယခုနှစ်ဂေါက်သီးရိုက်ရာသီတွင် အောင်မြင်မှုရရှိရန် ရုန်းကန်ခဲ့ရပြီးနောက် ကမ္ဘာ့အဆင့်(၁)နေရာမှ အဆင့်(၇)နေရာထိ ကျဆင်းခဲ့သဖြင့် BMW Ladies Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကိုဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားခဲ့ခြင်းဖြစ်ကြောင်း မင်ဂျီလီက ဝန်ခံပြောကြားခဲ့သည်။

BMW Ladies Championshipဂေါက်သီးရိုက်ပြိုင်ပွဲအပြီးတွင် Rolex Rankings က ကမ္ဘာ့အဆင့်သတ်မှတ်ချက်များကိုထုတ်ပြန်ခဲ့ရာ၌ အမေရိကန်ဂေါက်သီးရိုက်မယ် လီလီယာဗူက ကမ္ဘာ့အဆင့်(၁)နေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့ပြီး တရုတ်ဂေါက်သီးရိုက်မယ် ရှုနင်ယင်က ကမ္ဘာ့အဆင့်(၂)နေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။

ထို့ပြင် တောင်ကိုရီးယားဂေါက်သီးရိုက်မယ် ဂျင်ယန်းကိုကလည်း ကမ္ဘာ့အဆင့်(၃)နေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့ပြီး မင်ဂျီလီက ကမ္ဘာ့အဆင့်(၄)နေရာတွင် ရပ်တည်နိုင်ခဲ့ကာ ပြင်သစ်ဂေါက်သီးရိုက်မယ် ဘောင်တီယာက အဆင့်(၅)၊ယခင်ကမ္ဘာ့အဆင့်(၁)ဂေါက်သီးရိုက်မယ်ဟောင်း တစ်ဦးဖြစ်သူ အမေရိကန် ဂေါက်သီးရိုက်မယ် နယ်လီကော့ဒါက အဆင့်(၆)၊ တောင်ကိုရီးယားဂေါက်သီးရိုက်မယ် ကင်မ်ဟိုဂျီက အဆင့်(၇)၊ အင်္ဂလန်ဂေါက်သီးရိုက်မယ် ချာလေဟူးလ်က အဆင့်(၈)၊ နယူးဇီလန်ဂေါက်သီးရိုက်မယ် လိုင်ဒီယာက အဆင့်(၁၃)နေရာမှ အဆင့်(၉)နေရာသို့ တက်လှမ်းလာနိုင်ခဲ့ပြီး အဆင့်(၉)နေရာတွင် ရပ်တည်ခဲ့သည့် အမေရိကန်ဂေါက်သီးရိုက်မယ် အလစ်ဆင်က အဆင့်(၁၀)နေရာသို့ ကျဆင်းခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# အစ္စရေး၏ Iron Dome ကို ဟားမစ်တို့ ဘယ်လိုထိုးဖောက်ခဲ့သလဲ

အစ္စရေးနိုင်ငံသည် ၎င်း၏ တစ်မူထူးခြားသော လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကြောင့် စွမ်းဆောင်ရည်မြင့်မားသော နောက်ဆုံးပေါ် ကာကွယ်ရေးနည်းပညာများနှင့် စွမ်းဆောင်ရည်များကို အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိသည့် သမိုင်းကြောင်းရှိနေသည်။ အစ္စရေးတို့၏စစ်ရေးအင်အားတောင့်တင်းမှုသာဓကတစ်ရပ်မှာ Iron Dome လေကြောင်းရန်ကာကွယ်ရေးစနစ်ပင်ဖြစ်သည်။ ၎င်းစနစ်ကိုဒုံးကျည်များနှင့် ရော့ကတ်များကာကွယ်နိုင်သည့် ကမ္ဘာ့အကောင်းဆုံးစနစ်အဖြစ် ကျယ်ပြန့်စွာ တင်စားရေးသားပြောဆိုလျက်ရှိသည်။

သို့သော် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် အစ္စရေးနိုင်ငံသည် ဂါဇာအခြေစိုက် ပါလက်စတိုင်း စစ်သွေးကြွအုပ်စုဖြစ်သည့် ဟားမစ်အဖွဲ့မှ ဒုံးကျည်အမြောက်အမြားဖြင့် တိုက်ခိုက်မှုကို အမှတ်မထင် အလစ်အငိုက်ခံလိုက်ရသည်။ ဟားမစ်အဖွဲ့သည် အစ္စရေးနိုင်ငံတစ်ဝန်းရှိ ပစ်မှတ်များကို ထောင်ပေါင်းများစွာသော ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ကြောင်း နိုင်ငံတကာ သတင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။

လက်ရှိအချိန်ထိ အသေးစိတ်အခြေအနေကို မသိရှိရသေးသည့်တိုင်အောင် ဟားမစ်အဖွဲ့၏ဒုံးကျည်ထောင်ပေါင်းများစွာသည် အစ္စရေး၏ဒုံးကျည်ကာကွယ်ရေးစနစ်ကို ထိုးဖောက်နိုင်ခဲ့သဖြင့် သေကျေထိခိုက်မှုနှင့် ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်စေခဲ့သည်။ ထို့ကြောင့် အစ္စရေးဒုံးကျည်ကာကွယ်ရေးမဟာဗျူဟာသည် ဟားမစ်တို့၏တိုက်ခိုက်မှုကို အပြည့်အဝကြားဖြတ် တိုက်ခိုက်ပစ်ချနိုင်စွမ်းမရှိသည်မှာ ထင်ရှားပေါ်လွင်လျက်ရှိသည်။ လေကြောင်းရန်ကာကွယ်ရေးစနစ်များ၏ အခြေခံသဘောတရားကို သိရှိထားမှသာလျှင် အစ္စရေးအနေဖြင့် ဟားမစ်၏ ဒုံးကျည်တိုက်ခိုက်မှုများကို အပြည့်အဝကာကွယ်နိုင်စွမ်းမရှိသောအခြေအနေကို နားလည်သဘောပေါက်မည်ဖြစ်သည်။

**ထောက်လှမ်းခြင်း၊ ခွဲခြားဆုံးဖြတ်ခြင်း၊ သက်မဲ့ဖြစ်အောင်ဆောင်ရွက်ခြင်း**

လေကြောင်းရန် ကာကွယ်ရေးစနစ်တစ်ခုတွင် အဓိက အစိတ်အပိုင်းသုံးခုပါဝင်သည်။ ပထမဆုံးအနေဖြင့် ဝင်ရောက်လာသော ဒုံးကျည်များကို ထောက်လှမ်းခြင်း၊ အမျိုးအမည်ခွဲခြားခြင်းနှင့် ခြေရာခံခြင်းတို့ လုပ်ဆောင်သည့်ရေဒါများပင်ဖြစ်သည်။ ရေဒါများ၏ ထောက်လှမ်းနိုင်မှုစွမ်းရည်သည် အမျိုးမျိုးကွဲပြားလျက်ရှိသည်။ ရေသွန်ကုမ္ပဏီ၏အဆိုအရ Iron Dome ရေဒါသည် အကွာအဝေး ၂ ဒသမ ၅ မိုင်မှ ၄၃ ဒသမ ၅ မိုင်ထိ ထိရောက်မှုရှိသည်ဟုဆိုသည်။

အရာဝတ္ထုတစ်ခုကို ခြိမ်းခြောက်မှုအဖြစ် အတည်ပြုပြီးချိန်တွင် Iron Dome သည် ထိုအရာကို ရေဒါဖြင့် ဆက်လက်ခြေရာခံသွားမည်ဖြစ်သည်။ ဒုံးကျည်များသည် တစ်စက္ကန့်လျှင် ပေ ၃၂၈၀ ထိရောက်ရှိသည့် အလွန်မြန်ဆန်လွန်းသောအလျင်နှုန်းရှိသော်လည်း ကာကွယ်ရေးစနစ်သည် ဝင်ရောက်လာသည့် ဒုံးကျည်ကို ကြားဖြတ်တိုက်ခိုက်နိုင်ရန် အချိန်တစ်မိနစ်ခန့်သာရရှိသည်။

လေကြောင်းရန်ကာကွယ်ရေးစနစ်၏ အဓိကကျသော ဒုတိယအစိတ်အပိုင်းသည် တိုက်ပွဲထိန်းချုပ်ရေးစင်တာပင်ဖြစ်သည်။ အဆိုပါ အစိတ်အပိုင်းသည် ခြိမ်းခြောက်မှုကို ကြားဖြတ်ချေမှုန်းနိုင်ရေးအတွက် သင့်လျော်သောနည်းလမ်းကို ဆုံးဖြတ်သည်။ တိုက်ပွဲထိန်းချုပ်ရေးစင်တာသည် ကြားဖြတ်ဒုံးကျည်များကို



မည်သည့်နေရာမှ ပစ်ခတ်သွားမည်နှင့် ကြားဖြတ်ဒုံးကျည်အရေအတွက် မည်မျှဖြင့်ဝင်ရောက်လာသော ဒုံးကျည်ကို တုံ့ပြန်တိုက်ခိုက်သွားမည်ဆိုသောအချက်ကို ဆုံးဖြတ်ရန် ရေဒါအချက်အလက်ကို စဉ်ဆက်မပြတ် တည်းဖြတ်အဆင့်မြှင့်တင်ဆောင်ရွက်ရသည်။

အဓိကကျသော တတိယအစိတ်အပိုင်းသည် ကြားဖြတ်ဒုံးကျည်ပင်ဖြစ်သည်။ Iron Dome သည် အပူချိန်သုံး အာရုံခံစနစ်များပါရှိသည့် မြန်နှုန်းမြင့်ဒုံးကျည်ဖြစ်သည်။ အဆိုပါ အာရုံခံစနစ်များသည် ကြားဖြတ်ဒုံးကျည်ကို ပျံသန်းဝင်ရောက်လာသည့် ဒုံးကျည်လမ်းကြောင်းကို အချိန်နှင့်တစ်ပြေးညီ သတင်းပို့လျက်ရှိသဖြင့် ခြိမ်းခြောက်မှုဆီသို့ အနီးကပ်ပျံသန်းနိုင်စေမည်ဖြစ်သည်။ ကြားဖြတ်ဒုံးကျည်သည် ဝင်ရောက်လာသည့် ဒုံးကျည်အနီးတွင် ပေါက်ကွဲမှုဖြစ်စေသည့်စနက်တံကိုအသုံးပြုထားရှိသည်။ ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် ဝင်ရောက်လာသောဒုံးကျည်ကို ပစ်မှတ်တိုက်ရိုက်ထိမှန်နိုင်စွမ်းမရှိဘဲ သက်မဲ့ဖြစ်သွားစေခဲ့သည်။

**ဒုံးကျည်ကာကွယ်ရေးများ၏ ကန့်သတ်ချက်များ**

အစ္စရေးနိုင်ငံအနေဖြင့် လုပ်ငန်းလည်ပတ်နေသော Iron Dome အနည်းဆုံး တပ်ခွဲရှစ်ခွဲခန့်ရှိပြီး တပ်ခွဲတစ်ခွဲလျှင် ကြားဖြတ်ဒုံးကျည်အစင်း ၆၀ မှ ၈၀ ထိ ပါရှိသည်။ ၎င်းကြားဖြတ်ဒုံးကျည်တစ်စင်းလျှင် အမေရိကန်ဒေါ်လာ ၆၀၀၀၀ ခန့် ကုန်ကျသည်။ ယခင်တိုက်ခိုက်မှုများတွင် ဒုံးကျည်နှင့် ရော့ကတ်အရေအတွက် အနည်းငယ်သာ ရှိခဲ့သောကြောင့် Iron Dome သည် ခြိမ်းခြောက်မှုများကို ၉၀ ရာခိုင်နှုန်းခန့် ထိရောက်စွာချေမှုန်းနိုင်ခဲ့သည်။

Iron Dome သည် ထိုသို့ ထိရောက်မှုများရှိခဲ့လျှင် မကြာသေးမီက ဟားမစ်တိုက်ခိုက်မှုများတွင် အဆိုပါစနစ်သည် မည်သည့်အတွက်ကြောင့် အလုပ်မဖြစ်သလဲဆိုသော မေးခွန်းများပေါ်ထွက်လျက်ရှိသည်။ ဟားမစ်အဖွဲ့သည် ဒုံးကျည်ထောင်ပေါင်းများစွာနှင့် ပစ်ခတ်ခဲ့သော်လည်း အစ္စရေးအနေဖြင့် တန်ပြန်တိုက်ခိုက်ပစ်ချနိုင်ရေးအတွက် အသင့်ပြင်ထားသည့် ဒုံးကျည်အရေအတွက်မှာ ထောင်ဂဏန်းအောက်တွင်သာရှိနေသည်။ Iron Dome အနေဖြင့် ဝင်ရောက်လာသောခြိမ်းခြောက်မှုများကို ရာနှုန်းပြည့်ထိရောက်စွာ ချေမှုန်းနိုင်သည့်တိုင်အောင် ဟားမစ်ပစ်ခတ်လိုက်သော ဒုံးကျည်ထောင်ပေါင်းများစွာအနက် အချို့သော ဒုံးကျည်များသည် အစ္စရေး၏ဒုံးကျည်ကာကွယ်ရေးစနစ်ကို ဖောက်ထွင်းနိုင်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

အကောင်းဆုံးသော လေကြောင်းရန်ကာကွယ်ရေးစနစ်များသည်ပင်လျှင် ခြိမ်းခြောက်သောအရေအတွက် အလွန်များပြားနေမည်ဆိုလျှင် လွှမ်းမိုးခံရနိုင်ကြောင်းကို ဟားမစ်တိုက်ခိုက်မှုက သရုပ်ပြသလျက်ရှိသည်။

အစ္စရေးနိုင်ငံသည် ဒုံးကျည်ကာကွယ်ရေးစနစ်ကို ပြီးခဲ့သော နှစ်ပေါင်းများစွာကတည်းက တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဘဏ္ဍာငွေများစွာ ရင်းနှီးမြှုပ်နှံထားရှိခြင်းဖြစ်သည်။ ဟားမစ်တို့အနေဖြင့် အစ္စရေး၏ ဒုံးကျည်ကာကွယ်ရေးစနစ်ကို မည်သို့လွှမ်းမိုးနိုင်ခဲ့သနည်း။ ဟားမစ်တို့ပစ်ခတ်သောဒုံးကျည်တစ်စင်းလျှင် အမေရိကန်ဒေါ်လာ ၆၀၀ ခန့်သာ ကုန်ကျသည့်အတွက် Iron Dome ကြားဖြတ်ဒုံးကျည်များထက် အဆ ၁၀၀ ခန့် ဈေးနှုန်းပိုမိုချိုသာလျက်ရှိသည်။ ဟားမစ်တို့အနေဖြင့် ဒုံးကျည်အစင်း ၅၀၀၀ ပစ်ခတ်မည်ဆိုလျှင် အမေရိကန်ဒေါ်လာ သုံးသန်းခန့်သာ ကုန်ကျသည့်အချိန်တွင် အစ္စရေးတို့ပစ်ခတ်သော ကြားဖြတ်ဒုံးကျည်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၄၈ သန်းခန့် ကုန်ကျမည်ဖြစ်သည်။

ထို့ကြောင့် ဟားမစ်တို့သည် စနစ်တကျ အစီအစဉ်ရေးဆွဲပြီးနောက် ဈေးနှုန်းချိုသာသောဒုံးကျည်အမြောက်အမြားဖြင့် ပစ်ခတ်ခြင်းအားဖြင့် အစ္စရေးတို့၏ Iron Dome ကာကွယ်ရေးစွမ်းဆောင်ရည်များကိုလွှမ်းမိုးခဲ့ဖွယ်ရာရှိသည်။ ဈေးနှုန်းနည်းပြီး စွမ်းဆောင်ရည်နည်းပါးသော ချဉ်းကပ်မှုသည်ပင်လျှင် ဈေးနှုန်းပိုမိုကြီးမားပြီး နည်းပညာမြင့်မားသော စနစ်ကို ချေမှုန်းနိုင်စွမ်းရှိသည့် အချိုးမညီစစ်ပွဲအတွက် သာဓကတစ်ခုကို ဟားမစ်တိုက်ခိုက်မှုက ရှင်းရှင်းလင်းလင်းပြသခဲ့သည်။

**အနာဂတ်လေကြောင်းရန်ကာကွယ်ရေးစနစ်**

ဟားမစ်တိုက်ခိုက်မှုသည် ကမ္ဘာ့စစ်အင်အားကြီးနိုင်ငံများအားလုံးအတွက် ဂယက်ရိုက်ခတ်မှုဖြစ်နေသည်။ လေကြောင်းရန်ကာကွယ်ရေးစနစ်များအနေဖြင့် ထိရောက်မှုပိုမိုရှိရန် လိုအပ်လာပြီဖြစ်ကြောင်းကို သက်သေပြလျက်ရှိသည်။ ပထမအချက်အနေဖြင့် များစွာသောဒုံးကျည်များကို ကြားဖြတ်ကာကွယ်တိုက်ခိုက်နိုင်သည့် ကာကွယ်ရေးစွမ်းဆောင်ရည်မြင့်မားသောလက်နက်များ လိုအပ်ခြင်းပင်ဖြစ်သည်။ ဒုတိယအချက်မှာ ကာကွယ်ရေးလက်နက်တစ်ခုစီ၏ ကုန်ကျစရိတ်ကို သိသိသာသာ လျှော့ချသွားရန် လိုအပ်ခြင်းပင်ဖြစ်သည်။

ထို့ကြောင့် အနာဂတ်တွင် စွမ်းအားမြင့်လေဆာများနှင့် မိုက်ခရိုဝေ့ဗ်များကို အခြေခံသော တိုက်ရိုက်စွမ်းအင် အထောက်အကူပြုလေကြောင်းရန်ကာကွယ်ရေးစနစ်များကို အရှိန်မြှင့်တင် သုတေသနပြုတိုးတက်ထုတ်လုပ်ပြီး တပ်ဖြန့်ချထားဖွယ်ရာရှိနေသည်။ အဆိုပါ လက်နက်များသည် လျှပ်စစ်စွမ်းအင်ရှိနေသရွေ့ ကာလပတ်လုံး ဈေးနှုန်းသက်သာစွာဖြင့် ပစ်ခတ်နိုင်မည်ဖြစ်သည့်အတွက် ကျည်အမြောက်အမြားပါရှိသော လက်နက်အဖြစ်ပင် တင်စားခေါ်ဆိုနိုင်မည်ဖြစ်သည်။

**ကိုးကား**

- **How Hamas overwhelmed Israel's Iron Dome By Asia Times.**

**ဝင်းဇင်(သုတေသန)**

# မက်မန်းမြို့နယ် ကွန်ဟောင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မက်မန်း အောက်တိုဘာ ၂၄**


ရှမ်းပြည်နယ်(မြောက်ပိုင်း) မက်မန်းခရိုင် မက်မန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကွန်ဟောင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မက်မန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်၊ မက်မန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းညီဇော်လှအောင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကွန်ဟောင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ကွန်ဟောင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၄၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၄၅ သိန်း စုစုပေါင်းငွေကျပ် ၁၉၅ သိန်းအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇူလိုင်လ စတုတ္ထပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မက်မန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်က ပြောပြ၍ သိရသည်။

**သံသာ**

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses opening ceremony of 24th Myanmar Traditional Cultural Performing Arts Competition



Senior General Min Aung Hlaing addresses opening ceremony of 24th Myanmar Traditional Cultural Performing Arts Competition.

**Nay Pyi Taw October 24**

The opening ceremony of 24th Myanmar Traditional Cultural Performing Arts Competition was held at MICC-2 here this morning, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were Daw Kyu Kyu Hla, wife of the Senior General, SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, the Joint SAC Secretary and wife, SAC members and wives, union level officials, union ministers, the Nay Pyi Taw Council chair, senior military officers from Office of Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, members of the steering committee, work committee and subcommittees, chief ministers of regions and states, judges, supervisors, coaches, aides, national brethren contestants from regions and states and officials.

Senior General Min Aung Hlaing, Patron of Steering Committee to Organize 24th Myanmar Traditional Cultural Performing Arts Competition Vice-Senior General Soe Win, and Chair of the Steering Committee Union Minister for Religious Affairs and Culture U Tin Oo Lwin unveiled the signboard of the competition.

In his address, the Senior General said all the peoples of global countries have their own culture, traditions and heritage. Likewise, ethnic peoples of Myanmar also have their unique cultural characteristics. For thousands of years, forefathers of the successive eras of the country have developed and conserved the country's own literature, culture, customs, and true identity and characteristics of Myanmar.

According to the evidences of tangible and intangible cultural heritage, found at ancient cities of Myanmar, literary records, and contemporary records of the neighbouring countries, the **Myanmar people had firmly established religious teachings, an advanced civilization, exquisite art, and their own cultural and lived with national prestige and were proud of identity throughout their long history.**

In this age of rapid IT development countries are facing cultural homogeneity, cultural divide and cultural integration. **Waning or loss of cultural identity will weaken love and admiration for the country, and eventually, the national strength will dry up.** Evaporation of national strength will be followed by threats against the country's sovereignty. In this regard, every country is protecting its own cultural characteristics, national norms, and essence of the nation and preserving and strengthening its national spirit.

The government focuses on exploration and preservation of natural cultural heritages with the aim of sustaining fine prestige, traditions and national standards of Myanmar country and Myanmar people as long as the world exists. **Among these responsibilities for preservation of national cultural heritages, holding the Myanmar Traditional Cultural Performing Arts Competition is one of the national endeavours in which all the entire people participate.**

Arrangements were made to increase quantities and quality of types of events in the compeitition year after year. This year, it can be seen satistactory that number of contestants to the 24th competition is larger than the 23rd competition due to support of officials from regions and states, relevant ministries, encouragement of the government and the people and growing numbers of enthusiasts in the Myanmar's fine arts.

Hence, **all the people were urged to continuously uplift and preserve Myanmar nationa culture with the national awareness and conscientiousness for enabling Myanmar to stand tall in the international community as a fine and noble country and peple with the national prestige and integrity.**

All the people, artistes and all youths have to strive for flourishing of own fine arts and national culture and national characters in the world for thousands of years to preserve them through fine arts power, make efforts for preventing penetration of alien culture into the country, enhancing the national spirit of new generation youths through the fine arts power to prevent cultural heritages of forefathers, and uplifting the national cultural standard of Myanmar with the fine arts power forever for ensuring long term existence of Myanmar as long as the world exists.

Chairman of the Steering Committee Union Minister for Religious Affairs and Culture U Tin Oo Lwin reported on plans for holding the competitions.

The artistes sang the song "let's preserve traditional heritage" composed by Alinkakyawswa U Maung Maung Latt.

After the ceremony, the Senior General, wife and party cordially greeted maestros from the panel of judges and posed for documentary photos together with members of the Steering committee and the work committee.

In accord with four national objectives to uplift national prestige and integrity and to preserve the cultural heritage and national characteristics; to explore, preserve and uplift the traditional cultural heritage of performing arts of ethnic nationals and national cultural characteristics; to explore and preserve the traditional cultural heritage of the young generation and further propagate the national spirit; and to support measures in the field of national culture ensuring the development, peace and tranquility of the State, the performing arts competition is being held. 100



Senior General Min Aung Hlaing greets those present at the ceremony.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# MRF plans to provide some K50 million for farmers from flood-hit Bago Region (east)



An aerial view of flood areas in Bago Region.

**Bago October 24**

CEC from the Myanmar Rice Federation stated that it will provide some K50 million for farmers to have rehabilitation in the flood-affected eastern part of Bago Region.

The meeting of the federation decided to provide cash assistance for flood victim farmers to carry out rehabilitation in eastern Bago Region.

CEC member U Thaung Win of the federation said, "The federation and its associates donated K40 million for rehabilitation of the flood-affected eastern Bago Region for local farmers. They plan to make more donations."

Moreover, the meeting focused on local and foreign rice prices and market situations, warehouse registration and warehouse guarantee to have loans, and short-term cash assistance for rice companies and MSMEs to purchase paddy.

Moreover, they discussed disbursement of loans to farmers who possess more than 10 acres of farmlands in the cultivation season, trading of rice and paddy at home, keeping rice reserve for exportation, emphasis for inflow of export incomes, and trading of paddy and rice at proper prices. ASH

# Lanterns, fireworks marketable in Yangon market

**Yangon October 24**

Thadingyut light festival is getting nearer and the festival is celebrated across the nation yearly. So, lanterns in various colours, sizes and designs are marketable in all parts of the nation, according to the lantern wholesale and retail sale owners in Yangon.

Buddhist people illuminate all things at night of Thadingyut fullmoon and the other days, dedicating to the Lord Buddha. Moreover, children enjoy fireworks and lighting things in the festival. Public residences and buildings are also lit with multicolour lightings.

These fireworks and lanterns are available at major markets such as Theingyi market and Mingala market in Yangon city.

People are eager to enjoy the lighting festival with the use of various sorts of fireworks and bulbs. In this regard, prices of lanterns are ranged from K3,000 to K5,000, and decorated lighting works in lovely designs of animals are sold at K2,500 per cart, rabbit, cat and rooster, K5,000 per star and hot-air balloon from K15,000 to K20,000 depending on designs and sizes.



Lanterns and fireworks for sale at a shop.

336

# More than 73,00 tons of rubber exported in September to earn more thna US$9 million

**Nay Pyi Taw October 24**

The Ministry of Commerce recently stated that more than 7,300 tons of rubber worth US$9 million was exported to three customer countries in September.

More than 1.6 million acres of land are placed under rubber plants in Myanmar, most of these plants are located in Taninthayi Region, Mon State, Yangon Region, Bago Region and Kayin State.

Rubber of Myanmar is exported to customer countries in maritime and land border routes, mostly to China, India, Thailand, Malaysia, Indonesia, Singapore, Korea and China (Taipei).

In September of 2023-24 financial year, 1,504 tons of rubber worth US$2.017 million was exported to customer countries through maritime trade route and 5,802 tons worth US$7.017 million, totalling 7,324 tons worth US$9.034 million.

In this regard, 800 tons of rubber was sent to China, 504 tons to India, more than 200 tons to Korea.

In 2022-23 financial year, Myanmar yielded more than 360,000 tons of rubber, more than 200,000 tons of which was exported to customer countries. In 2023-24 FY, a plan was set to export 300,000 tons of rubber to customer countries.

336

# EU to boost ties with Central Asian countries

**Brussels October 24**

The European Union (EU) and five Central Asian countries have vowed to boost their strategic partnership and deepen ties.

High-ranking officials from the Central Asian countries and the EU met in Luxembourg on Monday for the 19th EU-Central Asia Ministerial Meeting.

"Today's meeting of foreign ministers confirms a new level of cooperation between our regions. In a world confronted with demanding challenges, but also new opportunities, we know that we can achieve more when we act together," said Josep Borrell, the EU's High Representative for Foreign Affairs and Security Policy.

A roadmap endorsed at the meeting underlined key areas for cooperation between the EU and the Central Asian countries. These include inter-regional political dialogue and cooperation, enhancing trade and economic ties, engaging on energy, climate neutral economy and connectivity, and addressing common security challenges.

The ministers said they also looked forward to intensifying cooperation on security and border management, as well as on the joint fight against terrorism and terrorism financing, and violent extremism. Xinhua

# Syria, Lebanon call for immediate stop to deadly Israel-Hamas conflict

**Damascus October 24**

Syria and Lebanon on Monday jointly condemned the Israeli attacks on the Gaza Strip and called for an immediate stop to the deadly Israel-Hamas conflict.

Syrian Foreign Minister Faisal Mekdad met with his visiting Lebanese counterpart Abdallah Bou Habib in the Syrian capital of Damascus, where they underscored the importance of continued consultation and strategic alignment to address the pressing common challenges, Syria's state news agency SANA reported.

During the visit, both sides reiterated their unwavering commitment to addressing the plight of the Palestinian people, stressing unconditional and immediate delivery of humanitarian aid to Gaza.

They vehemently rejected any attempts aimed at the displacement of the Palestinians or delegitimization of the Palestinian cause.

Moreover, they stressed the urgent need for the enforcement of related international resolutions to put an end to the Israeli occupation of Arab territories, while advocating for the establishment of an independent Palestinian state.

The discussion also delved into the Syrian refugee crisis in Lebanon, with both nations highlighting collaborative efforts to ensure the dignified and safe return of Syrian refugees to their homeland.

Xinhua



Syrian Foreign Minister Faisal Mekdad (R) meets with Lebanese Foreign Minister Abdallah Bou Habib in the Syrian capital of Damascus, Oct. 23, 2023.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## အမေရိကန်နိုင်ငံက ယူကရိန်းနိုင်ငံအတွက် လစဉ်ငွေကြေးပံ့ပိုးမှုလျှော့ချသွားမည်



အမေရိကန်သည် ယူကရိန်းနိုင်ငံအတွက် လစဉ်ငွေကြေးပံ့ပိုးမှုကို လျှော့ချသွားမည်ဖြစ်ကြောင်း၊ ထိုသို့လျှော့ချရာတွင် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ကွန်ဂရက်လွှတ်တော်သို့ တောင်းဆိုထားသည့် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၀၅ ဘီလီယံမှ ယူကရိန်းအစိုးရအား လစဉ်ပံ့ပိုးငွေများထဲမှ အမေရိကန်ဒေါ်လာ ၈၂၅ သန်းကို လျှော့ချသွားမည်ဖြစ်ကြောင်း အောက်တိုဘာ ၂၀ ရက် ထုတ်ပြန်ချက်အရ သိရသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် အောက်တိုဘာ ၁၉ ရက် မိန့်ခွန်းတွင် ဖော်ပြထားသည့်အတိုင်း တောင်းဆိုထားသော ရန်ပုံငွေသည် ယူကရိန်းနိုင်ငံအတွက် ပံ့ပိုးကူညီမှု၊ အစ္စရေး၊ တရုတ်(ထိုင်ဝမ်)နှင့် အမေရိကန် နယ်စပ်အတွက် ရန်ပုံငွေ-တို့ကိုပါ တစ်ပါတည်းထည့်သွင်းတောင်းဆိုထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ တောင်းဆိုမှုသည် ကွန်ဂရက်လွှတ်တော်တွင် နှစ်ဖက်ပါတီများ၏ ထောက်ခံမှုကိုရယူရန် ရည်ရွယ်ထားကြောင်း အမေရိကန် မီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

အမေရိကန်က ယူကရိန်းကိုပံ့ပိုးမည့် အကူအညီသည် အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၄ ဘီလီယံရှိပြီး အစ္စရေးကို အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၆ ဘီလီယံပံ့ပိုးမည်ဖြစ်ကြောင်း အိမ်ဖြူတော်၏ စီမံခန့်ခွဲမှုနှင့်ဘတ်ဂျက်ရုံး(OMB) မှ အောက်လွှတ်တော် ယာယီဥက္ကဋ္ဌ ပက်ထရစ်မက်ဟင်နရီထံ အဆိုပြုပေးပို့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံသည် ယူကရိန်းသို့ စီးပွားရေးပံ့ပိုးရေးရန်ပုံငွေ အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် လစဉ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ ပေးပို့ခဲ့ပြီး အဆိုပါရန်ပုံငွေဖြင့် ယူကရိန်းရှိ အစိုးရဝန်ထမ်းများကို လစာပေးရာတွင် အသုံးပြုစေခြင်းမျိုးဖြစ်ကြောင်း သိရသည်။

ဤတောင်းဆိုချက်သည် ယူကရိန်းသို့ လစဉ် ဘတ်ဂျက်ပံ့ပိုးမှုတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံမှ အမေရိကန်ဒေါ်လာ ၈၂၅ သန်းကို လျှော့ချသွားမည်ဖြစ်သော်လည်း တစ်နှစ်တာပံ့ပိုးငွေမှာ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၇၇၅ ဘီလီယံဖြစ်ကြောင်း OMB တောင်းဆိုချက်တွင် ရေးသားဖော်ပြထားသည်။ ဤကိန်းဂဏန်းများသည် ယူကရိန်း၏ ၂၀၂၄ ခုနှစ်ဘတ်ဂျက် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ နောက်ဆုံးရ ခန့်မှန်းချက်များနှင့် အမေရိကန်၊ အီးယူ၊ ဂျပန်နှင့် အခြားအလှူရှင်များ၏ ခွဲဝေမှုဆိုင်ရာ ယူဆချက်များကို အခြေခံတွက်ချက်ထားခြင်းလည်းဖြစ်သည်။

OMB အဆိုပြုချက်ပါ အခြားထင်ရှားသော တောင်းဆိုချက်များထဲတွင် စစ်ရေးအကူအညီအတွက် အမေရိကန်ဒေါ်လာ သန်း ၁၀၀ မှ ခုနစ်ဘီလီယံထိ ကန့်သတ်ချက်ပြောင်းလဲခြင်းနှင့် ယူကရိန်းအတွက် ချေးငွေကို အမေရိကန်ဒေါ်လာ လေးဘီလီယံမှ ရှစ်ဘီလီယံထိ နှစ်ဆတိုးခြင်းများ ပါဝင်ကြောင်း သိရသည်။

ယူကရိန်း၏စစ်မြေပြင်လိုအပ်ချက်များကို ဖြည့်ဆည်းရန်နှင့် ပြည်သူများကို ကာကွယ်နိုင်စေရန် ကွန်ဂရက်လွှတ်တော်၏လုပ်ဆောင်မှု လိုအပ်လျက်ရှိသည်။ ယခင် အတည်ပြုထားသော ရန်ပုံငွေသည် ကုန်လုနီးပါးဖြစ်သည်ဟု အမေ ရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ အမျိုးသားလုံခြုံရေးအကြံပေး Jake Sullivan က ပြောကြားခဲ့သည်။

**White House proposes to cut Ukraine financial support ကို ဘာသာပြန်ဆိုထားပါသည်။**

## ဂျာမနီနိုင်ငံက Gepard လေယာဉ်ပစ်အမြောက်တပ်ဆင်ထားသောတင့်ကားသုံးစီး ယူကရိန်းသို့ ထပ်မံပေးအပ်သွားမည်

ဂျာမနီ ကာကွယ်ရေးဝန်ကြီးဌာနသည် ယူကရိန်းသို့ Gepard လေယာဉ်ပစ်အမြောက်တပ်ဆင်ထားသော တင့်ကားသုံးစီး ထပ်မံပေးအပ်သွားလိမ့်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်ဟု www.armyrecognition.com သတင်းဌာနက အောက်တိုဘာ ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယခုအခါ ဂျာမနီမှယူကရိန်းသို့ ပံ့ပိုးပေးသည့် လေယာဉ်ပစ်အမြောက်စနစ်တပ်ဆင်ထားသည့်ယာဉ် စုစုပေါင်းအရေအတွက် ၄၉ စီးထိရှိလာပြီး ထိုယာဉ်များကို ဂျာမနီလက်နက်ကိုင် တပ်ဖွဲ့များပိုင် လက်နက်တိုက်များနှင့် နိုင်ငံ၏ကာကွယ်ရေးစက်မှုလုပ်ငန်းနှစ်ခုစလုံးမှ ထုတ်နုတ်ပေးအပ်ခြင်းလည်းဖြစ်သည်။

ဂျာမနီသည် Gepardလေယာဉ်ပစ်အမြောက်စနစ် တင့်ကားများ အပါအဝင် စစ်ရေးအကူအညီများ ပေးအပ်ခြင်းဖြင့် ယူကရိန်းကို တက်ကြွစွာ ပံ့ပိုးကူညီလျက်ရှိသည်။ ဂျာမနီသည် နောက်ထပ် ဂျာမနီထုတ် Flakpanzer Gepard လေကြောင်းရန် ကာကွယ်ရေးစနစ် တပ်ဆင်ထားသောယာဉ် သုံးစီးကို ယူကရိန်းသို့ ပို့ဆောင်ခဲ့ကြောင်း ကြေညာခဲ့သဖြင့် အစောပိုင်းက ပေးပို့ခဲ့သည့် ၄၆ စီးနှင့်ဆိုလျှင် စုစုပေါင်း Gepard စနစ် ၄၉ စီး ပေးပို့ခဲ့ပြီးဖြစ်သည်။ ဤ Gepard လေကြောင်းရန်ကာကွယ်ရေး တင့်ကားများသည် ယူကရိန်းနိုင်ငံ လေကြောင်းရန်ကာကွယ်ရေးကို သိသိသာသာ အားကောင်းလာစေမည်ဟု မျှော်မှန်းထားကြသည်။

Gepard လေယာဉ်ပစ်အမြောက်စနစ်များသည် ရုရှားနိုင်ငံထုတ် ကင်းထောက်ဒရုန်းများကို တန်ပြန်နိုင်မည်ဖြစ်သည်။ Gepards လက်နက်စနစ်များကို ကမ္ဘာတစ်ဝန်းတွင် အကောင်းဆုံးယာဉ်တင်လေယာဉ်ပစ် အမြောက်စနစ်များထဲတွင် ထည့်သွင်းသတ်မှတ်ခံထားရသည်။

Gepard စနစ်ကို Leopard 1 တင့်ကား ကိုယ်ထည်ပေါ်တွင် တပ်ဆင်ထားကာ တပ်ဖွဲ့ဝင်နှစ်ဦး တာဝန်ထမ်းဆောင်နိုင်သော ဆုံလည်အတွင်း ၃၅ မီလီမီတာ အလိုအလျောက် စက်အမြောက်များ တပ်ဆင်အသုံးပြုထားခြင်းဖြစ်ပြီး ရာသီဥတုဒဏ်ခံနိုင်သော ရေဒါလမ်းညွှန်ထိန်းကျောင်းရေးစနစ်လည်းဖြစ်သည်။ ဤစနစ်ကို ၁၉၆၀ ပြည့်နှစ်များတွင် တီထွင်ထုတ်လုပ်ခဲ့ပြီး ၁၉၇၀ ပြည့်နှစ်များတွင် စတင်အသုံးပြုခဲ့ပြီးနောက်ပိုင်းတွင် နောက်ဆုံးပေါ် အီလက်ထရွန်နစ်ပစ္စည်းများဖြင့် အကြိမ်ပေါင်းများစွာ အဆင့်မြှင့်တင်မှုများ ပြုလုပ်နိုင်ခဲ့ကြသည်။

သမိုင်းကြောင်းအရ Gepard လေယာဉ်ပစ်အမြောက်စနစ်သည် ဂျာမနီစစ်ဘက်နှင့် အခြား NATO နိုင်ငံအများအပြား၏ လေကြောင်းရန်ကာကွယ်ရေးအတွက် အခြေခံအုတ်မြစ်တစ်ခုဖြစ်သည်။ လက်ရှိပဋိပက္ခတွင် ယူကရိန်းသည်ရှေ့တန်းနှင့် ဝေးကွာသောနေရာများတွင်ပင် အရပ်ဘက်နှင့်စစ်ဘက်ဆိုင်ရာ အခြေခံအဆောက်အအုံများပေါ်တွင် ဒရုန်းအန္တရာယ်ကို တန်ပြန်ရန် Gepard စနစ်ကို အားကိုးအားထားပြုနေရကြောင်း၊ အရေးပါသော အရပ်ဘက်အခြေခံ အဆောက်အအုံများကို တိုက်ခိုက်မှုများအတွက် အလားအလာရှိသောကြိုတင်ပြင်ဆင်မှုအနေဖြင့် ယူကရိန်းစစ်ဘက်သည် ၎င်းတို့၏ လေကြောင်းရန်ကာကွယ်ရေးကို အဆင့်မြှင့်တင်လျက်ရှိသည်။



ယူကရိန်းနိုင်ငံအတွက် ဂျာမနီ၏ မယိမ်းယိုင်သောပံ့ပိုးကူညီမှုသည် ၎င်း၏ စဉ်ဆက်မပြတ် စစ်ရေးအကူအညီ အစီအစဉ်များကြောင့် လူသိများသည်။ နောက်ဆုံး အကူအညီပေးရေးအစီအစဉ်တွင် Gepard လေကြောင်းရန်ကာကွယ်ရေး စနစ်များနှင့် RQ-35 Heidrun နှင့် Vector ဒရုန်းအစီး ၂၀ ကဲ့သို့သော ကင်းထောက်ဒရုန်းများပါဝင်သည်။ ထို့ပြင် ပြီးခဲ့သည့်သီတင်းပတ်အတွင်း ဂျာမနီသည် ယူကရိန်းတွင် BEAVER တံတားတစ်စင်း၊ HX81 လယ်ထွန်စက် သုံးစီး၊ နောက်တွဲယာဉ် သုံးစီး၊ နယ်ခြားစောင့်ယာဉ် ၁၃ စီးနှင့် DM125 155 မီလီမီတာ အမြောက်ကျည်၃၉၀၀ ခန့်တို့ကို ယူကရိန်းသို့ ပံ့ပိုးပေးခဲ့သည်။

**Germany Strengthens Ukraine's Defense with 3 Additional Gepard Anti-Aircraft Gun Systems ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၄၁၅၀ စိုက်ပျိုးပြီးစီး



ယခင်နှစ်က ဂေါ်ဖီထုပ်စိုက်ခင်းကို တွေ့ရစဉ်။

**အင်းတော် အောက်တိုဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၄၁၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း အင်းတော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြ၍ သိရသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၄၀၇၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၄၁၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကာ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် အင်းတော်မြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၄၀၇၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ အခု ဧက ၄၁၅၀ ထိ စိုက်ပျိုးပြီးစီးပါပြီ။ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်းသီး၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ရုံးပတီ စတာတွေ စိုက်ပျိုးကြတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးလျက်ရှိပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံး ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေပေးနေပါတယ်"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP စနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန်၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် အင်းတော်မြို့နယ်တွင် ယခုနှစ် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၅၂၃ ဧက စိုက်ပျိုးရန်လျာထားကြောင်း သိရသည်။

(၂၀၆)

# မံစီမြို့နယ် မံသဲကျေးရွာ၌ ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်နေမှု စစ်ဆေး

**မံစီ အောက်တိုဘာ ၂၄**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မံသဲကျေးရွာ၌ ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မံစီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးတန်ဂျိုးနှင့် တာဝန်ရှိသူများက မံသဲကျေးရွာတွင် ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို လိုက်လံရှင်းလင်းပြသရာ မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။



မံစီမြို့နယ် မံသဲကျေးရွာတွင် ကုန်ထုတ်လမ်းမြေသားတာပေါင်မြှင့်တင်ခြင်း အရှည် ပေ ၁၇၀၀၊ အကျယ် ၁၈ ပေ၊ အမြင့် နှစ်ပေ၊ ကုန်ထုတ်လမ်းသဲကျောက်ခင်းခြင်းလုပ်ငန်း အရှည် ခြောက်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ၊ SLAB CULVERT နှစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းတို့ကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု၊ ပြည်နယ်ရန်ပုံငွေ ကျပ်၂၀၅ ဒသမ ၀၅၉ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ယခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၁၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ပြီးစီးပါက ကျေးရွာမှထွက်ရှိသော စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများကို ကုန်ကျစရိတ်သက်သာစွာ စျေးကွက်အရောက် တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇော်ဦး(မောရှမ်းမြေ)**

# မိုင်းဖြတ်မြို့နယ် ခက်တန်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မိုင်းဖြတ် အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်မည့် ခက်တန်ကျေးရွာ၌ စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့်တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြသည်။

ခက်တန်ကျေးရွာ၌ သဲနုန်းဆယ်ခြင်းနှင့် ချောင်းဖြောင့်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေ ကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများကို အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ခင်မာ**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂၄-၁၀-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၃၅၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၇၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၁၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၁၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ စတင်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၄**

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှစတင်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ ဗဟိုအဆင့်ဟူ၍ အဆင့်ဆင့်ကျင်းပခြင်းဖြစ်ပြီး ဗဟိုအဆင့်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၃၀၆ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ အကဲဖြတ်ပညာရှင် ၁၇၂ ဦးဖြင့် စနစ်တကျ စိစစ်အကဲဖြတ် အမှတ်ပေးသွားကြမည်ဖြစ်ကြောင်းနှင့် အဆိုပါပြိုင်ပွဲကြီးကို အောက်တိုဘာ ၂၄ ရက်မှ ၃၁ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့တွင် "မဟာဂီတ" တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Banquet Hall ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရောဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆောင်ဝဇီယာ"(ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရောဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက"အောင်မြေသာဓံ"(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "မြဝန်းလို့ခို" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်းယှဉ်ပြိုင်ကြသည်။

"ကာလပေါ်" တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန(၂) Signing Room ၌ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေသဇင်"သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရောဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှာသာယာ" သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

အကပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရောဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း ကကြိုးကကွက်စုံလင်စွာဖြင့် ယှဉ်ပြိုင်ကြသည်။






အရေးပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရောဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဇာတိပုညဂုဏ်မာန" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း)ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရောဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ထိန်းသိမ်းစို့လေ ရိုးရာအမွေ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဗလငါးတန် ဒို့ရည်သန်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရောဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဝါကျွတ်အခါမီ တူရာသီ"ခေါင်းစဉ်ဖြင့်လည်းကောင်း ရသစုံလင်စွာဖော်ကျူး တေးဖွဲ့ယှဉ်ပြိုင်ကြသည်။



စန္ဒရားအတီးပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room ၌ကျင်းပရာ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရောဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အတိုင်းမသိမင်္ဂလာ"(ဘွဲ့)သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆန်းနွေဦး" (ယိုးဒယား)သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "စိန်ကြယ်ညီးလင်း" (မွန်)သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "တောင်ဇမ္ဗူပိုင်"(ယိုးဒယား)သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

စောင်းအတီးပြိုင်ပွဲကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှပြိုင်ပွဲဝင်က "သင်းရရင်ကြိုင်"(ကြိုး)သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ပန်းညောင်လှိုင်ဘွဲ့" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သောင်းကျေးဒီပါဇွေ"(မွန်)သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသမီးပြိုင်ပွဲတွင် ရောဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လေပြည်ဆော်သွင်မြူး" (ယိုဒယား)သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆန်းနွေဦး" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း **စာမျက်နှာ ၁၉ သို့**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ယူရေးရှားဒေသလုံခြုံရေးဆိုင်ရာ နိုင်ငံတကာအဆင့်မြင့်ညီလာခံသို့ တက်ရောက်ရန် ဘယ်လာရုစ်နိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် အောက်တိုဘာ ၂၄**

ဘယ်လာရုစ် နိုင်ငံခြားရေးဝန်ကြီး စယ်ရဂေးအာလယ်နိခ်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၆ ရက်မှ ၂၇ ရက်ထိ ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့တွင် ကျင်းပမည့် ယူရေးရှားဒေသလုံခြုံရေးဆိုင်ရာ နိုင်ငံတကာအဆင့်မြင့်ညီလာခံသို့တက်ရောက်ရန် ယနေ့ညနေပိုင်းတွင် မန္တလေးမြို့မှ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI)ဖြင့် ထွက်ခွာသွားသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနမှ တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်အား တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။**



# မြန်မာ့ရိုးရာသီတင်းကျွတ်မီးထွန်းပွဲတော်တွင် ပြည်သူများပျော်ရွှင်စွာပါဝင်ဆင်နွှဲနိုင်စေရန်နှင့် စည်ကားသိုက်မြိုက်စွာကျင်းပရေး ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**မန္တလေး အောက်တိုဘာ ၂၄**

မန္တလေးမြို့ နန်းမြို့ရိုးနှင့် ကျုံးရေပြင်ကြား ရတနာပုံဥယျာဉ်တွင် ပြုလုပ်မည့် မြန်မာ့ရိုးရာ သီတင်းကျွတ်မီးထွန်းပွဲတော်ကို ပြည်သူများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲ စည်ကားသိုက်မြိုက်စွာကျင်းပရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင်အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ပွဲတော်ကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများက ကဏ္ဍများအလိုက်ဆောင်ရွက်ပြီးစီးမှု၊ ဆောက်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး သုံးထပ်ဆောင်အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် တိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားနှင့် နိုင်ငံသူနိုင်ငံသားများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများချမှတ်၍ အချိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်၍ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လေးစားလိုက်နာပြီး စိစစ်ကြပ်မတ်ကာ ထိရောက်စွာဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏မူဝါဒများ၊ မျှော်မှန်းချက်များနှင့် ရည်ရွယ်ချက်များ အောင်မြင်အောင် ကဏ္ဍအလိုက်တာဝန်ယူဆောင်ရွက်သည့် လုပ်ငန်းများအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ယခင်ထက်ပိုမိုတိုးမြှင့်ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကြုံတွေ့ရသည့် အားနည်းချက်များအပေါ် ပိုမိုကောင်းမွန်အောင် ကြိုးစားကြရမည်ဖြစ်ပါကြောင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးနေပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးက ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြပြီး တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြီးစီးမှု၊ ကြုံတွေ့နေရသည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

**စာမျက်နှာ ၁၈ မှအဆက်**

ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ဒိုးပတ်အတီးပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက မြူးကြွမြိုင်ဆိုင်စွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ဆိုင်းအဖွဲ့အလိုက် အတီးပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင်တီးခတ်ယှဉ်ပြိုင်ကြသည်။

ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် "ပညာရွှေအိုး" ဇာတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု မန္တလာပန်တျာရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ကျူးသည့်အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြယှဉ်ပြိုင်ကြသည်။

ဇာတ်တော်ကြီးပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ကျင်းပရာ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် "မဟော်သဓာ" ဇာတ်တော်ကြီးဖြင့် မကွေးတိုင်းဒေသကြီးကိုယ်စားပြု မင်းချစ်သူမဟော်သဓာဇာတ်တော်ကြီးအဖွဲ့က မူရင်းမဟော်သဓာဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆိုင့်ပြောပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက် ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူမိဘများက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှုအားပေးကြသည်။

အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ၊ မြန်မာ့ရိုးရာ အနုသုခုမပညာရပ်များကို တိမ်ကောပပျောက်ခြင်း မရှိစေရန်အတွက် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ရေရှည်အကျိုးကိုရည်မျှော်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ၁၉၉၃ ခုနှစ်ကစတင်ကျင်းပခဲ့ရာ ယခုဆိုလျှင် ၂၄ ကြိမ်တိုင်ရောက်ရှိခဲ့ပြီဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသည် နိုင်ငံတော်က ဖော်ဆောင်လျက်ရှိသည့် တိုင်းရင်းသားအချင်းချင်း သွေးစည်းညီညွတ်မှုကို အထောက်အကူပြုခြင်း၊ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေရေးကို အထောက်အကူပြုခြင်း၊ မျိုးဆက်သစ် လူငယ်မောင်မယ်များ၏ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အထောက်အကူပြုခြင်း စသည့် အကျိုးကျေးဇူးများကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၂ ခုနှစ်က စတင်ပြီး (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အစဉ်အလာမပျက် ပြန်လည်ကျင်းပပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဒဂုံမြို့နယ် ရွှေတိဂုံစေတီတော်ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲပြုလုပ်



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ရွှေတိဂုံစေတီတော်ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲပြုလုပ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို အောက်တိုဘာ ၂၃ ရက် ညနေပိုင်းတွင် ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်ရာဟုတောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ပြုလုပ်ရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ သြဝါဒါစရိယ တိပိဋကရွေးချယ်ရေးအဖွဲ့ သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သစအမွှာစရိယ(ဝဋံသကာ) ပါဠိပါရဂူ စေတိယင်္ဂဏ ပဝရသီရိ မဟာဓမ္မဂုရု လှရတနာဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသအမှူးပြုသော သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့်တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များနှင့်ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့သြဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ ဒေါက်တာဘဒ္ဒန္တအဂ္ဂသာမိဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များကို လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက လှရတနာဆရာတော်ထံမှ ပဋ္ဌာန်းတရားရွတ်ပွားစိတ်ထားနည်းနှင့် အကျိုးတရားများနာကြားပြီး မဟာပဋ္ဌာန်း ပစ္စယုဒ္ဒေသပါဠိတော်ကို စုပေါင်းရွတ်ဆိုပူဇော်ကာအလှည့်ကျပဋ္ဌာနဘာဏက သံဃာတော်များက မဟာပဋ္ဌာန်းပါဠိတော်ကို ရွတ်ဖတ်ပူဇော်ကြကြောင်း သတင်းရရှိသည်။

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၄**

ဒေသတွင်း စားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် တာဝန်ရှိသူများက မိုင်းယောင်းတပ်နယ်ရှိ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များမှ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်း နယ်မြေခံတပ်ရင်း၌ စိုက်ပျိုး၊မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"NCA နှင့် ရိုးသားမှု"**ခေါင်းစဉ်ဖြင့် ၂၅-၁၀-၂၀၂၃ **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ညောင်လေးပင်မြို့နယ် ပိန်းလေပ်ဘူတာနှင့် တော်ဝိဘူတာအကြား ရထားလမ်းအား PDF အမည်ခံအကြမ်းဖက်သမားများက မိုးထောင်ဖောက်ခွဲဖျက်ဆီး"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# သူနာပြုနှင့် သားဖွားသင်တန်းကျောင်း (မော်လမြိုင်)၏ သူနာပြုသားဖွားဒီပလိုမာ အောင်လက်မှတ်အပ်နှင်းပွဲ ကျင်းပ



မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း သူနာပြုနှင့်သားဖွားသင်တန်းကျောင်း (မော်လမြိုင်)၏ သူနာပြုသားဖွားဒီပလိုမာ အောင်လက်မှတ်အပ်နှင်းပွဲတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၄**

သူနာပြုနှင့်သားဖွားသင်တန်းကျောင်း (မော်လမြိုင်)၏ သူနာပြုသားဖွားဒီပလိုမာ အမှတ်စဉ်(၄၅) အောင်လက်မှတ်အပ်နှင်းပွဲကို ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ပြုလုပ်ရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် သူနာပြုနှင့်သားဖွားသင်တန်းကျောင်း ကျောင်းအုပ်ကြီးက သင်တန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျောင်းအုပ်ကြီးက သင်တန်းသား၊ သင်တန်းသူများအား သူနာပြုသားဖွားဒီပလိုမာ အောင်လက်မှတ်များကို အသီးသီးအပ်နှင်းခဲ့ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဝါးခယ်မမြို့နယ် ရွှေလောင်းကျွန်းပတ်တာအတွင်းရှိ ထော်ကနွတ်ရေထိန်းတံခါးကို ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၂၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် အောက်တိုဘာ ၂၂ ရက်တွင် ဝါးခယ်မမြို့နယ် ရွှေလောင်းကျွန်းပတ်တာအတွင်းရှိ ထော်ကနွတ်ရေထိန်းတံခါးကို ကြည့်ရှုစစ်ဆေးပြီး ရေသွင်း၊ရေထုတ် ပုံမှန်ဆောင်ရွက်နိုင်ရေး၊ မိုးစပါးများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရန်နှင့် နွေစပါး ရေရရှိရေးအတွက် ရေသိုလှောင်ပေးသွင်းနိုင်ရေး ဆောင်ရွက်ရန်လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြား သည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် မော်လမြိုင်ကျွန်းမြို့နယ် မယ်တလိုင်းကျေးရွာအုပ်စုရှိ မျိုးစေ့ထုတ်တောင်သူများ၏ စီးပွားဖြစ် မျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်းကို ကြည့်ရှုအားပေးသည်။ ထို့နောက် မအူပင်မြို့နယ် ရေလဲ-သဲဖြူ-အောင်ဘုံ ရေနုတ်မြောင်း ပြန်လည်တူးဖော်ပြီးစီးမှုနှင့် ငါးကြီးဂရက်ကျေးရွာအုပ်စု တောင်သူများ၏ မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ငါးလုပ်ငန်းဦးစီးဌာန တလုပ်လှငါးလုပ်ငန်းစခန်း၏ ငါးသားပေါက်ထုတ်လုပ်ခြင်း၊ မျိုးစိုက်ထည့်ခြင်း၊ ငါးမွေးမြူရေးဆိုင်ရာ နည်းပညာပေးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများ၊ ငါးသားဖောက်များဖြန့်ဖြူးခြင်း၊ ဒေသငါးမျိုးစိတ်ဖြစ်သည့် ငါးမြင်းမျိုးစိတ်ငါးသားဖောက်ခြင်း လုပ်ငန်းဆောင်ရွက်နိုင်ရန် စီမံထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများကို ငါးသားပေါက်နှင့် နည်းပညာများ ကူညီပံ့ပိုးပေးရန် ဆွေးနွေးမှာကြားသည်။

အလားတူ ဒုတိယဝန်ကြီးသည် ထနီးကျေးရွာရှိ စီးပွားဖြစ်ငါးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသော တောင်သူ ဦးသိန်းဦး၏ ငါးမွေးကန်သို့ရောက်ရှိပြီး ငါးအစာကို ဒေသ၌အလွယ်တကူရရှိနိုင်သည့် အာလူးနှင့်ကစွန်းဥများ ထည့်သွင်းကျွေးမွေးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် မအူပင်မြို့နယ် ထနီးရေတံခါး ရေထုတ်နုတ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရေကြီးနစ်မြုပ်မှုလျော့ကျစေရေးနှင့် နွေစပါးအောင်ရေလုံလောက်စွာရရှိစေရေးအတွက် သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ဒုတိယဝန်ကြီးသည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ရေကြီးရေလျှံမှုလျော့ချရေးဆိုင်ရာ ကိစ္စရပ်များကို ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအောက်ရှိ စူးစမ်းလေ့လာရေးဌာနခွဲ၊ ဘူမိဗေဒဌာနခွဲ၊ ဒီဇိုင်းနှင့်ပုံထုတ်လုပ်ငန်းဌာနခွဲတို့မှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအစည်းဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ထောက်ကြန့် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၃၅)စက်မှုလယ်ယာစခန်း လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ထွန်စက်နှင့်မောင်းနှင်နိုင်သည့် ရွှံ့လျှားစပါးအခြောက်ခံစက်အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် အောက်တိုဘာ ၁၉ ရက်တွင် ကံပိုင်တည်ကုန်သွယ်ရေးစခန်း၊ မြန်မာ-တရုတ်နယ်စပ် ချစ်ကြည်ရေးလိုက်ဂူအနီး(မြန်မာဘက်ခြမ်း)၌ ပိုင်ရှင်မဲ့ရပ်တန့်ထားသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် MIKA-ILO Beer ဘူး ၇၂၀၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် AU-MAN Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀ ကို လည်းကောင်း၊ အောက်တိုဘာ ၂၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၊ ပန်စုံကျေးရွာအနီး ရှောင်ကွင်းလမ်း၌စုပုံထားသော အကောက်ခွန်မဲ့ပစ္စည်းများဖြစ်သည့် တရုတ်နိုင်ငံထုတ် Relx E-Cigarette Device ၈၅ခု အပါအဝင် ကုန်ပစ္စည်း နှစ်မျိုးခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၄၀၀၀၀၀ကို လည်းကောင်း၊ ကော့ကရိတ်(တံတားကျိုး)စုပေါင်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Camel Motorcycle Tube ၂၂၅၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၅၀၀၀၀နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Chenglong Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀ ကို လည်းကောင်း၊ မြဝတီကုန်သွယ်ရေးဇုန်၌ မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် ကြောင်စာ ကီလိုဂရမ် ၄၀၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၄၇၅၀၀၀၀ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရော်ဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် အောက်တိုဘာ ၂၀ ရက်တွင် ပုသိမ်ခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၂ ဒသမ ၇၆၀ တန်၊ အခြားသစ် ၁ ဒသမ ၈၅၂တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၄၁၈၆၄နှင့် ဖျာပုံခရိုင်အတွင်း၌ အခြားသစ် တစ် ဒသမ ၇၆၂ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၃၅၄ ကို သစ်တောဥပဒေအရ လည်းကောင်း၊ အောက်တိုဘာ ၂၃ ရက်တွင် ပုသိမ်မြို့ ဝါးယားချောင်းလမ်းဆုံအနီး၌ လိုင်စင်မဲ့ Honda Civic မော်တော်ယာဉ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်းစုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၆၅၂၁၈ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။









ထို့အတူ အောက်တိုဘာ ၂၂ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ အေးရှားဝေါလ်တိုးဂိတ်အကျော် နမ့်ခွန်ရွာအနီး လမ်းမကြီးဘေး၌ စုပုံထားသော အကောက်ခွန်မဲ့ပစ္စည်းများဖြစ်သည့် တရုတ်နိုင်ငံထုတ် အပင်အားတိုးဆေးဘူး ၄၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အောက်တိုဘာ ၂၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ်အတွင်း၌ တရားမဝင်အခြားသစ် ၃၂ ဒသမ ၆၀၁ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၄၁၇၇၁၆ ကို သစ်တောဥပဒေအရ လည်းကောင်း၊ မုံရွာမြို့ စက်မှုဇုန်ရပ်ကွက်၌ လိုင်စင်မဲ့ Yinxing 125 မော်တော်ဆိုင်ကယ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၆၇၇၁၆ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၁၉ ရက်၊ ၂၀ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၂၀မှ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၄၆၈၂၉၃၄ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**အောက်တိုဘာ ၂၄ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ**

**နေပြည်တော် အောက်တိုဘာ ၂၄**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၃ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၂၇၂၈ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့်သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် သစ်တောပြုန်းတီးမှုတိုက်ဖျက်ရေးရည်မှန်းချက် အလှမ်းဝေးနေဆဲဖြစ်ကြောင်း Climate Focus ထုတ်ပြန်



**အမ်စတာဒမ် အောက်တိုဘာ ၂၄**

နယ်သာလန်နိုင်ငံ အခြေစိုက် Climate Focus အဖွဲ့အစည်းက ၎င်း၏ စောင့်ကြည့်သုံးသပ်မှုနှင့် စစ်တမ်းများအရ သစ်တောပြုန်းတီးမှုတိုက်ဖျက်ရေး ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်မည့် နိုင်ငံပေါင်း ၁၄၀ ကျော်၏ သစ်တောပြုန်းတီးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များမှာ အားရဖွယ် မရှိသကဲ့သို့ ထိရောက်မှုရှိသော ဆောင်ရွက်ချက်များ လုပ်ကိုင်နိုင်ခြင်းမရှိသည့်အတွက် ရည်မှန်းချက်များမှာ အလှမ်းဝေးနေဆဲဖြစ်ကြောင်း ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ၂၀၂၂ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော သစ်တောပြုန်းတီးမှုပမာဏသည် ၂၀၂၁ ခုနှစ်က ဖြစ်ပေါ်ခဲ့သောပမာဏထက် လေးရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်အတွင်း ပြုန်းတီးခဲ့သည့် သစ်တောကြိုးဝိုင်းဧရိယာမှာ စတုရန်းမိုင် ၂၅၀၀၀ ထိ ရှိခဲ့ကြောင်းလည်း Climate Focus အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ကမ္ဘာ့ သစ်တောကြိုးဝိုင်းဧရိယာဟာ အကျပ်အတည်းတွေနဲ့ ရင်ဆိုင်နေရတယ်။ ဂလက်စကိုမှာ ကျင်းပခဲ့တဲ့ COP27 ညီလာခံမှာ နိုင်ငံပေါင်း ၁၄၀ ကျော်က သစ်တောပြုန်းတီးမှုကိုတိုက်ဖျက်ဖို့ လက်မှတ်ရေးထိုးခဲ့ကြတယ်။ ဒါပေမဲ့လဲ လုပ်ဆောင်ချက်တွေက သစ်တောပြုန်းတီးမှုကိုတိုက်ဖျက်နိုင်မဲ့အနေအထားမှာရှိမနေဘူး။ ဒီအခြေအနေတိုင်းသာဆိုရင် ၂၀၃၀ ပြည့်နှစ်အရောက်မှာ အောင်မြင်အောင်ဆောင်ရွက်ဖို့ ရည်မှန်းထားတဲ့ ကမ္ဘာ့သစ်တောကြိုးဝိုင်းပြုန်းတီးမှု တိုက်ဖျက်ရေးရည်မှန်းချက်ဟာ အထမြောက်ဖွယ်မရှိပါဘူး။ သစ်တောပြုန်းတီးမှုတိုက်ဖျက်ရေးကို အောင်မြင်စွာအကောင်အထည်ဖော်မဲ့ အခွင့်အရေးကို လက်လွတ်ဆုံးရှုံးလိုက်ရပြီလို့ ထင်ပါတယ်"ဟု Climate Focus အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ အီရင်မက်ဆန်က ပြောကြားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# ကွင်းစလန်းပြည်နယ်တွင် တောမီးကြောင့် ဒေသခံဦးရေ ၅၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ

**ကင်ဘာရာ အောက်တိုဘာ ၂၄**

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ် တောင်ဘက်ပိုင်းတွင် တောမီးကူးစက် လောင်ကျွမ်းမှုကြောင့် ဒေသခံဦးရေ ၅၀ ကျော် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရပြီး ယာယီကယ်ဆယ်ရေး စခန်းများ၌ နေရာချပေးထားသည်ဟု ကွင်းစလန်းပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုသည် ကွင်းစလန်းပြည်နယ် တောင်ဘက်ပိုင်းရှိ တာရာမြို့နှင့် ကိုဂန်မြို့အနီးတွင် လောင်ကျွမ်းနေခြင်းဖြစ်ပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသော ဒေသခံများမှာလည်း တာရာမြို့နှင့် ကိုဂန်မြို့တို့မှဖြစ်ကြောင်း ကွင်းစလန်းပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"တောမီးကူးစက်လောင်ကျွမ်းမှုတွေဖြစ်ပွားနေပါတယ်။ တောမီးလောင်ကျွမ်းမှုဟာ နေအိမ်တွေအပြင် အခြေခံအဆောက်အအုံတွေဆီကိုပါ ကူးစက်လောင်ကျွမ်းနေပါတယ်။ တောမီးလောင်ကျွမ်းမှု အဆိုးရွားဆုံးဖြစ်ပွားနေတဲ့ ဧရိယာတွေကတော့ တာရာမြို့နဲ့ ကိုဂန်မြို့တို့ပဲဖြစ်ပါတယ်။ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရတဲ့ဒေသခံ အယောက် ၅၀ ကျော်နေပါပြီ"ဟု ကွင်းစလန်းပြည်နယ်ဝန်ကြီးချုပ် အန်နာစတာစီယာက ပြောကြားသည်။



ကွင်းစလန်းပြည်နယ်တွင် လောင်ကျွမ်းနေသည့် တောမီးသည် အနောက်ဩစတြေးလျပြည်နယ်မှ ကူးစက်လောင်ကျွမ်းခဲ့သည့်တောမီးဖြစ်ပြီး တောမီးလောင်ကျွမ်းမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် ကွင်းစလန်းပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက မီးသတ်တပ်ဖွဲ့ဝင်ဦးရေ ၄၀ ကျော်ကို စေလွှတ်ပေးထားကြောင်း သိရသည်။

တောမီးလောင်ကျွမ်းမှုကြောင့် သတိပေးချက်ထုတ်ပြန်ထားသည့် ဧရိယာများတွင် နေထိုင်သော ဒေသခံများကို ဘေးလွတ်ရာအမြန်ဆုံးရွှေ့ပြောင်းရန်နှင့် ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရန် ဝန်ကြီးချုပ် အန်နာစတာစီယာက သတိပေးပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# အိုမန်နိုင်ငံတွင် တိုက်ခတ်နေသည့် တက်ချ် ဆိုင်ကလုန်းမုန်တိုင်း အပူပိုင်းမုန်တိုင်းအသွင်ကူးပြောင်း

**မျူးစ်ကတ် အောက်တိုဘာ ၂၄**

အိုမန်နိုင်ငံတွင် အောက်တိုဘာ ၂၃ ရက်က တက်ချ်ဟု အမည်ပေးထားသော ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့ပြီး မုန်တိုင်းသည် အောက်တိုဘာ ၂၃ ရက် ညပိုင်းတွင် အားပျော့လာခဲ့ကာ အပူပိုင်းမုန်တိုင်းအသွင်သို့ ကူးပြောင်းသွားခဲ့ကြောင်း အမျိုးသားဘက်စုံ အန္တရာယ် သတိပေးစင်တာနှင့် မိုးပြလေကြောင်းအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မုန်တိုင်း အားပျော့သွားသော်လည်း မုန်တိုင်းကြောင့် မိုးသည်း ထန်စွာ ရွာသွန်းနေသကဲ့သို့ လေတိုက်နှုန်းလည်း မြင့်မားနေကြောင်း အမျိုးသားဘက်စုံ အန္တရာယ် သတိပေးစင်တာနှင့် မိုးပြလေကြောင်း အာဏာပိုင်အဖွဲ့အစည်းက သတိပေးထုတ်ပြန်ခဲ့သည်။

"ဒိုဖာအုပ်ချုပ်ရေးနယ်မြေကို အဓိကတိုက်ခတ်ခဲ့တဲ့ တက်ချ် ဆိုင်ကလုန်းမုန်တိုင်းဟာ အားပျော့သွားပြီးတော့ အပူပိုင်းမုန်တိုင်းအသွင်ကို ကူးပြောင်းသွားပြီဖြစ်ပါတယ်။ မုန်တိုင်း အားပျော့သွားပြီဆိုပေမဲ့ မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းနေဆဲဖြစ်သလို လေတိုက်နှုန်းတွေလဲ မြင့်မားနေဆဲဖြစ်ပါတယ်။ တက်ချ်မုန်တိုင်းဟာ ဒိုဖာအုပ်ချုပ်ရေးနယ်မြေကနေ ယီမင်နိုင်ငံ အယ်မဟာရာအုပ်ချုပ်ရေးနယ်မြေကို ဦးတည်တိုက်ခတ်နေပါတယ်"ဟု အမျိုးသားဘက်စုံ အန္တရာယ် သတိပေးစင်တာနှင့် မိုးပြလေကြောင်းအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တက်ချ်မုန်တိုင်းသည် ဒိုဖာအုပ်ချုပ်ရေးနယ်မြေတွင် အဓိကတိုက်ခတ်နေခြင်းဖြစ်ပြီး အိုမန်နိုင်ငံမှတစ်ဆင့် ယီမင်နိုင်ငံသို့ ဦးတည်တိုက်ခတ်လျက်ရှိကြောင်း၊ မုန်တိုင်းသည် လက်ရှိ အိုမန်နိုင်ငံ ဆာလာလာဟ်မြို့နှင့် ကီလိုမီတာ ၂၅၀ ကွာဝေးသည့်နေရာသို့ရောက်ရှိနေပြီး လာမည့် ၂၄ နာရီအတွင်း ယီမင်နိုင်ငံအတွင်း ဝင်ရောက်ဖွယ်ရှိကြောင်း၊ တက်ချ်မုန်တိုင်းကြောင့် ဒိုဖာအုပ်ချုပ်ရေးနယ်မြေရှိ ကုန်းနိမ့်ပိုင်းတချို့တွင် ရေလွှမ်းမိုးနေကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : Sai Sat**

## ရေဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့်အိမ်၏ ကြံ့ခိုင်မှုကို စစ်ဆေးပါ။



၂။ မိသားစုများ အရေးပေါ် ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။

(ဥပမာ- အသက်ကယ် ကုန်းမြင့်၊ ရေလွတ်နိုင်သည့်နေရာများ၊ အဆောက်အအုံများ)



၃။ ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သော နေရာတွင် ထားရှိပါ။








၄။ မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ။

၅။ သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ။




၆။ မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သော နေရာများကို မြင်သာသော အမှတ်အသား ထားရှိပါ။




၇။ အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ် ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။

အသက်ကယ်အကျီ၊ ဘောကွင်း၊ လေလုံပိတ်ရေပုံးအလွတ်၊ ဝါးလုံး၊ သစ်တုံး ကားဘောကျွတ် အစရှိသည် .....





0 w Kw M @

# ပိုးဖလံ

ဖယ်မင်းခ(စေရာ)

(၁)

ယခုကဲ့သို့ မိုးကာလရောက်လျှင် ကျွန်မတို့ခြံဝန်းထဲ သီးပင်စားပင်များဖြင့် စိမ်းစိုနေမြဲဖြစ်၏။ မေမေသည် အပင်ကလေးများကို ဂရုတစိုက် စိုက်ပျိုးတတ်သူဖြစ်သည်။ ယခုလိုအချိန်ဆိုလျှင် ဈေးသွားစရာမလိုအောင် ပင် အသီးအရွက်ပေါ်နေလိမ့်မည်။ အိမ်ခြံစည်းရိုး တွင် မန်ကျည်းပင်၊ သရက်ပင်၊ ခရေပင်၊ ပိတောက် ပင် စသည့်အရိပ်ရပင်များရှိသကဲ့သို့ စံပယ်ပင်၊ ဇီဇဝါပင်၊ နှင်းဆီပင် စသည့်ပန်းပင်များလည်းရှိသည်။ မာလကာပင်များ၊ သြဇာပင်များ၊ ဆူးပုပ်ပင်များနှင့် ဒန့်သလွန်ပင်များလည်းရှိ၏။ ထို့အတူ အိမ်နောက်ဖေး တွင် မိုးကာလရောက်တိုင်း သီးသန့်ခြံဝိုင်း၍ ရုံးပတီပင်၊ ချဉ်ပေါင်ပင်၊ ဖရုံပင်များ စိုက်ထားတတ်၏။ ဘူးပင် များ၊ ခဝဲပင်များနှင့် ပဲရှည်သီးပင်များကိုလည်း စင်ခံ၍ ဂရုတစိုက် စိုက်ပျိုး၏။

"လက်လှုပ်မှ ပါးစပ်လှုပ်ရတယ်"ဟူသည့် မေမေ ပြောနေကျစကားတစ်ခွန်းကို သတိရမိ၏။ အမှန်ပင် ဖြစ်သည်။ လက်လှုပ်တိုင်း ပါးစပ်လှုပ်ရန်မလွယ်သော ဘဝများကြားတွင် လက်မလှုပ်ဘဲ ပါးစပ်လှုပ်ချင်ခဲ့သော ကျွန်မ။ တံလျှပ်ကို ရေပြင်ထင်ခဲ့သော ကျွန်မ။ နောင် မှရသော နောင်တတရားများသည် အိပ်မက်ဆိုးတစ်ခု ကို ဖန်တီးခဲ့လေပြီ။

(၂)

"သမီးလေးခင်နန်း ကျောင်းပြန်တက်နော်။ မိန်းကလေးဆိုတာ ပညာတတ်မှ တော်ကာကျမှာကွဲ့။ ယောကျ်ားလေးလို ဒေါင်ကျကျ ပြားကျကျ ကြုံရာ အလုပ်လုပ်လို့မသင့်ဘူး။ အနည်းဆုံး ဘွဲ့လေးတစ်ခု တော့ရအောင်ယူပါ သမီးရယ်။ ဒီနှစ် ဆယ်တန်း ပြန်ဖြေနော်"

"ဟုတ်တယ် အငယ်မ။ ဆယ်တန်းတော့အောင် အောင်ဖြေစမ်းပါဟယ်။ ငါ့ညီမက ဆယ်တန်းအောင် ဆိုပြီး ငါဂုဏ်ယူပြီး ကြွားစမ်းပါရစေ။ ပညာတတ်တော့ လင်ကောင်းသားကောင်းလဲရတာပေါ့။ ငါတို့လို အလုပ်လဲ ပင်ပင်ပန်းပန်းမလုပ်ရတော့ဘူးပေါ့။ အားမလျှော့ဘဲ ပြန်ကြိုးစားစမ်းပါ အငယ်မရယ်"

စာမေးပွဲကျသည်ကို ကျွန်မ လုံးဝဝမ်းမနည်းခဲ့ပေ။ အောင်ရမည်၍လည်း မျှော်လင့်ချက်မရှိခဲ့။ အပေါင်း အသင်းများဖြင့်သာ အပျော်ကြူး၍ အချိန်ကုန်ခဲ့သည်။ မေမေနှင့် မမပြောသောစကားများသည် ကျွန်မ အတွက်တော့ နားငြီးစရာကောင်းလှ၏။ ချက်ချင်း ဆိုသလို အိမ်ကထွက်သွားလိုက်ချင်မိသည်။ သည် အသံများ ကျွန်မထပ်မကြားချင်တော့။ နေ့စဉ်ကြားနေ ရသောဆုံးမစကားများသည် စာမေးပွဲကျသည်ထက်ပင် ပို၍စိတ်ပျက်စရာကောင်းလှ၏။

"ဘာတဲ့ ပညာတတ်မှ လင်ကောင်းသားကောင်းရ မယ်။ ဟုတ်လား"

ခနဲ့တဲ့တဲ့အပြုံးဖြင့် မမကို ပြန်မေးလိုက်သည်။ မမ၏စကားကို ကျွန်မတအားရယ်ချင်မိသည်။ မထိ မဲ့မြင်ပြုနေသော ကျွန်မကို မမက ငေး၍ကြည့်နေသည်။ ဘာတစ်ခွန်းမျှပြန်မပြော။ ကျွန်မကိုကြည့်နေသော မမ၏အကြည့်များသည် နားမလည်နိုင်သောအကြည့် လော၊ စိတ်ပျက်သွားသောအကြည့်မျိုးလော ကျွန်မ မဝေခွဲတတ်။ မေမေကတော့ သက်ပြင်းအကြိမ်ကြိမ် ချလျက် အခန်းထဲသို့ဝင်သွားသည်။

"နင်ဘာကိုပြောချင်တယ်ဆိုတာ ငါသိတယ် ခင်နန်း။ ငါတို့သားအမိက ရုန်းကန်ပြီး နင့်ကို ပြည့်ပြည့်စုံစုံထားပေးတော့ နင်ကဘဝမနာတတ်ဘူး။ အခု နင်နဲ့ကြိုက်နေတဲ့ဟိုအကောင်ကို နင်အထင်ကြီး နေတာမို့လား။ သူ့မိဘ၊ သူ့အသိုင်းအဝိုင်းအကြောင်းကို နင်ဘယ်လောက်သိလို့လဲ။ မျက်စိစုံမှိတ်ပြီး မမိုက်ချင် စမ်းပါနဲ့ အငယ်မရယ်။ မေမေနဲ့ မမတို့ရဲ့စကားကို နားထောင်ပါ။ ကျောင်းပြန်တက်ပါနော်"

မမပြောနေသောစကားများသည် ကျွန်မနားထဲသို့ သံရည်ပူလောင်းသကဲ့သို့ရှိ၏။ နှုတ်ခမ်းမဲ့၍သာနေ လျက် ပြန်မပြော နားမထောင်လုပ်နေမိ၏။ စိတ်ကူး ထဲက ကျွန်မဘဝသည် အလွန်သာယာ၏။ ပြည့်စုံ၏။ ပျော်စရာကောင်းလှ၏။ ဆယ်တန်းအောင်စရာလည်း မလိုပါ။ ကျွန်မချစ်သူသည် ငွေကိုရေလိုသုံးနိုင်၊ ဖြုန်း နိုင်သူဖြစ်သည်။ ပြည့်စုံကြွယ်ဝသောမိသားစုကဖြစ် လိမ့်မည်ထင်၏။ မေမေပြောသလို ပါးစပ်လှုပ်ရန် လက် လှုပ်စရာမလို။ ငွေကြေးပြည့်စုံသောအသိုင်းအဝိုင်းထဲ ကသူနှင့်လက်ထပ်လိုက်လျှင် ဘဝသည် အဆင်မပြေ စရာမရှိတော့။ အချစ်နှင့်ပင် အရာရာပြည့်စုံနေလေပြီ။ စိတ်ကူးနှင့်တည်ဆောက်လိုက်သော အိမ်ကလေးသည် ပျော်စရာအတိဖြစ်၏။ မည်သူပြောစကားမျှ ကျွန်မ နားမဝင်တော့ပေ။

(၃)

"ကိုရဲ နန်းလေ လိုက်သာလိုက်လာခဲ့ရတယ်။ တအားကြောက်တာပဲ သိလား။ ကိုရဲမိဘတွေက သဘောမတူဘူးဆိုရင် ဘယ်လိုလုပ်မလဲဟင်"

"ကို့အိမ်မှာ ကိုသဘောပါ နန်းရယ်။ အဆင်မပြေ စရာ ဘာမှမရှိဘူး။ မကြောက်နဲ့နော်"

မေမေနှင့် မမ၏ရင်ကို ခြေစုံကန်ကာ မောင့် တစ်မျက်နှာတစ်ရွာထင်ပြီး ကျွန်မ ကိုရဲနောင်နောက် သို့ ခိုးရာလိုက်ပြေးခဲ့သည်။ ကိုရဲနှင့် ကျွန်မသည် ကျောင်းတက်ရင်းတွေ့ကြပြီး ချစ်ကြိုက်ခဲ့ကြသူများ ဖြစ်၏။ တောရွာကလေးမှ ကျောင်းလာတက်သည် ဆိုသော်လည်း မြို့သားများနှင့်အတူ သုံးနိုင်ဖြုန်းနိုင် သူဖြစ်၏။ ထို့ကြောင့်လည်း ကျွန်မ သူ့ကို အထင်ကြီး မိခြင်းဖြစ်သည်။ မိဘများက တောသူဌေးများဖြစ်မည် ဟု ကျွန်မထင်ခဲ့မိ၏။

ယခုတော့ မှန်းချက်နှင့် နှမ်းထွက်က တက်တက် စင်အောင်လွဲခဲ့ပြီ။ ကိုရဲ၏မိဘများသည် သာမန် အခြေခံလူတန်းစားများသာဖြစ်၏။ သူတို့ရွာတွင် ပေါ်ပင်အလုပ်များကို ကြုံရာကျပန်းလုပ်ကိုင်၍ တစ်ဦး တည်းသောသားလေးကို မျက်နှာမငယ်ရလေအောင် ကျောင်းထားပေးကြခြင်းဖြစ်သည်။ ရွာအစွန်တွင် ပေ ၃၀ ခန့်ရှိ ခြံကလေးနှင့် သက်ငယ်မိုး၊ ဝါးထရံကာ တစ်ထပ်အိမ်ကလေးမှလွဲ၍ မည်သည့်ပိုင်ဆိုင်မှုမျှမရှိ။

သူတို့ရွာရောက်သည်နှင့် ရက်ပိုင်းအတွင်း ကိုရဲ၏ အပြောအဆိုအပြုအမူများအားလုံး အပြောင်းလဲကြီး ပြောင်းလဲသွားသည်။ ကျွန်မအပေါ်တွင် ကြင်ကြင်နာနာ တစ်စက်ကလေးမျှမရှိတော့။ အလုပ်လည်း ဘာမျှ မည်မည်ရရမလုပ်တတ်။ မိဘအိမ်တွင် ခြေမွေး မီးမလောင် လက်မွေးမီးမလောင်နေလာခဲ့သော ကျွန်မ အတွက် အိပ်မက်ဆိုးကြီးတစ်ခုမက်နေသလိုခံစားမိ၏။ အိပ်မက်ဆိုလျှင်လည်း ကျွန်မနိုးထလိုက်ချင်ပြီ။ ကျွန်မစိတ်ကူးထဲက အချစ်အိမ်ကလေးသည် လက် တွေ့တွင်ဖြစ်မလာခဲ့ပေ။ ပျော်ရွှင်မှုများနှင့်လှမ်းလာ သောခြေလှမ်းများကို ပြည့်စုံမှုများက ဆီးကြိုနေလိမ့် မည်ဟု ကျွန်မထင်ခဲ့မိသည်။ ယခုတော့ ကျွန်မအိပ်မက် အစိတ်စိတ်ပြိုကွဲခဲ့ရပြီ။ ပျော်ရွှင်မှုများက မိုးပြေးကလေး နှယ်။ မပြည့်စုံသောဒုက္ခများကသာ ရုန်းမထွက်နိုင်သော နွံတစ်ခုကဲ့သို့ဖြစ်ချေ၏။ သိမ်ငယ်ခြင်းဆိုသည့်ခံစားမှု ကို ပထမဆုံးထိတွေ့လိုက်ရချိန် အားငယ်ခြင်းသည် နောက်ဆက်တွဲလက်ဆောင်ဖြစ်လေသလော။ ယုံကြည် အောင်လှည့်ဖြားခဲ့သူကို အပြစ်တင်ရမည်လား။ အယုံ လွယ်ခဲ့သော ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ရမည်လား။ ကျွန်မ မဝေခွဲတတ်။ အချစ်ရှိလျှင်ပြည့်စုံပြီဟု ကြွေး ကြော်ခဲ့သောကျွန်မ ကိုယ့်အတက်နှင့်ကိုယ်စူးချေပြီ။

(၄)

"ကိုရဲ ဟိုလေ ဆန်အိုးထဲမှာ ဆန်ကမရှိတော့ဘူး။ ပြီးတော့ အမေကလဲ နေမကောင်းဖြစ်နေတာကြာပြီ။ အဖေ့ဝင်ငွေတစ်ခုတည်းနဲ့ နန်းတို့စားဖို့က နေ့ညဆက် မိဖို့ ဘယ်လွယ်ပါ့မလဲ။ ကိုရဲ အလုပ်လုပ်ပါတော့နော်။ နန်းမှာ ဖိနပ်လေးတောင်စီးစရာမရှိတော့ဘူး သိလား"

" ခွမ်း "

"အမယ်လေး"

ကျွန်မဘေးသို့လွင့်ကျလာသော ပန်းကန်ပြား တစ်ချပ်။ ကျွန်မတစ်ကိုယ်လုံး တုန်ယင်သွားမိသည်။

"စားစရာမရှိရင် မစားဘဲနေလေ။ စီးစရာမရှိလဲ မစီးနဲ့ပေါ့။ မနေနိုင်ရင်ထွက်သွား။ နောက်တစ်ခါ ဟိုဟာမရှိဘူး၊ ဒီဟာမရှိဘူးနဲ့ ငါ့ကို နားပူနားဆာ လာလုပ်ကြည့် နင်သေဖို့သာပြင်ထား"

ခက်ထန်ရင့်သီးလွန်းသည့် စကားများသည် ကျွန်မ၏ရင်ဝကို မီးစနှင့်ထိုးသည့်ပမာခံစားရ၏။ ချစ်သူဘဝကပေးခဲ့ဖူးသောကတိများ၊ ကြည်နူးမှုများ သည် အရာရာပျောက်ဆုံးသွားကြလေပြီ။ အံကို တင်းတင်းကြိတ်လျက် လိမ့်ဆင်းလာသောမျက်ရည်များ သည် သုတ်၍ပင်မနိုင်။ မျက်ရည်များကြားမှပင် ပညာ တတ်ကြီးဖြစ်စေချင်သည်ဟု တဖွဖွပြောနေခဲ့သော မေမေ၏မျက်နှာကိုမြင်ယောင်မိပြန်သည်။ အရွယ်နှင့် မလိုက်အောင် အလုပ်များ ပင်ပင်ပန်းပန်းလုပ်ပြီး ကျွန်မကိုအမြဲအလိုလိုက်ခဲ့သော မမ၏အပြုံးများက နောက်ဆက်တွဲပါလာပြန်၏။ ကျွန်မအဖြစ်ကိုမြင်လျှင် မေမေနှင့် မမ ရင်ထုမနာဖြစ်ကြလိမ့်မည်။ ဟောသည် က အမိုက်မကို မြင်လှည့်စမ်းပါအမေရေဟုသာ အော် ပြောလိုက်ချင်သည်။

ကျောင်းတက်သည်ကလွဲ၍ ဘာအလုပ်မှမလုပ်ခဲ့ ဖူးသောကျွန်မ။ မမ ချူးခပ်ပေးသောထမင်းကိုသာ အလွယ်စားခဲ့ဖူးသောကျွန်မ။ အခုတော့ ဆန်မရှိသည့် အိုးကိုကြည့်ကာ ဘာလုပ်၍ ဘာကိုင်ရမည်ပင်မသိ တော့။ ကျွန်မအနာဂတ်ကို ကျွန်မကိုယ်တိုင်ရွေးချယ် ရလိမ့်မည်။ ဒုက္ခအဖုံဖုံနှင့် မျက်ရည်ဆမ်းသောလမ်းကို ကျွန်မဆက်လျှောက်နိုင်ပါမည်လား။ မခွဲနိုင်မခွာရက် ချစ်လှပါသည်ဆိုသည့်ချစ်သူကို စွန့်လွှတ်ဝံ့ပါရဲ့လား။ ကျွန်မစိတ်များမွန်းကျပ်လှ၏။ ကြောက်စရာကောင်း သည့် အမှောင်ထုထဲသို့ရောက်ရှိနေသည့် လူတစ်ယောက် ပမာ ကူကယ်ရာမဲ့လွန်းလှ၏။ မျက်စိကိုစုံမှိတ်၍ ကျွန်မအသက်ကို ဖြည်းဖြည်းချင်းပင့်ရှိုက်လိုက်သည်။ အေးမြလှသော မေမေ့မျက်နှာလေး ရုတ်တရက် ပေါ်လာသည်။ ကျွန်မကိုပြုံး၍ကြည့်နေ၏။ မေမေ့ အပြုံးသည် အပူအပင်ကင်း၍ နှစ်လိုဖွယ်ဖြစ်၏။

"မသိလို့မိုက် တစ်ခါပေါ့ မိနန်း"ကျွန်မ ကိုယ့်ကိုယ် ကိုယ် အားတင်းလိုက်သည်။ တောင်းဆိုးပလုံးဆိုးသာ ပစ်ရိုးထုံးစံရှိသည်။ သားဆိုးသမီးဆိုး ပစ်ရိုးထုံးစံမရှိ။ မိဘရင်ခွင်သည် အမြဲတံခါးဖွင့်လျက်။ မိဘမေတ္တာ သည် အစဉ်အေးမြလျက်။ နောင်တနှင့်ပြန်လာသော သမီးမိုက်ကို နွေးထွေးစွာကြိုဆိုနေမည်မှာ မလွဲ ဧကန်ဖြစ်၏။

(၅)

ပြတ်နေသောဖိနပ်ကလေးကို ထိပ်တွင်အဝတ်စလေး ဖြင့်ထုံးချည်၍ စီးဖြစ်အောင်ကြံစည်ရ၏။ ဝတ်ထား သောလုံချည်မှာလည်း ဖာထေးထားရသည်မှာ ရေသည်မ လုံချည်လားဟု ပြောစရာပင်ဖြစ်၏။ မစား ရက်မသောက်ရက် ခြစ်ခြစ်ကုတ်ကုတ်ကြိတ်ပြီးစုထား ခဲ့သောငွေစလေးများကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင် ထားမိသည်။ မိဘရင်ခွင်မှထွက်လာခဲ့သည်မှာ တစ်နှစ် တာကာလကြာခဲ့လေပြီ။ လှလှပပ၊ ကြွကြွရွရွဖြင့် ကျောင်းတက်နေကြသော ကျောင်းသူများကိုမြင်လျှင် အားကျငေးမောမိ၏။ ခွေးဖြစ်ချင်၍ ပြာပုံတိုးခဲ့မိသည့် မိမိအဖြစ်ကသာ ရင်နာစရာ။ အပြန်လမ်းတစ်လျှောက် တငြိမ့်ငြိမ့်မောင်းနှင်လာသော ကားကလေးသည် ကျွန်မစိတ်တွင် နှေးလှသည်ထင်မိ၏။ ကျွန်မမြင်တွေ့ရ မည့်ခြံဝန်းလေးကို စိတ်ကူးပုံဖော်နေမိသည်။ ဝမ်းပန်း တသာဆီးကြိုကြမည့် မေမေနှင့် မမတို့၏ပုံရိပ်။ အို ကျွန်မ ရင်တလှပ်လှပ်ခုန်နေမိသည်။ ယခု ချက်ချင်းပင် အိမ်သို့ရောက်၍ မေမေ့ကို ပြေးဖက်

စာမျက်နှာ ၂၅သို့ ➤

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်မြို့သို့ စက်တင်ဘာလတွင် ငါးပိမျိုးစုံပိဿာချိန် ၁၁၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ကျိုက်လတ် အောက်တိုဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်မြို့သို့ စက်တင်ဘာလတွင် ငါးပိမျိုးစုံပိဿာချိန် ၁၁၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ကျိုက်လတ်မြို့နယ် ငါးပိငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမော်က ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်မြို့သို့ ယခုနှစ် ဩဂုတ်လက ဒေသထွက် ငါးပိမျိုးစုံပိဿာချိန် ၈၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ငါးပိမျိုးစုံပိဿာချိန် ၁၁၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ ဒေသထွက်ငါးပိမျိုးစုံကို ရန်ကုန်ဈေးကွက်မှ အဝယ်လိုက်နေခြင်းကြောင့် တင်ပို့မှုမြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"စက်တင်ဘာလအတွင်း ငါးပိမျိုးစုံပိဿာချိန် တစ်သိန်းကျော်ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျိုက်လတ်မြို့နယ်ကနေ ထုတ်လုပ်ထွက်ရှိတဲ့ငါးပိတွေကို ရန်ကုန်မြို့ကို တင်ပို့ရောင်းချနေပါတယ်။ ဒေသထွက်ငါးပိမျိုးစုံကို စားသုံးသူတွေ ကြိုက်နှစ်သက်ကြပါတယ်။ စက်တင်ဘာလထဲမှာကော အခု အောက်တိုဘာလထဲမှာပါ ဒေသထွက် ငါးပိမျိုးစုံကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ အခုလို အရောင်းအဝယ်လဲကောင်း၊ ဈေးကလဲ ကောင်းလာလို့ ငါးပိလုပ်ငန်း လုပ်တဲ့သူတွေအားလုံး အဆင်ပြေလာတာတွေ့ရပါတယ်"ဟု ကျိုက်လတ်မြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမော်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်မြို့သို့ စက်တင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ငါးပိမျိုးစုံထဲတွင် ငါးရံ့ငါးပိ၊ ငါးခုံးမငါးပိ၊ ဂျပန်ငါးပိ၊ ငါးပင်နော်ငါးပိ၊ ငါးမြေမငါးပိ စသည့်ရေချိုငါးပိများ အများဆုံး တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါငါးပိများမှာ တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ မှ ၂၅၀၀၀ ထိ အမျိုးအစားအလိုက် ဈေးအနိမ့်အမြင့်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တနိုင်းမြို့နယ် ကောင်းရာကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းနှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု စစ်ဆေး

**တနိုင်း အောက်တိုဘာ ၂၄**

ကချင်ပြည်နယ် တနိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကောင်းရာကျေးရွာ၌ အင်တော့ပါလယ်ကွင်း မြေနီကျောက်စရစ် လမ်းခင်းခြင်းနှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တနိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်နိုင်ညွန့်၊ တနိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မျိုးနှင့် ဝန်ထမ်းများက သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကောင်းရာကျေးရွာ၌ အင်တော့ပါလယ်ကွင်း မြေနီကျောက်စရစ် လမ်းခင်းခြင်းနှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။



ကောင်းရာကျေးရွာ၌ အင်တော့ပါလယ်ကွင်းကုန်ထုတ်လမ်း အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မရှိ ကျောက်ရောမြေ၊ မြေနီကျောက်စရစ်လမ်းခင်း ခြင်းလုပ်ငန်းနှင့် အရှည်ပေ ၂၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၀ ပေရှိ ကုန်ထုတ်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၁၈ သန်းဖြင့် တင်ဒါအောင်မြင်သည့် ထက်မြိုးနိုင်ကုမ္ပဏီက ယခုနှစ် ဇူလိုင်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၅၀၊ လူ ၃၀၁ ဦးတို့၏ စိုက်ပျိုးမြေများမှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုပြည့်**

➤ စာမျက်နှာ ၂၄မှအဆက်

လိုက်ချင်သည်။ ကျွန်မကြောင့် ကျခဲ့ရသောမျက်ရည်များအတွက် ရှိခိုးတောင်းပန်ချင်လှ၏။ တဖြည်းဖြည်းနှင့် ကားကလေးသည် မြို့အဝင် စိန်ပန်းပင်တန်းကို ဖြတ်ကျော်လာခဲ့ပြီ။ လမ်းထိပ်သို့ရောက်သောအခါ ကားပေါ်မှဆင်း၍ ကျသင့်သောခရီးစရိတ်ကိုပေးလိုက်၏။ အထုပ်အထည် ဘာတစ်ခုမျှပါမလာဘဲ အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် ခပ်သွက်သွက် လျှောက်ကာ အိမ်ဆီသို့အပြေးတစ်ပိုင်းလှမ်းလာခဲ့၏။ ဟော ဟိုမှာ အိမ်ကလေးကို အဝေးကပင်မြင်ရပြီ။ လူစည်စည်စည်စည်ဖြင့် ဘာများ ဖြစ်နေပါလိမ့်။ ထွက်သူ၊ ဝင်သူ၊ တက်သူ၊ ဆင်းသူဖြင့် မလှမ်းမကမ်းမှ မြင်နေရသောကျွန်မ မထိတ်သာမလန့်သာရှိလှသည်။

"ဟယ် ခင်နန်း ခင်နန်းရောက်လာတယ်ဟေ့"

အသံပေးလိုက်သူမှာ မည်သူမည်ဝါမှန်းမသိ။ ကျွန်မ မည်သူ့ကိုမျှ နှုတ်ဆက်နေချိန်မရှိ။ အိမ်ပေါ်သို့အပြေးတက်လိုက်သည်။

"ဟင် မမ မေမေဘာဖြစ်တာလဲ မမ"

"အငယ်မ နင်ရောက်လာသေးတယ်ပေါ့။ ငါတို့သားအမိကို အမှတ်ရသေးတယ်ပေါ့ ဟုတ်လား အမိုက်မ။ မေမေ ဆုံးပြီဟဲ့ ဆုံးပြီသိလား။ နင့်ကြောင့် ငါ့အမေစိတ်ဆင်းရဲပြီးသေရပြီ"

ကြားလိုက်ရသောစကား မြင်နေရသောမြင်ကွင်း ကျွန်မရင်ကို ဓားနှင့်ထိုးမွှေလိုက်သည်ပမာ။ မျှော်လင့်ထားသည်များက တစ်ခုမျှဖြစ်၍ မလာချေ။ ကျွန်မကိုဆီးကြိုနေမည့်မေမေက မရှိတော့ပြီ။ သည်အမိုက်မ၏အဖြစ်က တောင်းပန်ခွင့်တောင်မရခဲ့။ အောင့်တက်လာသော ရင်ဝဆီမှ အပူလှိုင်းသည် ကျွန်မ၏အသက်ကိုပင်နှုတ်ယူသွားတော့မလို နာကျင်လွန်း၏။ ပြင်းထန်သောဝမ်းနည်းစိတ်ကြောင့် ရှိုက်သံပင်ထွက်၍မလာနိုင်။ မေမေ့ခြေရင်းတွင် လူးလိမ့်၍ငိုနေရုံမှတစ်ပါး ဘာမျှမတတ်နိုင်ခဲ့ပြီ။

"သမီး အမိုက်မကို ခွင့်လွှတ်ပေးပါ မေမေ။ မီးတောင်ကို ရွှေတောင်ထင်ပြီး ဇွတ်တိုးခဲ့တဲ့အမိုက်မ၊ မိဘစကားကို ပစ်ပယ်ခဲ့တဲ့အမိုက်မ အခုတော့ ပိုးဖလံလို ကိုယ်ကျိုးနည်းခဲ့ရပါပြီ"ဟု အော်ဟစ်မြည်တမ်းကာ အကြိမ်ကြိမ်ရှိခိုးဦးချ တောင်းပန်နေမိပါတော့သည်။ သို့ပါသော်လည်း မေမေကား ငြိမ်းချမ်းစွာလှဲလျောင်းလျက်သာ. . .။

## ဗုဒ္ဓတည်ရာ တို့မြန်မာ

\- မြန်မာပြည် နယ်တစ်လွှား
အံ့ဖွယ်များ များပြားပေ၊
မြတ်စေတီ ဘုရား တန်ဆောင်း
သိမ် ကျောင်း စုံမြေ၊
ဗုဒ္ဓ၏ ဓမ္မအမွေ
ပို့ချနေ ကျင့်ကြံလျက်၊
အေးချမ်းစွာ သာသနာအကျိုး
သယ်ပိုးဆောင်ရွက်။

\- အမျိုးဘာသာ လူမျိုးအတွက်
ဂုဏ်မပျက်ဖို့ တာဝန်ယူ၊
ယဉ်ကျေးအောင် သင်တန်းပေး
မွေးထုတ်ဖေးကူ၊
ဖြူစင်စိတ် မှတ်တိုင်ထူ
မြန်မာလူ စံချိန်မြင့်၊
ဘိုးဘွားတွေ အမွေကောင်း
စုပေါင်းဂုဏ်မြင့်။

\- လူငယ်တွေ တန်ဖိုးတင့်
တွေးချင့်လို့ အစဉ်သာ၊
လမ်းကောင်းကို ညွှန်ပြလျက်
ထက်မြက်စေရာ၊
သင်အပ်သည့် မြတ်ပညာ
လက်ကမ်းကာ စောင့်ရှောက်ပေး၊
ပွဲထိန်းရန် မမေ့အပ်တယ်
မှတ်ကျောက်တင်မနေး။

\- တို့မြန်မာ အမျိုးသားရေး
သွေးမအေးဘဲ စည်းလုံးရန်၊
ဘက်ပေါင်းစုံ တိုးတက်ကောင်း
စုပေါင်းမှန်ကန်၊
ပညာတတ် အသိဉာဏ်
တို့မွမ်းမံ နှလုံးသား၊
မြန်မာပြည် စည်ပင်ဖြိုးအောင်
ကြိုးစားစို့လား။ ။

**ဖြိုးထက်(ရေစကြို)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# သိမှတ်ဖွယ်ရာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၄၀၃

**စိန်လှိုင်ပိုင်**

တရားခံအပေါ် တရားရုံးက ပြစ်မှုထင်ရှားစီရင်ပြီးသည့်နောက်ပိုင်းတွင်မှ ပိုမိုကြီးလေးသောပြစ်မှုဖြင့် စွဲချက်တင်စစ်ဆေးပေးရန် ဥပဒေချုပ်ရုံးမှ လျှောက်ထားလာခြင်းအပေါ် တိုင်းတရားလွှတ်တော်က ခွင့်ပြုခဲ့သည့်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ပြင်ဆင်မှုဝင်ရောက်ခဲ့ရသည်။ ထိုအမှုမှာ စီရင်ထုံးဖြစ်လာခဲ့သည်။ အများပြည်သူ သိသင့်သိအပ်သော ဥပဒေပြဋ္ဌာန်းချက်များကို ရည်ညွှန်းကိုးကားရေးသားဖော်ပြလိုက်ပါသည်။

**အမှုဖြစ်စဉ်အကျဉ်း**

အမှုမှာ ၂၀၁၈ ခုနှစ် ဇူလိုင် ၂၀ ရက်က အမှတ်(၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့မှ ဒုတိယရဲအုပ် ခွန်ကောင်းမြတ်က ဦးညွန့်ရွှေပါ ၉ ဦးသည် တရုတ်နိုင်ငံမှ ပြန်လည်လွှဲပြောင်းရောက်ရှိလာကြောင်း သတင်းအရ သွားရောက်မေးမြန်းခဲ့ရာ ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဘုမ္မတီးရွာနေ မသီတာက တရုတ်နိုင်ငံရှိ ဆိုလာစက်ရုံ၊ ဖုန်းကာဗာစက်ရုံ၊ အရုပ်စက်ရုံတို့တွင် တစ်လလျှင် ငွေကျပ်ခြောက်သိန်း၊ ခုနစ်သိန်းခန့် အလုပ်ရလိမ့်မည်ဟု ပြောဆို၍ မူဆယ်သို့လိုက်ပါခဲ့ကြောင်း၊ မသီတာက မူဆယ်မြို့တွင် ပွဲစားသန်းဝင်းထံ လွှဲပြောင်းပေးကာ တရုတ်နိုင်ငံအတွင်း ခရီးစရိတ်အတွက် တစ်ဦးလျှင် ယွမ် ၆၀၀ နှင့် ပွဲစားခ မြန်မာငွေကျပ် နှစ်သောင်းစီတောင်းယူသွားကြောင်း၊ ပွဲစားသန်းဝင်းမှ ကွမ်တုံပြည်နယ် ရော်ဘာစက်ရုံသို့ ပို့ဆောင်ကာ တစ်လနီးပါးလုပ်အားခအပြည့်မပေးဘဲ ကိုသန်းဝင်းက ခေါင်းပုံဖြတ်ယူကြောင်း သိရသည်ဟုဆိုကာ ပထမသတင်းပေးတိုင်ချက်ရေးဖွင့်ခဲ့ပါသည်။

တောင်ငူခရိုင်တရားရုံး ၂၀၁၈ ခုနှစ် ရာဇဝတ်ကြီးမှုအမှတ်-၁၀၀ တွင် တရားခံ မသီတာအပေါ် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေပုဒ်မ-၂၆ ဖြင့် စွဲချက်တင်စစ်ဆေးပြီး အလုပ်နှင့် ထောင်ဒဏ်နှစ်နှစ်ကျခံစေရန် ပြစ်မှုထင်ရှားစီရင်ခဲ့ပါသည်။ ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးက မသီတာအပေါ် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေပုဒ်မ-၂၆ ဖြင့် စွဲချက်တင်သည့်အမိန့်ကို ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၉ ခုနှစ် ရာဇဝတ်ပြင်ဆင်မှုအမှတ်-၅၄(ခ) ဖြင့် ပြင်ဆင်မှုတင်သွင်းခဲ့ပါသည်။

ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေပုဒ်မ-၂၆ အရ ပြစ်မှုထင်ရှားစီရင်ခဲ့သည့်အမိန့်ကို ၂၀၁၉ ခုနှစ် ရာဇဝတ်ပြင်ဆင်မှုအမှတ်-၈၀(ခ) ဖြင့်လည်း ပြင်ဆင်မှုများတင်သွင်းရာ ပြင်ဆင်မှုများကို ခွင့်ပြုခဲ့ပါသည်။ ပြင်ဆင်မှုအမှတ်-၅၄(ခ)တွင် တရားခံ မသီတာကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ-၂၅ ဖြင့် စွဲချက်တင်ဖြေရှင်းစေရန်လည်းကောင်း၊ ပြင်ဆင်မှုအမှတ်-၈၀(ခ)တွင် ခရိုင်တရားရုံးအမိန့်ကို ပယ်ဖျက်ပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရန်လည်းကောင်း အသီးသီးအမိန့်ချမှတ်ခဲ့ပါသည်။ တရားခံ မသီတာက ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၏ ရာဇဝတ်ပြင်ဆင်မှုအမှတ်-၅၄(ခ)/ ၂၀၁၉ တွင် ချမှတ်သောအမိန့်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၂၀ ပြည့်နှစ် ရာဇဝတ်ပြင်ဆင်မှုအမှတ်-၈၁(ခ)ဖြင့် တင်သွင်းလာသဖြင့် ဆက်စပ်မှုဖြစ်သည့် ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၏ ရာဇဝတ်ပြင်ဆင်မှုအမှတ်-၈၀(ခ)/ ၂၁၁၉ ကို ပြည်ထောင်စုတရား လွှတ်တော်ချုပ်က ၂၀၂၀ ပြည့်နှစ် ရာဇဝတ်ပြင်ဆင်မှုအမှတ်-၁(က)ဖြင့် ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီစစ်သုံးသပ်ဆုံးဖြတ်ချက်**

အမှုတွင် တောင်ငူခရိုင်တရားရုံးက တရားခံ မသီတာအပေါ် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေပုဒ်မ-၂၆ အရ စွဲချက်တင်၍ ၎င်းဥပဒေပုဒ်မ-၂၆ အရပင် ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းသည်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်က တရားခံ မသီတာအပေါ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ-၂၅ ဖြင့် စွဲချက်တင်ဖြေရှင်းစေ၍ အမှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် ညွှန်ကြားခဲ့ခြင်းနှင့် ခရိုင်တရားရုံး၏ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေပုဒ်မ-၂၆ အရ အလုပ်နှင့်ထောင်နှစ်နှစ်ကျခံစေရန်အမိန့်ကို တိုင်းဒေသကြီးတရားလွှတ်တော်က ပယ်ဖျက်ခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်မှုရှိ၊ မရှိ ဦးစွာစိစစ်ခဲ့ပါသည်။

အမှုတွဲအား စိစစ်ကြည့်ရာ တောင်ငူခရိုင်တရားရုံးက တရားခံ မသီတာအပေါ် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေပုဒ်မ-၂၆ အရ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် စွဲချက်တင်စစ်ဆေးပြီး ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် ၎င်းဥပဒေပုဒ်မ-၂၆ အရ အလုပ်နှင့် ထောင်ဒဏ်နှစ်နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးက ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၅ ရက်စွဲပါ စွဲချက်အပေါ် ၂၀၁၉ ခုနှစ် မတ် ၅ ရက်တွင် ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်ရာဇဝတ်ပြင်ဆင်မှုအမှတ်-၅၄(ခ)/ ၂၀၁၉ ဖြင့်လည်းကောင်း၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်စွဲပါ မသီတာအား ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေပုဒ်မ-၂၆ အရ အလုပ်နှင့်ထောင်ဒဏ်နှစ်နှစ်ကျခံစေရန် ပြစ်မှုပြစ်ဒဏ်ထင်ရှားစီရင်သည့်အမိန့်ကို ပယ်ဖျက်ပေးရန် ၂၀၁၉ ခုနှစ် မေ ၉ ရက်တွင် ရာဇဝတ်ပြင်ဆင်မှုအမှတ်-၈၀(ခ) ဖြင့်လည်းကောင်း ပြင်ဆင်မှု(၂)မှု တင်သွင်းခဲ့ခြင်းကို စိစစ်ဖော်ထုတ်ခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၏ ရာဇဝတ်ပြင်ဆင်မှုအမှတ်-၅၄(ခ)/ ၂၀၁၉ တွင် တောင်ငူခရိုင်တရားရုံးက မသီတာအပေါ် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေပုဒ်မ-၂၆ ဖြင့် စွဲချက်တင်သည့်အမိန့်ကို ပယ်ဖျက်ပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ-၂၅ ဖြင့် စွဲချက်တင်ဖြေရှင်းစေရန်လည်းကောင်း၊ ရာဇဝတ်ပြင်ဆင်မှုအမှတ်-၈၀(ခ)/ ၂၀၁၉ တွင် တောင်ငူခရိုင်တရားရုံးက မသီတာကို ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေပုဒ်မ-၂၆ အရ အလုပ်နှင့်ထောင်ဒဏ် နှစ်နှစ်ကျခံစေရန် ချမှတ်သောအမိန့်ကိုပယ်ဖျက်၍ ရာဇဝတ်ပြင်ဆင်မှုအမှတ်-၅၄(ခ) စီရင်ချက်အရ မသီတာအပေါ် ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်ရန်လည်းကောင်း၊ ရာဇဝတ်ပြင်ဆင်မှု(၂)မှုကို ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် တစ်မှုစီခွဲ၍ တစ်ပြိုင်တည်း အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း စိစစ်ဖော်ထုတ်ခဲ့ပါသည်။

**အဆိုပါပြင်ဆင်မှုများမှာ တောင်ငူခရိုင်တရားရုံး၏ ၂၀၁၈ ခုနှစ် ရာဇဝတ်ကြီးမှုအမှတ်-၁၀၀ တွင် တရားခံမသီတာအပေါ် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေပုဒ်မ-၂၆ အရ ပြစ်မှုပြစ်ဒဏ်ထင်ရှားစီရင်ပြီးဖြစ်သည့်အချိန်တွင်မှ လျှောက်ထားခဲ့ခြင်းဖြစ်ကြောင်း၊ တရားလိုဘက်အနေဖြင့် စွဲချက်အဆင့်တွင် ပြင်ဆင်မှုတက်ရောက်ရန် ဆောင်ရွက်ခဲ့ခြင်းမရှိဘဲ မူလရုံးမှ ပြစ်ဒဏ်ထင်ရှားစီရင်သည့်အခါမှ မူလပြစ်မှုထက် ပိုမိုကြီးလေးသော ပြစ်မှုပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုဖြင့် စွဲချက်တင်စစ်ဆေးပေးပါရန် ပြင်ဆင်မှုလျှောက်ထားခဲ့ခြင်း၊ ပြစ်မှုပြစ်ဒဏ်ထင်ရှားစီရင်ခြင်းကိုပယ်ဖျက်ပေးရန် ပြင်ဆင်မှုလျှောက်ထားခဲ့ခြင်းဖြစ်ကြောင်း** ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စိစစ်ဖော်ထုတ်ခဲ့ပါသည်။

အမှုတွင် ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ တရားခံ မသီတာအပေါ် ပိုမိုကြီးလေးသောပြစ်မှုဖြင့် စွဲချက်တင်စစ်ဆေးပေးရန် မသီတာကို **ပြစ်မှုထင်ရှားစီရင်ပြီးသည့်အချိန်မှ လျှောက်ထားခြင်းဖြစ်ကြောင်း** စိစစ်ဖော်ထုတ်ခဲ့ပါသည်။

အမှုတွင် ဦးညွန့်ရွှေ (လိုပြ -၂)၊ အောင်ကျော်စိုး (လိုပြ-၃)၊ ဦးကျော်နိုင် (လိုပြ-၄)၊ ဦးမြင့်လွင် (လိုပြ - ၅)၊ ကိုမြင့် (လိုပြ-၆)၊ ကိုပြုံး (လိုပြ-၈)၊ ဦးစိုးအောင် (လိုပြ-၉)တို့သည် ကိုငယ်လေး (ခံပြ-၄)၏ စီစဉ်ပေးမှုဖြင့် မသီတာ (ခံပြ-၁)က မူဆယ်မြို့ထိ လိုက်ပါပို့ဆောင်ခဲ့ကြောင်း၊ မူဆယ်မြို့သို့ရောက်သောအခါ မသီတာက ၎င်းတို့တွင်ပါလာသည့် မြန်မာငွေနှင့် တရုတ်ယွမ်ငွေတို့ကို လဲလှယ်ပေးကြောင်း၊ ယွမ် ၆၀၀ နှင့် မြန်မာငွေကျပ်နှစ်သောင်းကို တရုတ်နိုင်ငံသွားလမ်းစရိတ်အဖြစ် မသီတာကိုပေးခဲ့ကြောင်း၊ ကိုသန်းဝင်းက မူဆယ်မြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ခေါ်ဆောင်သွားကြောင်း ထွက်ဆိုပြီး ဦးမြတ်ဝင်း (လိုပြ-၁၀)က ယွမ် ၆၀၀ မှာ တရုတ်နိုင်ငံသွားသည့် ကားခပေးရပြီး မြန်မာငွေကျပ်နှစ်သောင်းမှာ မသီတာကို မုန့်ဖိုးပေးရသည်ဟုသိကြောင်း ထွက်ဆိုထားသဖြင့် **မူဆယ်မြို့မှ တရုတ်နိုင်ငံသို့ ပို့ဆောင်သူမှာ ဦးသန်းဝင်းဖြစ်ကြောင်း၊ ဦးညွန့်ရွှေပါ ၉ ဦးတို့၏ လုပ်အားများကိုအပြည့်အဝမပေးဘဲ ဖြတ်တောက်သူမှာ ဦးသန်းဝင်းဖြစ်ကြောင်း ပေါ်ပေါက်တွေ့ရှိသည်ဟု** ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စိစစ်သုံးသပ်ခဲ့ပါသည်။


တရားခံ မသီတာသည် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၊ ကျောက်တံခါးမြို့နယ်တို့တွင် နေထိုင်သည့် ဦးညွန့်ရွှေ ပါ ၉ ဦးကို မူဆယ်မြို့သို့ အတူလိုက်ပါပို့ဆောင်ပေးခြင်းသာ ပေါ်ပေါက်ပြီး စည်းရုံးခေါ်ဆောင်ခြင်း၊ လုပ်အားခကို ခေါင်းပုံဖြတ်ခြင်းတို့မပေါ်ပေါက်ကြောင်း၊ သို့ဖြစ်ရာ တရားခံ မသီတာသည် ဦးညွန့်ရွှေပါ ၉ ဦးထံမှ လမ်းစရိတ်ငွေကျပ်နှစ်သောင်းရယူခဲ့ခြင်းသည် မိမိ၌ အကျိုးဆောင်လိုင်စင်မရှိဘဲ ဝန်ဆောင်ခရယူခဲ့ကြောင်း သုံးသပ်၍ တောင်ငူခရိုင်တရားရုံးက မသီတာအပေါ် စွဲချက်တင်ထားသည့် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေပုဒ်မ-၂၆ အရ အလုပ်နှင့် ထောင်ဒဏ်နှစ်နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်မှုမရှိဟုလည်းကောင်း၊ တရားမျှတမှု လွန်စွာလွဲမှားသည်ဟုလည်းကောင်း ဆိုနိုင်မည်မဟုတ်ကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆင်ခြင်သုံးသပ်ခဲ့ပါသည်။

တရားခံသည် မူလခရိုင်တရားရုံးက ချမှတ်ခဲ့သည့် ပြစ်ဒဏ်နှင့်စပ်လျဉ်း၍ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် ထောင်မှလွတ်မြောက်ရမည်ဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်မှ စွဲချက်အမိန့်ကို ပြင်ဆင်ချမှတ်ခဲ့သဖြင့် ထောင်ကျခံရမည့်နေ့ရက်များ ကျော်လွန်ပြီး အကျဉ်းထောင်မှ အမှုရင်ဆိုင်နေရကြောင်း နေ့စဉ်မှတ်တမ်းဖော်ပြချက်များအရ တွေ့ရှိရကြောင်း၊ ထို့ပြင် ပြစ်ဒဏ်ကျခံနေရသူများကို ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၁ ခုနှစ်အတွင်း နိုင်ငံတော်မှလည်း လွတ်ငြိမ်းချမ်းသာခွင့် အမိန့်သုံးကြိမ် ထုတ်ပြန်ပေးပြီးဖြစ်ရာ တရားခံအနေဖြင့် အဆိုပါအခွင့်အရေးများကို ခံစားခွင့်မရရှိကြောင်းကိုလည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စိစစ်ဖော်ထုတ်ခဲ့ပါသည်။


မောင်စိုးသိန်းပါ ၅ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု ၁၉၅၄ ခုနှစ်၊ မ. တ. စ (တရားလွှတ်တော်)စာ-၃၁၆ တွင် **"မလိုဘဲလည်း အမှုကိုပြန်လည်စစ်ဆေးခြင်းမပြုအပ်၊ ပြန်လည်စစ်ဆေးခြင်းဖြင့် ကြန့်ကြာစေတတ်သည်။ သက်သေများကို ရှာဖွေခေါ်ယူရန် မလွယ်ဖြစ်တတ်သည်၊ တရားစံများအဖို့ အခါခါစစ်ဆေးခံရသဖြင့် နစ်နာတတ်သည်။ ထို့ကြောင့် မလွဲမရှောင်မှသာလျှင် အမှုကို ပြန်လည်စစ်ဆေးအပ်သည်။ အထက်ရုံးက အမှားကိုပြင်ဆင်၍ အပြီးအပြတ်ဆုံးဖြတ်နိုင်သမျှ ဆောင်ရွက်ပေးအပ်သည်"**ဟူ၍ ထုံးဖွဲ့ညွှန်ပြထားသည်ကို ရည်ညွှန်းကိုးကားခဲ့ပါသည်။

တရားရုံး၏ ပြင်ဆင်မှုအာဏာသည် ကျယ်ပြန့်သည်မှာ မှန်သော်လည်း ပြဋ္ဌာန်းသတ်မှတ်ထားသည့် ဥပဒေဘောင်အတွင်းမှ မျှမျှတတချင့်ချိန်၍ ဥပဒေနှင့်အညီ ကျင့်သုံးရန်ဖြစ်သည်။ မူလရုံးက တရားခံအပေါ် ပြစ်မှုပြစ်ဒဏ်စီရင်ပြီးသည့်အခါမှ မူလပြစ်မှုထက် ပိုမိုကြီးလေးသော ပြစ်မှုပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုဖြင့် စွဲချက်တင်စစ်ဆေးပေးပါရန် ပြင်ဆင်မှုလျှောက်ထားချက်အပေါ် ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်အနေဖြင့် ပြင်ဆင်မှုကိုခွင့်ပြု၍ မူလခရိုင်တရားရုံးက ပြစ်မှုပြစ်ဒဏ်ထင်ရှားစီရင်သောအမိန့်ကိုပယ်ဖျက်ပြီး တရားခံအပေါ် ပိုမိုကြီးလေးသော ပြစ်မှုပြစ်ဒဏ်ထိုက်သင့်စေနိုင်သည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ-၂၅ အရ စွဲချက်တင်ပြန်လည်စစ်ဆေးစီရင်ရန် အမိန့်ချမှတ်ခဲ့ခြင်းသည် အထက်တွင်သုံးသပ်တွေ့ရှိချက်များအရ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မျှတမှန်ကန်သည်ဟု မဆိုနိုင်သဖြင့် ဝင်ရောက်စွက်ဖက်ပြင်ဆင်ရန်ဖြစ်ကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

ထို့ကြောင့် ရာဇဝတ်ပြင်ဆင်မှုနှစ်ခုလုံးကို ခွင့်ပြုပြီး တောင်ငူခရိုင်တရားရုံး၏ တရားခံ မသီတာအပေါ် ပြစ်မှုပြစ်ဒဏ်ထင်ရှားစီရင်ခဲ့သည့်အမိန့်ကို ပယ်ဖျက်ကာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ-၂၅ အရ စွဲချက်တင်၍ အမှုကို ပြန်လည်စစ်ဆေးစီရင်ဆုံးဖြတ်ရန်အမိန့်ချမှတ်ခဲ့သည့် ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်ကို ပယ်ဖျက်လိုက်ပါသည်။ တောင်ငူခရိုင်တရားရုံးက တရားခံ မသီတာအပေါ် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေပုဒ်မ-၂၆ အရ အလုပ်နှင့်ထောင်ဒဏ်နှစ်နှစ်ကျခံစေရန် ချမှတ်သည့်အမိန့်ကို ပြန်လည်အတည်ပြုလိုက်ပါသည်။ မသီတာနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ်-၈၂(ခ) နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မသီတာ ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ်-၁(က)တို့ကို ရည်ညွှန်းကိုးကားဖော်ပြလိုက်ပါသည်။



# ဖျာပုံမြို့နယ်တွင် မြေပဲဆန်တစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀ ထိ ဈေးကောင်းရရှိလာ



**ဖျာပုံ အောက်တိုဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်တွင် မြေပဲဆန်တစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀ ထိ ဈေးကောင်းရရှိလာကြောင်း ဖျာပုံမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပိုင်ရှင် ဒေါ်အေးစန္ဒာက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်တွင် ပြီးခဲ့သည့် ဩဂုတ်လနှင့် စက်တင်ဘာလက မြေပဲဆန်တစ်ပိဿာလျှင် ငွေကျပ် ၇၂၀၀ ထိသာဈေးရှိခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ယနေ့ထိ မြေပဲဆန် တစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ အဆိုပါဒေသတွင် အရောင်းအဝယ်ဖြစ်နေသည့် မြေပဲဆန်များသည် နွေမြေပဲဆန် လက်ကျန်အဟောင်းများဖြစ်ကြောင်း သိရသည်။

"လက်ရှိ ဖျာပုံပဲဈေးကွက်ထဲကို ဒေသမြေပဲဆန်တွေအပြင် အခြားဒေသက နွေမြေပဲဆန်တွေပါ ဝင်ရောက်နေပါတယ်။ လက်ရှိ ဖျာပုံမှာ နွေမြေပဲတွေ အရောင်းအဝယ်ဖြစ်နေပါတယ်။ မြေပဲဆီတွေထုတ်လုပ်မှုအားကောင်းလာတာကြောင့် မြေပဲဆန်ဈေးကောင်းလာတာပါ။ ဘာကြောင့်လဲဆိုတော့ လာမဲ့ ဒီဇင်ဘာလဆန်းလောက်မှာ မြေပဲသစ်တွေ ထပ်ပေါ်လာမှာကြောင့်ပါ။ လာမဲ့ မိုးမြေပဲအသစ်တွေ မပေါ်သေးတဲ့အချိန်ထိ မြေပဲဆန်ဈေးက ကောင်းနေဖို့သာရှိပါတယ်။ အခုနှစ် မြေပဲဆန်တွေဈေးက ကောင်းနေတဲ့အခါကျတော့ တောင်သူတွေက အမိကအဆင်ပြေနေသလို လုပ်သားတွေနဲ့ ကုန်သည်တွေလဲ အဆင်ပြေလာတာတွေ့ပါတယ်"ဟု ဖျာပုံမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပိုင်ရှင် ဒေါ်အေးစန္ဒာက ပြောပြသည်။

ဖျာပုံမြို့နယ်တွင် လက်ရှိ မြေပဲဆုံဆီအစစ်တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါဒေသထွက် မြေပဲဆီနှင့် မြေပဲဆန်များကို ဖျာပုံမြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ထုတ်လုပ်တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ မြေပဲဆီများ၊ မြေပဲဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် အသေးစားဆီကြိတ်ခွဲသည့်လုပ်ငန်းများလည်း ပြန်လည်လည်ပတ်လုပ်ကိုင်လာနိုင်ခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သန်လျင်မြို့နယ် သပြေကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**သန်လျင် အောက်တိုဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သပြေကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးကျော်သူကိုကို၊ သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်မြတ်မော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက သပြေကုန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ)ဦးကျော်သူကိုကိုက ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

အဆိုပါ သပြေကုန်းကျေးရွာတွင် အကျယ် လေးလက်မ၊ အနက်ပေ ၆၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ အမြင့်ပေ ၂၀ ရှိ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေကျပ် ၃၃ ဒသမ ၇၄၅ သန်းဖြင့် ဘရှုနိုးမားစ်ကုမ္ပဏီက စက်တင်ဘာလပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၇၂၆ အိမ်၊ လူဦးရေ ၂၅၆၀ နှင့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် သောက်သုံးရေအခက်အခဲများ အဆင်ပြေသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၄၈၇၃၆ ဧက စိုက်ပျိုးပြီးစီး

**တမူး အောက်တိုဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၄၈၇၃၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၄၉၄၇၂ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၈၇၃၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"တမူးခရိုင်မှာ ဒီနှစ် မိုးစပါးဧက ၄၉၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လက်ရှိအချိန်ထိတော့ မိုးစပါးဧက ၃၈၀၀၀ ကျော်ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေကို အသိပညာပေးနေပါတယ်။ အချိန်မီ စိုက်ပျိုးကြဖို့၊ အထွက်နှုန်းကောင်းဖို့၊ စိုက်နည်းစနစ်တွေမှန်ကန်ဖို့ ဆောင်ရွက်ပေးပါတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။



ယခင်နှစ်က မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

တမူးခရိုင်တွင် မြို့နယ်အလိုက် မိုးစပါး စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ၁၂၈၆၁ ဧက၊ တမူးမြို့နယ်တွင် ၁၄၈၀၇ ဧကနှင့် ခါမ်းပါတ်မြို့နယ်တွင် ၂၁၀၆၈ ဧက စုစုပေါင်း ၄၈၇၃၆ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ၁၂၈၆၁ ဧက၊ တမူးမြို့နယ်တွင် ၁၅၅၇၆ ဧက၊ ခါမ်းပါတ်မြို့နယ်တွင် ၂၁၀၃၅ ဧက စုစုပေါင်း ၄၉၄၇၂ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် တမူးခရိုင်အတွင်း မိုးစပါးစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးရန်၊ အထွက်နှုန်းကောင်းမျိုးများ စိုက်ပျိုးရန်နှင့် သဘာဝမြေဩဇာများ သုံးစွဲတတ်လာရေး နည်းပညာများကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# တန့်ယန်းမြို့နယ် ပိန်းမုံကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တန့်ယန်း အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာဖြစ်သည့် နားဟုတ်ကျေးရွာအုပ်စု ပိန်းမုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မနွယ်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိသားစုစားဝတ်နေရေး အခက်အခဲများလျော့နည်းစေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပိန်းမုံကျေးရွာရှိ အသင်းသား၊ အသင်းသူများကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးကို စီမံကိန်းရန်ပုံငွေကျပ်သိန်း ၄၄၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သူသူ**



# သံတွဲမြို့နယ် ရွှေလှေကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**သံတွဲ အောက်တိုဘာ ၂၄**

ရခိုင်ပြည်နယ် သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ရွှေလှေကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတွဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သိန်းထွန်း၊ သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းသန်းဇော်နှင့် တာဝန်ရှိသူများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ရွှေလှေကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးအောင်သိန်းထွန်းက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ရွှေလှေကျေးရွာတွင် အရှည်ပေ ၂၆၆၀၊ အကျယ် ၁၄ ပေ၊ အမြင့် ခုနစ်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၄၅ ဒသမ ၁၁၁ သန်းဖြင့် တင်ဒါအောင်မြင်သည့် စောဝတီကုမ္ပဏီက ယခုနှစ် ဩဂုတ်လပထမပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ရွှေလှေကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်၍ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းသန်းဇော်က ပြောပြ၍ သိရသည်။

**မြိုးထက်အောင်(ပျော်ဘွယ်)**

# မိုးခေါင်ခြင်း၏ အကျိုးသက်ရောက်မှု

မေဇင်ထွန်း

ကမ္ဘာတစ်ဝန်းရှိ အချို့သောမြို့ကြီးများတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားနေချိန် အချို့သောမြို့ကြီးများတွင် မိုးရွာသွန်းမှု မရှိသဖြင့် မိုးခေါင်ခြင်းများလည်း တစ်ချိန်တည်း တစ်ပြိုင်တည်း ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရှိရသည်။ ဤသည်မှာ ကမ္ဘာကြီးပျက်စီးယိုယွင်းလာမှုကိုပြသနေသောဖြစ်စဉ်များပင်ဖြစ်ပေသည်။ ယခုကဲ့သို့ မိုးနှောင်းမိုးလွန်ကာလ၌ မိုးရွာသွန်းမှုများပြားသဖြင့် ရေကြီးရေလျှံမှုများဖြစ်ပွားနေရသကဲ့သို့ တစ်ဖက်တွင်လည်း မိုးရွာသွန်းရမည့်အချိန် မိုးရွာသွန်းမှုမရှိသည့်အတွက် မိုးခေါင်ရေရှားမှုများဖြစ်ကာ စီးပွားရေးလုပ်ငန်းများ ဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများတွင် ထိခိုက်ပျက်စီးမှု တွေ့ကြုံကြရသည်။ ထို့ပြင် အပူချိန်မြင့်တက်လာခြင်းကြောင့် မိုးခေါင်ရေရှားမှုသည် ရှေးယခင်ကထက် ပိုမိုအဖြစ်များလာခြင်းနှင့်အတူ ပြင်းထန်သောအကျိုးသက်ရောက်မှုများလည်း ရှိလာသည်။ မိုးခေါင်မှုသည် သီးနှံများဖြစ်ထွန်းမှုကို လျော့နည်းလာစေပြီး သီးနှံအထွက်နှုန်းနည်းလာသဖြင့် ပြည်သူများ၏ အစားအစာလိုအပ်ချက်ကို ပြည့်ဝအောင် မဖြည့်ဆည်းနိုင်ဖြစ်လာကာ အငတ်ဘေးများနှင့် ကလေးသူငယ်များတွင် အာဟာရချို့တဲ့မှုများကို ဖြစ်စေသည်။

မိုးခေါင်မှုသည် ကျွန်ုပ်တို့၏လူမှုအသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သည်။ ရေသည် ကျွန်ုပ်တို့၏လုပ်ငန်းဆောင်တာများစွာကို ဆောင်ရွက်သည့်အခါတွင် အရေးကြီးသောအစိတ်အပိုင်းတစ်ခုအနေဖြင့် ပါဝင်ပတ်သက်နေပါသည်။ လူသားများအပါအဝင် တိရစ္ဆာန်များနှင့် အပင်များရှင်သန်ရေးအတွက် ရေသည် အဓိကနေရာမှပါဝင်နေသကဲ့သို့ ကျွန်ုပ်တို့စားသောအစားအစာများ ကြီးထွားရန်နှင့် ပန်းကန်ဆေးခြင်း၊ ချက်ပြုတ်ခြင်း၊ ရေချိုးခြင်း၊ စိုက်ပျိုးခြင်း စသောမတူညီသည့်လုပ်ငန်းစဉ်များတွင်လည်း ရေလိုအပ်သည်။ ထို့ပြင် ကျွန်ုပ်တို့၏နေအိမ်များတွင်အသုံးပြုသည့် လျှပ်စစ်ဓာတ်အားရရှိစေရန် ဆောင်ရွက်ရာတွင်လည်း ရေကိုအသုံးပြုသည်။ မိုးခေါင်မှုကြောင့် ဤလုပ်ငန်းများအတွက် ရေအလုံအလောက်မရှိသောအခါ လူသားများနှင့်သဘာဝပတ်ဝန်းကျင်တွင် ထိခိုက်ပျက်စီးမှုများနှင့် ရင်ဆိုင်ရပါတော့သည်။ မိုးခေါင်ရေရှားခြင်းသည် မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် ဖြစ်လာခြင်းဖြစ်ပြီး အဆိုးရွားဆုံးမှာ ရေပြတ်လပ်မှုကိုဖြစ်စေသည်။ အထူးသဖြင့် မိုးရွာသွန်းမှုနည်းပါးခြင်းနှင့် အပူချိန်မြင့်မားခြင်းတို့ကြောင့် ပုံမှန်မဟုတ်သည့် ခြောက်သွေ့သောရာသီဥတုကို ဖြစ်ပေါ်စေသည်။ မြေဆီလွှာတွင်လည်း အစိုဓာတ်မရှိခြင်းကြောင့် ကောက်ပဲသီးနှံများ ဖြစ်ထွန်းမှုမရှိသည့်အတွက် လယ်ယာစိုက်ပျိုးရေးအပေါ် အကျိုးသက်ရောက်မှုဖြစ်စေပြီး အစားအစာများ စိုက်ပျိုးဖြစ်ထွန်းမှုမရှိသောကြောင့် အစာရေစာပြတ်လပ်မှုနှင့် အစာငတ်မွတ်မှုကဲ့သို့သော ကပ်ဘေးများဖြစ်လာရသည်။

ယနေ့ကမ္ဘာတွင် ငလျင် သို့မဟုတ် ဟာရီကိန်းမုန်တိုင်းများကဲ့သို့ သဘာဝဘေးဖြစ်စဉ်များသည် ပို၍အဖြစ်များလာပြီး ရုတ်တရက်ဖြစ်သည့် အခြားပြင်းထန်သော ရာသီဥတုဖြစ်ရပ်များလည်း ဖြစ်ပွားလျက်ရှိသည်။ ထိုသဘာဝဘေးများထဲတွင် မိုးခေါင်မှုသည်လည်း အပါအဝင်ပင်ဖြစ်ပေသည်။ မိုးခေါင်ရေရှားမှုသည် လွန်ခဲ့သောနှစ်ပေါင်း ၄၀ အတွင်း အခြားသဘာဝဘေးအန္တရာယ်များထက် လူများကို ပိုမိုထိခိုက်စေခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ မိုးခေါင်ရေရှားမှု၏ပြင်းထန်ခြင်းသည် အချိန်နှင့်အမျှ ပိုဆိုးလာသည်ကိုတွေ့ရပြီး မိုးခေါင်မှု ကြာချိန်သည် ရက်သတ္တပတ်များ၊ လများ သို့မဟုတ် နှစ်များထိ ကြာရှည်လာပြီး တစ်ခါတစ်ရံတွင် ဆယ်စုနှစ်များစွာ ကြာရှည်သည်ထိ ဆိုးရွားလာသည်ကို တွေ့ရသည်။

မိုးခေါင်ရေရှားမှု၏ သက်ရောက်မှုများစွာသည် စီးပွားရေး၊ ပတ်ဝန်းကျင်နှင့် လူမှုရေးသက်ရောက်မှုများတွင် ထိခိုက်မှုဖြစ်စေပြီး မိုးခေါင်ရေရှားမှုအခြေအနေများကို တုံ့ပြန်ဆောင်ရွက်ရာ၌ အဆိုပါ ထိခိုက်မှုများကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။



မိုးခေါင်မှု၏စီးပွားရေးဆိုင်ရာသက်ရောက်မှုများမှာ လူသားတို့နှင့် စီးပွားရေးလုပ်ငန်းများကိုငွေကြေးကုန်ကျများစေခြင်းပင်ဖြစ်သည်။ ငွေကုန်ကြေးကျများရခြင်းမှာ မိုးခေါင်လျှင် လယ်သမားများ စိုက်ပျိုးသည့် ကောက်ပဲသီးနှံများ ရေမရသဖြင့် ပျက်စီးဆုံးရှုံးပြီးနောက် အရှုံးပေါ်ကာ ငွေများဆုံးရှုံးရခြင်း၊ စိုက်ပျိုးရေးအတွက် ရေပေးဝေမှုနည်းလွန်းလာလျှင် လိုအပ်သောရေရရှိအောင် လယ်သမားသည် ဆည်မြောင်းများ၊ ရေတွင်းများကို ကိုယ်တိုင်တူးဖော်ရသည့်အတွက် ငွေပိုမိုသုံးစွဲရခြင်း၊ မွေးမြူထားသောတိရစ္ဆာန်များအတွက် အစာနှင့်ရေရှားပါးသဖြင့် ငွေကြေးပိုမိုသုံးစွဲရခြင်းများကြောင့် ငွေကုန်ကြေးကျများလာရခြင်းဖြစ်သည်။ လယ်ထွန်စက်များနှင့် အစားအစာများထုတ်လုပ်သည့်ကုမ္ပဏီများကဲ့သို့ လယ်ယာလုပ်ငန်းအပေါ် မှီခိုနေသော စီးပွားရေးလုပ်ငန်းများသည် မိုးခေါင်ရေရှားမှုကြောင့် ကောက်ပဲသီးနှံများ မဖြစ်ထွန်းမှု၊ အစာရေစာရှားပါးမှုတို့ကြောင့် တိရစ္ဆာန်များသေကျေပျက်စီးသည့်အခါ ထိုလုပ်ငန်းများ အရှုံးနှင့်ရင်ဆိုင်ရနိုင်သည်။

မိုးခေါင်သည့်အခါတွင် ရာသီဥတုခြောက်သွေ့ပြီး တောမီးများလောင်ကျွမ်းမှုကို ဖြစ်စေတတ်သဖြင့် တောမီးသည် သစ်တောအတွင်းရှိ သစ်ပင်များကို ဖျက်ဆီးပစ်လိုက်သောအခါ သစ်လုပ်ငန်းလုပ်ကိုင်ကြသူများ၌ ထိခိုက်ဆုံးရှုံးမှုများဖြစ်စေသည်။ ထို့ပြင် မိုးခေါင်ရေရှားမှုကြောင့် ရေကန်များ၊ မြေအောက်ရေများနှင့် အခြားရေအရင်းအမြစ်များ ခန်းခြောက်သွားသောကြောင့် လှေများနှင့် ငါးဖမ်းကိရိယာများ ရောင်းချသည့်လုပ်ငန်းများသည်လည်း ၎င်းတို့၏ ကုန်ပစ္စည်းများကို ရောင်းချနိုင်တော့မည်မဟုတ်တော့သည့်အတွက် ထိုလုပ်ငန်းများတွင်လည်း ထိခိုက်မှုရှိသည်။ ထို့ပြင် ပုံမှန်အားဖြင့် ရေအားမှလျှပ်စစ်ဓာတ်အားကို အဓိကထားထုတ်လုပ်သဖြင့် မိုးခေါင်ရေရှားမှုသည် ရေအားလျှပ်စစ်ထုတ်လုပ်မှုကို ထိခိုက်စေသည့်အပြင် ရေများရှားပါးသည့်အခါ အခြားသောရုပ်ကြွင်းလောင်စာအရင်းအမြစ်များတွင် ငွေကြေးပိုမိုသုံးစွဲရပေမည်ဖြစ်သည်။ ထိုအခါရုပ်ကြွင်းလောင်စာများမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရသည့်အခါ ကုန်ကျစရိတ်ပိုမိုကြီးမြင့်သောကြောင့် မီတာခများကို ပိုမိုပေးဆောင်ကြရမည်ဖြစ်သည်။

ကုန်သွယ်ရေးတွင်လည်း ကုန်းကြောင်း၊ လေကြောင်းနှင့် ရေကြောင်းများဖြင့် အမျိုးမျိုးကုန်သွယ်ကြရာ ရေကြောင်းမှ ကုန်သွယ်ရေးလုပ်ငန်းများဆောင်ရွက်ရခြင်းသည် ကုန်ကျစရိတ်များစွာသက်သာစေသော်လည်း မိုးခေါင်ပြီးရေခန်းခြောက်မှုကြောင့် သင်္ဘောများ၊ လှေများသည် ချောင်းများ၊ မြစ်များနှင့် ပင်လယ်များအတွင်း သွားလာရာတွင် အခက်အခဲရှိနိုင်သည်။ ထို့ကြောင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ကုန်ကျစရိတ်ပိုမိုကြီးမြင့်လာနိုင်ပြီး ရေကြောင်းသယ်ယူပို့ဆောင်ရေးအပေါ် အဓိကမူတည်ကာ စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ကြသူများ၌ ထိခိုက်စေနိုင်သည်။

မိုးခေါင်ခြင်းသည် စီးပွားရေးကိုသာမက ပတ်ဝန်းကျင်ကိုလည်း ထိခိုက်စေသည်။ အပင်များနှင့်တိရစ္ဆာန်များ အသက်ရှင်သန်ရေးအတွက် ရေရရှိမှုပေါ်တွင် မှီခိုနေရသည်။ မိုးခေါင်သောအခါတွင် မြေဆီလွှာရှိ မြေဆီမြေသြဇာများခန်းခြောက်လာပြီး အပင်တို့၏ ရေသောက်မြစ်များမှ အစာရေစာပံ့ပိုးမှုလျော့နည်းလာသည့်အခါ အပင်များပျက်စီးခြင်းကိုဖြစ်စေနိုင်သည်။ တစ်ခါတစ်ရံတွင် အပင်များ ညှိုးနွမ်းမှုသည် ရေမရသဖြင့် ယာယီမျှသာ ညှိုးနွမ်းခြောက်သွေ့သွားတတ်ပြီး ၎င်းတို့အမြစ်များသို့ ရေသောက်မြစ်များမှ စားနပ်ရိက္ခာပံ့ပိုးမှုများ ရရှိသွားသည့်အခါ ပုံမှန်အတိုင်း ပြန်လည်ရှင်သန်စိမ်းလန်းသွားတတ်ပါသည်။ သို့သော်လည်း တစ်ခါတစ်ရံတွင် မိုးခေါင်ရေရှားမှုဖြစ်ချိန်ကြာမြင့်သည့်အခါ အပင်များလုံးဝခြောက်သွေ့သေကျေပျက်စီးသွားသည်။

မိုးခေါင်မှုကြောင့်ဖြစ်သော ထိခိုက်မှုများကို သာဓကပြရလျှင် ကုန်းနေ၊ ရေနေတောရိုင်းတိရစ္ဆာန်များ၏ နေထိုင်ရာ စားကျက်မြေများ ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်း၊ တောရိုင်းတိရစ္ဆာန်များအတွက် အစာနှင့် သောက်သုံးရေရှားပါးသဖြင့် အာဟာရချို့တဲ့သေဆုံးခြင်း၊ အစာနှင့်ရေ ပံ့ပိုးမှုလျော့နည်းခြင်းကြောင့် တောရိုင်းတိရစ္ဆာန်များတွင် ရောဂါများတိုးလာခြင်း၊ တောရိုင်းတိရစ္ဆာန်များ၏ နေထိုင်ရာနေရာများ ရွှေ့ပြောင်းကုန်ခြင်း၊ မျိုးသုဉ်းလုနီးပါး မျိုးစိတ်များနှင့် မျိုးသုဉ်းပျောက်ကွယ်သွားသော တိရစ္ဆာန်အရေအတွက်များတိုးလာခြင်း၊ ရေလှောင်ကန်များ၊ ချောင်းများ၊ မြောင်းများရှိ ရေမျက်နှာပြင်များနိမ့်ကျလာခြင်း၊ ရေတိမ်ဒေသများ ဆုံးရှုံးခြင်း၊ တောမီးလောင်ကျွမ်းမှုများတိုးလာခြင်း၊ ခြောက်သွေ့သောလေများတိုက်၍ ကောင်းမွန်များမြေဆီလွှာများ ဆုံးရှုံးရခြင်းနှင့် မြေဆီလွှာအရည်အသွေးများ ညံ့လာခြင်းတို့သည် မိုးခေါင်မှုကြောင့် ရေရှားပါးလာသည့်အခါ ဖြစ်ပေါ်လာတတ်ပါသည်။

မိုးခေါင်ခြင်းသည် လူတို့၏ကျန်းမာရေးကိုထိခိုက်စေသည့်အပြင် အများပြည်သူ လူနေမှုပုံစံမှာပါ ပြောင်းလဲမှုများကိုဖြစ်စေသည်။ မိုးခေါင်မှုကြောင့် အရှုံးနှင့်ရင်ဆိုင်ခဲ့ရသော စီးပွားရေးလုပ်ငန်းများအတွက် စိုးရိမ်ပူပန်မှုဖြစ်ခြင်းနှင့် စိတ်ဓာတ်ကျခြင်း၊ ချောင်းများ၊ မြောင်းများ၌ ရေစီးဆင်းမှုနည်းခြင်းကြောင့် တိမ်ကောလာခြင်းနှင့် ရေအရည်အသွေးညံ့ခြင်းတို့ကြောင့်ဖြစ်ပေါ်လာသော ကျန်းမာရေးဆိုင်ရာပြဿနာများ၊ လူ့အသက်များဆုံးရှုံးရခြင်း၊ တောမီးများ မကြာခဏလောင်ကျွမ်းခြင်း၊ စီးပွားရေးလုပ်ငန်းများ အဆင်မပြေမှုများကြောင့် ဝင်ငွေများလျော့နည်းလာခြင်း၊ လူသားတို့၏ နေထိုင်ရာနေရာများ ပြောင်းရွှေ့ရခြင်းများသည် မိုးခေါင်ခြင်းကြောင့် ထိခိုက်သွားရသည့် လူမှုရေးဆိုင်ရာသက်ရောက်မှုများပင်ဖြစ်ပါသည်။

မိုးခေါင်ခြင်းသည် လူသားတို့၏လုပ်ဆောင်မှုကြောင့်သာမက သဘာဝအကြောင်းရင်းများကြောင့်လည်းဖြစ်နိုင်သော်လည်း ယနေ့ခေတ်တွင် လူသားများ၏လုပ်ဆောင်ချက်ကြောင့် မိုးခေါင်ရခြင်းက ပိုများလာသည်။ ကမ္ဘာ့အပူချိန်မြင့်တက်လာသည်နှင့်အမျှ မိုးခေါင်ရေရှားမှုသည် ပိုမိုအဖြစ်များလာပြီး သမုဒ္ဒရာအပူချိန်ပြောင်းလဲမှုမှ ဖြစ်ပေါ်လာသော အယ်လ်နီညိုနှင့် လာနီညာရာသီဥတုဖြစ်စဉ်တို့သည် ကမ္ဘာ့နေရာတချို့တွင် မိုးခေါင်ရေရှားမှုကို အဓိကဖြစ်စေနိုင်သော သဘာဝအကြောင်းတရားများဖြစ်သည်။ အယ်လ်နီညိုရာသီဥတုသည် ပစိဖိတ်သမုဒ္ဒရာအတွင်းပျမ်းမျှအပူချိန်ထက် ပိုမိုပူနွေးသော သမုဒ္ဒရာအပူချိန်ကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ပြီး ထိုသို့ဖြစ်သည့်အခါ အမေရိကန်နိုင်ငံ အနောက်တောင်ပိုင်းနှင့် အာဖရိကတောင်ပိုင်းတို့တွင် မိုးခေါင်ရေရှားမှုများ ဖြစ်ပေါ်တတ်သည်။ လာနီညာရာသီဥတုသည် ပစိဖိတ်သမုဒ္ဒရာအတွင်း ပုံမှန်ထက်ပိုအေးသော သမုဒ္ဒရာအပူချိန်ကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ပြီး ထိုဖြစ်စဉ်ကြောင့် ဩစတြေးလျနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် မိုးခေါင်ရေရှားမှု ဖြစ်ပေါ်စေတတ်သည်။

မည်သို့ပင်ဆိုစေကာမူ မိုးခေါင်ရေရှားမှုသည် လူသားတို့အတွက်သာမက တိရစ္ဆာန်များနှင့် ပတ်ဝန်းကျင်အပေါ်တွင်ပါ ဆိုးကျိုးသက်ရောက်မှုများကိုဖြစ်စေသည့်အတွက် မိုးခေါင်မှုမဖြစ်စေရန် လူသားတို့၏ အပြုအမူလုပ်ရပ်များကို ဆင်ခြင်ခြင်းဖြင့် မိုးခေါင်ရေရှားမှုဘေးအန္တရာယ်များမှ ကင်းဝေးကြစေရန် ရေးသားလိုက်ရပါသည်။

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို) ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁-၂၀၂၄ ရက်နေ့တွင် အသက် ၁၆ နှစ် အောက်မငယ်ရ၊ ၁၉ နှစ် ၆ လ ထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒ နှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၃)လက်မ၊ ကိုယ်အလေးချိန် ပေါင် (၁၀၀) ထက်မနည်းရ၊ ပေါင် (၁၄၀) ထက်မကျော်ရ။

(င) မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www. myawady.net.mm/nurse(male)) တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၈-၁၀-၂၀၂၃ ရက်နေ့မှစ၍ ၁၈-၁၁-၂၀၂၃ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်း ရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၂-၁၂-၂၀၂၃ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၂-၁၂-၂၀၂၃ ရက်နေ့မှ ၁၈-၁၂-၂၀၂၃ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု (Nurse) နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့ (Master of Science) နှင့် ပါရဂူဘွဲ့ (Ph.D)သင်တန်းများတက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု (Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း)အမှုထမ်းသက်(၁)နှစ်၊အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ်ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ(ဒုတိယတန်း))အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသူအမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို) ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁-၂၀၂၄ ရက်နေ့တွင် အသက် ၁၆ နှစ် အောက်မငယ်ရ၊ ၁၉ နှစ် ၆ လ ထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒ နှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၃)လက်မ၊ ကိုယ်အလေးချိန် ပေါင် (၁၀၀) ထက်မနည်းရ၊ ပေါင် (၁၃၀) ထက်မကျော်ရ။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www. myawady.net.mm/nurse(male)) တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၈-၁၀-၂၀၂၃ ရက်နေ့မှစ၍ ၁၈-၁၁-၂၀၂၃ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်း ရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၂-၁၂-၂၀၂၃ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၂-၁၂-၂၀၂၃ ရက်နေ့မှ ၁၈-၁၂-၂၀၂၃ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု (Nurse) နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့ (Master of Science) နှင့် ပါရဂူဘွဲ့ (Ph.D)သင်တန်းများတက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု (Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း)အမှုထမ်းသက်(၁)နှစ်၊အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ်ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ(ဒုတိယတန်း))အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။







## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းမြို့၊ မိုးဇာရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၄/က)အကွက်အမည် မိုးဇာကွင်း၊ ဦးပိုင်အမှတ်(၁၀/က)၊ ဧရိယာ (၀.၀၄၀)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ်-၁၀/ခ
(ခ) အနောက်လားသော် - ဦးပိုင်အမှတ်-၅/ယ
(ဂ) တောင်လားသော် - လမ်း
(ဃ) မြောက်လားသော် - လမ်း

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဒေါ်ပပဝင်း** မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၃ခုနှစ်၊ နိုဝင်ဘာလ (၁၉)ရက်နေ့** မတိုင်မီ ဆိုင်ရာစာချုပ်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ စစ်ကိုင်းမြို့။**

## ပျောက်ဆုံးကြောင်း

မြင်းခြံမြို့နယ်၊ စံပြကျေးရွာနေ မောင်တင်လင်းထွန်း (ဘ) ဦးမင်းကြည် (၉/မခန(နိုင်)၂၂၁၆၈၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-343585) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၇၈၆၇၈၅၂၄၀**

## ပျောက်ဆုံးကြောင်း

မြင်းခြံမြို့နယ်၊ စံပြကျေးရွာနေ မောင်တင်လင်းနိုင် (ဘ) ဦးမင်းကြည် (၉/မခန(နိုင်)၂၈၂၀၉၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-082848) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၆၆၉၂၀၂၅၄၅**

## ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အထက(ခွဲ) ရဲဘော်လေးကျောင်းမှ Grade-10 တန်းတွင် ပညာသင်ကြားနေသော မကြယ်စင်သော် ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအိုက်ဆော ဖြစ်ပါကြောင်း။

**ဦးအိုက်ဆော(၁၃/ကမန(နိုင်)၀၆၄၉၉၇)**

## ပျောက်ဆုံးကြောင်း

မြင်းခြံမြို့နယ်၊ စံပြကျေးရွာနေ မောင်အောင်ချမ်းငြိမ်း (ဘ) ဦးမြင့်သိန်း (၉/မခန(နိုင်)၂၅၂၁၉၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-343583) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၇၅၁၀၉၆၄၉၉**

## ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အထက-သံရွာကျောင်းမှ Grade-10 တန်းတွင် ပညာသင်ကြားနေသော မောင်အောင်ချောခန့် ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဖေမြင့် ဖြစ်ပါကြောင်း။

**ဦးဖေမြင့် (၉/နထက(နိုင်)၀၂၀၂၆၁)**

## ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အထက(ခွဲ)ဒွေးလှကျောင်းမှ Grade-9 တန်းတွင် ပညာသင်ကြားနေသော မခိုင်သဇင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးထွန်းသန်း ဖြစ်ပါကြောင်း။

**ဦးထွန်းသန်း (၉/တတဥ(နိုင်)၀၈၄၁၄၄)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၄)၊ ဇ-၆ နေ ဦးသန်းထွန်း-ဒေါ်ဇန်(ခ)ဒေါ်ခင်မ တို့၏သား **မောင်သန်းထွန်းအောင်(ခ)ကျော်ထွန်း (၉/ ခမစ(နိုင်) ၀၉၈၄၃၄)** သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးသန်းထွန်း (၉/ မရတ(နိုင်)၀၉၈၂၂၄)**
**ဒေါ်ဇန်(ခ)ဒေါ်ခင်မ (၉/ မရတ(နိုင်)၀၉၈၂၂၃)**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတောင်ခြေ (ခ/၄၁၆)၊ ဥပုဒ်တော်ရပ်နေ ဦးသီဟနိုင်(ဘ)ဦးဝင်းနိုင်(၉/အမဇ(နိုင်)၀၇၂၀၀၃)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

တောင်ငူမြို့၊ အမှတ်(၇)ရပ်ကွက်နေထိုင်သူ ဒေါ်လဲ့ရည်ထွန်း(ဘ)ဦးထွန်းထွန်း နှင့် ယခုလွှဲအပ်ညွှန်ကြားသူ ဦးသီဟနိုင် တို့မှာ လွန်ခဲ့သည့်(၈)လခန့်က သမီးရည်းစားများဖြစ်ခဲ့ကြပြီးနောက် (၂၂-၉-၂၀၂၃)ရက်နေ့က ဒေါ်လဲ့ရည်ထွန်း မှ ဦးသီဟနိုင် နှင့် လုံးဝပတ်သက်မှုမရှိတော့ကြောင်း အဆိုပါရက်စွဲဖြင့် နှစ်ဦးသဘောတူ စာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ဒေါ်လဲ့ရည်ထွန်း နှင့် ယခုလွှဲအပ်ညွှန်ကြားသူ ဦးသီဟနိုင် တို့မှာ (၂၂-၉-၂၀၂၃)ရက်နေ့ကတည်းကမည်သည့်အကြောင်းနှင့်မျှ ပတ်သက်မှုမရှိတော့ပါသဖြင့် ဒေါ်လဲ့ရည်ထွန်း နှင့်ပတ်သက်သည့် ငွေရေး၊ကြေးရေး၊လူမှုရေးကိစ္စရပ်အဝဝတို့အား ဦးသီဟနိုင် နှင့် သက်ဆိုင်ခြင်းလုံးဝမရှိတော့ဘဲ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ဦးသီဟနိုင် နှင့်ပတ်သက်ပြီး ဒေါ်လဲ့ရည်ထွန်း မှ ဂုဏ်သိက္ခာထိခိုက်အောင် ပြုလုပ်ခဲ့မည်ဆိုပါကလည်း ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်သူ | လွှဲအပ်ချက်အရ | |
|---|---|---|
| ဦးသီဟနိုင် | ဒေါ်ယမင်းနွယ် (LL.B) | ဒေါ်မြင့်မြင့်သိန်း(LL.B) |
| (ဘ) | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ၊ (စဉ်-၅၂၂၄၅) |
| ဦးဝင်းနိုင် | (စဉ်-၁၅၆၃၆)အမှတ်(၃)ရပ်ကွက်၊ | အမှတ်(၁)၊ နန်းအောင်မြေ |
| | သဲတော၊ ဝမ်းတွင်းမြို့နယ် | သဲတော၊ ဝမ်းတွင်းမြို့နယ် |

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**စာပေမြင့်မှ လူမျိုးတင့်မည်**

❖ နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့သည် အပြန်အလှန်ဆက်စပ်နေ...

❖ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးမရှိသည့်ဒေသများတွင် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်မဟုတ်သကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုမရှိပါကလည်း ငြိမ်းချမ်းရေးသည် ရေရှည်တည်တံ့ခိုင်မြဲမည်မဟုတ်သည်ကို သတိပြုစေလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေ ၅ ရက်တွင် ပြုလုပ်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁/ ၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မထွန်းကားပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။



## ၂၀၂၃ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ ဆက်လက်ကျင်းပ ကျောက်စိမ်းအတွဲ ၇၀၂ တွဲ ရောင်းချနိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၂၄**

၂၀၂၃ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲပဉ္စမနေ့ကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်းပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမရှိ သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ပြပွဲတွင် ကျောက်စိမ်းအတွဲ ၄၀၄၅ တွဲကို နေ့ရက်အလိုက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခြင်းဖြစ်ပြီး **စာမျက်နှာ ၂၁ ကော်လံ ၁** ☆

## အားအလွန်ကောင်းသော "ဟမွန်း" ဆိုင်ကလုန်းမုန်တိုင်း ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ဆက်လက်ရွေ့လျားနိုင်

**နေပြည်တော် အောက်တိုဘာ ၂၄**

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း **(Very Severe Cyclonic Storm)** "ဟမွန်း"**(HAMOON)**သည် အရှေ့-အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ သံတွဲမြို့၏ အနောက်-အနောက်မြောက်ဘက် ရေမိုင် ၂၅၅ မိုင်ခန့်၊

**စာမျက်နှာ ၂၁ ကော်လံ ၁** □

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၄-၁၀-၂၀၂၃

| | | | | |
|---|---|---|---|---|
| မောင်တော | ၂ | ဒသမ | ၈၀ | လက်မ |
| ထီးလင်း | ၂ | ဒသမ | ၆၇ | လက်မ |
| မာန်အောင် | ၂ | ဒသမ | ၅၉ | လက်မ |
| ကျိုက်လတ် | ၁ | ဒသမ | ၉၀ | လက်မ |
| စစ်တွေ | ၁ | ဒသမ | ၈၉ | လက်မ |
| ပေါက်တော | ၁ | ဒသမ | ၇၇ | လက်မ |

Central Hotel
YANGON
အမှတ် - (၃၅၃ ~ ၃၅၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၉၅-၁) ၈၂၄၁၀၀၁ ~ ၈၂၄၁၀၀၇



ကျွမ်းဝင်ဆပ်အခမ်းအနားများ
ငြိမ်းပအစည်းအဝေးပွဲများ
ကုန်ပစ္စည်းမိတ်ဆက်ပွဲများ
နှစ်ပတ်လည် အခမ်းအနားပွဲများအား
ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ
နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်...